http://www.dhammadownload.com



ဓမ္မအသိပြင့် အကျိုးရှိရှိနေမည်

ရှင်ရာဟုလာဇာတ်ဝတ္ထု

နှင့်


မြတ်ဗုဒ္ဓ၏ အဆုံးအမ

အဂ္ဂမဟာပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

သဝဏသောဘနနိဒ္ဒေသဝဏ္ဏနာ ❖ စတုဒ္ဒသဝဿာဘိဝဏ္ဏနာ ❖ ဒဿနဝဿာဘိဝဏ္ဏနာ

http://www.dhammadownload.com

ဓမ္မဒါနကုသိုလ်ရှင်



နတ်လူသာဓုခေါ်စေသော်

ဆောင်ရွက်သူ ပို့ဖိုးမိုးလှိုင်နှင်း
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

ရှင်ရာဟုလာ၏ဘဝ

နှင့်

မြတ်ဗုဒ္ဓ၏အဆုံးအမ

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

http://www.dhammadownload.com

http://www.dhammadownload.com

ကွန်ပျူတာစာစီ

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

ထုတ်ဝေသူ

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

ညွှန်ကြားရေးမှူး ဦးဘဟိန်း

မှတ်ပုံတင်အမှတ်(၀၄၃၇၂၂/၂၀၁၁)က ပုံနှိပ်ထုတ်ဝေသည်။

တရားစာအုပ်များကို
ဓမ္မဒါန အလှူငွေဖြင့် ပုံနှိပ်ဖြန့်ဝေသည်

http://www.dhammadownload.com

http://www.dhammadownload.com

ရှင်ရာဟုလာ၏ဘဝနှင့် မြတ်ဗုဒ္ဓ၏အဆုံးအမ
အပိုင်း(၁)

မှတ်တမ်း

သာသနာတော်နှစ် ၂၅၅၄-ခုနှစ်၊ ကောဇာသင်္ကရာဇ် ၁၃၇၂-ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ မုံရွာမြို့၊ ရွှေစည်းခုံစေတီတော်မြတ်ကြီး၏ မွေ့ာရံအတွင်း ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် မုံရွာမြို့၊ အလယ်ရပ် ဗိုလ်ချုပ်လမ်း၊ ဒေါ်ငြိမ်းမွန်၊ ဒေါ်စုရီ၊ ဒေါ်ဝင်းဝင်းထွေး "ပြည်သူ့မေတ္တာ စတိုး" မိသားစုတို့၏ အမတဒါန၊ ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားအပ်သော **"ရှင်ရာဟုလာ၏ဘဝနှင့် မြတ်ဗုဒ္ဓ၏ အဆုံးအမ၊ အပိုင်း(၁)"** တရားဒေသနာတော်။

တရားချစ်ခင် သူတော်စင် ပရိသတ်အပေါင်းတို့၊ ရှင်ရာဟုလာ ဘယ်သူလဲဆိုတာ အားလုံးသိပြီးသား ဖြစ်တယ်၊ ဗုဒ္ဓမြတ်စွာ သိဒ္ဓတ္ထမင်းသားဘဝက တစ်ဦးတည်းသော သား

http://www.dhammadownload.com

ရတနာဟာ ရာဟုလာဖြစ်တယ်။ ဒါက ထေရဝါဒ ဗုဒ္ဓဘာသာ ကျမ်းဂန်တွေမှာ ဆိုထားတာ။

သို့သော် ဒီအဆိုနဲ့ ပတ်သက်ပြီးတော့ နိုင်ငံခြားက စာရေးဆရာတွေ ရေးထားတာရှိသေးတယ်၊ "ရာဟုလာဆိုတာ သာမန် ရဟန်းတစ်ပါးပဲဖြစ်တယ်၊ မြတ်စွာဘုရားရဲ့ လူ့ဘဝတုန်းက သားတော်ဆိုတာ မဟုတ်နိုင်ဘူး" တဲ့၊ အဲဒီလိုရေးတဲ့စာမျိုးလည်း ရှိတယ်ပေါ့။ အင်္ဂလိပ်လိုရေးတာဆိုတော့ မြန်မာစာဖတ် ပရိသတ် အတွင်းတော့ မရောက်ဘူးပေါ့။ သို့သော် ပဋိကတ်သုံးပုံလာသမျှ စာပေတွေ ကြည့်မယ်ဆိုရင်တော့ ရာဟုလာဆိုတာ နှစ်ပါးမရှိဘူး၊ တစ်ပါးတည်းပဲရှိတယ်။

ရာဟုလာနဲ့ပတ်သက်ပြီး သုတ္တန်တွေ မြတ်စွာဘုရား ဟောထားတာ တော်တော်များများ ရှိတယ်၊ အဲဒီသုတ္တန်တွေကို ဘုန်းကြီးတို့ ဒီကနေ့ပြီးတော့ ပြည့်ပြည့်စုံစုံ (၃)ညတာ အနှစ် သာရထုတ်ပြီး ဟောကြားပေးပါ့မယ်။ **ရာဟုလောဝါဒသုတ်** နာမည်နဲ့ ဟောထားတာရှိသလို **ရာဟုလသုတ်** ဆိုတာတွေလည်း ရှိတယ်။ နောက် သံယုတ္တနိကာယ်ကျမ်းထဲမှာ **ရာဟုလသံယုတ်** ဆိုပြီးတော့ ရှိသေးတယ်။ အဲတော့ ရာဟုလာနဲ့ပတ်သက်ပြီးတော့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ဟာ ဘယ်ပုံ ဆုံးမသြဝါဒ တွေ ပေးခဲ့တယ်ဆိုတာ သိရတယ်၊ အင်မတန်မှ စိတ်ဝင်စားစရာ ကောင်းတယ်ပေါ့။

http://www.dhammadownload.com

မြတ်စွာဘုရားအနေနဲ့က ရာဟုလာဟာ လူ့ဘဝက သားရတနာဖြစ်သည့်အတွက်ကြောင့် ပိုပြီးတော့ ဂရုတစိုက် ဟောတယ်လို့ သာမန်ပုဂ္ဂိုလ်တွေက ဒီလိုထင်ကောင်းထင်ကြလိမ့်မယ်၊ သို့သော် စာပေကျမ်းဂန်မှာ မြတ်စွာဘုရားဟာ မိမိကို လုပ်ကြံသတ်ဖြတ်ဖို့ အကြိမ်ကြိမ်ကြိုးစားတဲ့ ဒေဝဒတ်၊ မားထမ်းပြီးတော့ နောက်ကလိုက်သတ်မယ်လုပ်တဲ့ အင်္ဂုလိမာလ၊ မြတ်စွာဘုရားကို ထိုးသတ်မယ်ဆိုပြီး ရှေးရှူပြေးလာတဲ့ နာဠာဂီရိဆင်၊ သားတော် ရာဟုလာ၊ ဒီလေးဦးအပေါ် တူညီသောစိတ် ထားနိုင်တယ်တဲ့၊ အင်မတန်မှ အံ့သြစရာကောင်းတယ်။

ဘုရားမို့ထားနိုင်တာလို့ သာမန်ပုဂ္ဂိုလ်တွေက စဉ်းစားကောင်း စဉ်းစားလိမ့်မယ်၊ ကိုယ့်အနေနဲ့ စဉ်းစားကြည့်မယ်ဆိုရင် ဘယ်လိုမှ ဒီဟာဖြစ်နိုင်တယ်လို့ မထင်ကြဘူးပေါ့၊ ဘုန်းကြီးတို့ ငယ်ငယ်တုန်းကလည်း စဉ်းစားဖူးတယ်၊ ရန်သူနဲ့ကိုယ့်သားအရင်း ဘယ်လိုတန်းတူ ထားနိုင်တာလဲဆိုတာ စဉ်းစားလို့ သဘောမပေါက်ဘူး။

ဘာဖြစ်လို့ ထားနိုင်တာတုန်းဆိုရင် မထားနိုင်ခြင်းရဲ့ အကြောင်းက ဘာတွေလဲဆိုတာကို အရင်စဉ်းစားကြည့်လိုက်ရင် အဖြေပေါ်ပါတယ်၊ မထားနိုင်တာက လောဘ ဒေါသ မောဟတွေရှိနေရင် မထားနိုင်ဘူး၊ မှန်တယ်၊ လောဘရှိနေတယ် ဆိုလို့ ရှိရင် အစွန်းရောက်တာပဲ၊ ဆန္ဒာဂတိ လိုက်မှာပဲ။

http://www.dhammadownload.com

လောကလူသားတွေဟာ တည့်တည့်မတ်မတ်ထားရမယ့် လမ်းကြောင်းက သွေဖီသွားတာ ဘာကြောင့်တုန်းဆိုရင် လောဘ မကင်းလို့၊ ကိုယ်ခင်မင်နှစ်သက်တဲ့ပုဂ္ဂိုလ်၊ ကိုယ်နဲ့ရင်းနှီးတဲ့ပုဂ္ဂိုလ် ဆိုလို့ရှိရင် အနည်းဆုံး လျော့လျော့ပေါ့ပေါ့ စဉ်းစားတာ၊ ဒါ လောဘရဲ့ သတ္တိပဲပေါ့။ ကိုယ်နဲ့မတည့်တဲ့ပုဂ္ဂိုလ်ဆိုရင် ပိုပိုသာသာ လေးလုပ်ချင်တာဟာ ဒေါသရဲ့ သတ္တိပေါ့။ ဘယ်ဟာ တရား လမ်းကြောင်း၊ ဘယ်ဟာ တရားလမ်းကြောင်းမဟုတ်ဘူးလို့ မသိ တာ ဒါ မောဟရဲ့ သတ္တိပဲပေါ့။ မြတ်စွာဘုရားမှာကတော့ လောဘ လည်း မရှိတော့ဘူး၊ ဒေါသလည်း မရှိတော့ဘူး၊ မောဟလည်း မရှိတော့ဘူး၊ ဒါကြောင့်မို့ ထားနိုင်တယ်ဆိုတာ နောက်ပိုင်းတော့ သဘောပေါက်လာတယ်။

ဩော် ဒီလိုတန်းတူညီတူစိတ်သဘောထား မထားနိုင်ဘူး ဆိုတာ လောဘ၊ ဒေါသ၊ မောဟ မကင်းတဲ့ ပုဂ္ဂိုလ်တွေအတွက် လောဘရဲ့အစွန်းရောက်မှု၊ ဒေါသရဲ့အစွန်းရောက်မှု၊ မောဟရဲ့ အစွန်းရောက်မှုဆိုတဲ့ ဒီအစွန်းရောက်မှုတွေကြောင့် ဒီလိုဖြစ်ရ တာလို့ဆိုတာ သဘောပေါက်လာတယ်။

အေး၊ မြတ်စွာဘုရားဟာ ဒီ သားတော် ရာဟုလာနဲ့ ပတ်သက်ပြီးတော့ သုတ္တန်တွေ တော်တော်များများ အရွယ် အလိုက် ဆုံးမဟောကြားထားတာတွေ ရှိတယ်။ ရာဟုလာနဲ့ မြတ်စွာဘုရားပြန်တွေ့တဲ့အချိန်မှာ ရာဟုလာ ခုနစ်နှစ်အရွယ်

http://www.dhammadownload.com

ရှိနေပြီလေ။ အဲဒီနောက်ပိုင်းမှာ မြတ်စွာဘုရားက စဉ်ဆက်မပြတ် သားတော်ရာဟုလာကို ဆုံးမသြဝါဒပေးပြီး ဟောကြားခဲ့တဲ့ **"ရာဟုလောဝါဒသုတ်"** တွေ စာပေကျမ်းဂန်မှာ မှတ်တမ်းတင်ထားတယ်။ အဲဒီလို တရားတွေ မှတ်တမ်းတင်ထားပေမယ့်လို့ ရှင်ရာဟုလာနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေဟာ သိပ်များများစားစား မကျန်ရစ်ဘူးလို့ ဒီလိုပြောရမယ်။

ဘုရားအလောင်း တောထွက်ဖို့ စိတ်ဆုံးဖြတ်လိုက်တဲ့နေ့မှာ ရာဟုလာ မွေးဖွားလာတာ၊ မွေးဖွားတဲ့အကြောင်း သတင်းလာပြောကြတယ်၊ ဘုရားအလောင်းက ဆုံးဖြတ်ချက်ချပြီးပြီ၊ ဒီကနေ့ည ထီးနန်းကိုစွန့်ပြီး နေပြည်တော်က ထွက်ခွာတော့မယ်။ အမှန်တရား၊ မသေရာတရား၊ နိဗ္ဗာန်တရားကို ရှာတော့မယ်။

မြတ်စွာဘုရားက သူဘာဖြစ်လို့ တောထွက်တယ်ဆိုတာ တွေနဲ့ ပတ်သက်ပြီးတော့ သုံးထားတဲ့စကားလုံးလေးတွေရှိတယ်၊ ဘုရားသုံးတဲ့ စကားလုံးအတိုင်း သုံးမယ်ဆိုရင် **'ကိ ကုသလ ဂဝေသီ'** တဲ့။ အပြစ်ကင်းတဲ့တရားဆိုတာ ဘာတွေလဲ၊ ကုသိုလ်ဆိုတာ ဘာတွေလဲဆိုတာ သူသိချင်တယ်၊ ဒါကြောင့်မို့ သူ တောထွက်တာ၊ နောက်တစ်ခုက **'အနုတ္တရံ သန္တိဝရပဒံ ပရိယေသမာနော'** တဲ့၊ တကယ်ကို ငြိမ်းချမ်းတဲ့၊ အင်မတန်မွန်မြတ်တဲ့၊ အစစ်အမှန်ဖြစ်တဲ့၊ စိတ်ငြိမ်းအေးမှုဆိုတာ ဘာလဲ၊ ဒါကို သူရှာချင်တယ်၊ ဒီနှစ်ခုရှာဖွေဖို့ ထီးနန်းကိုစွန့်ပြီးတရားကျင့်တာပဲ။

http://www.dhammadownload.com

'ကိ ကုသလ ဂဝေသီ' ကုသိုလ်၊ အပြစ်ကင်းတဲ့တရား ဆိုတာဘာလဲ? သိချင်တယ်၊ **'အနုတ္တရံ သန္တိဝရပဒံ ပရိယေသမာနော'** အကောင်းဆုံး ငြိမ်းချမ်းရေးဆိုတာဘာလဲ? သိချင်တယ်။ ဘာဖြစ်လို့ ငြိမ်းချမ်းမှုကို ရှာရတာတုန်းဆိုရင် လူတွေရဲ့စိတ်နှလုံးဟာ အမြဲတမ်းပူလောင်နေတယ်၊ ပူလောင်မှန်း မသိ ပူလောင်တယ်၊ တစ်ချို့က ပူတာကို ပူမှန်းမသိဘူးလေ။

ဆိုပါစို့၊ လောဘတွေဖြစ်နေတာ၊ အာရုံတွေထဲမှာ ပျော်ပြီး တော့နေတာ ဒါလည်းပဲ အလောင်ခံနေရတာပဲ၊ လောင်တယ်လို့ မထင်ဘူးပေါ့၊ ဒေါသဖြစ်ပြီဆိုတော့မှ လောင်တယ်ဆိုတာ ရိပ်စား မိတယ်၊ လောဘဖြစ်တာလည်းပဲ လောင်နေတာပဲ၊ အဲဒီ လောင်လာတာက ဘာဖြစ်လာတုန်းဆိုတော့ လောဘကို အကြောင်းပြုပြီးတော့ နောက်ပိုင်းမှာစိုးရိမ်တာကို၊ လောဘရဲ့ အလောင်ကိုခံရတယ်၊ ဒေါသရဲ့အလောင်ကိုခံရတယ်၊ ဩော် အဲဒီလို **'ကိလေသာ'** တွေရဲ့ လောင်ကျွမ်းမှုမရှိဘဲနဲ့ အလွန် အေးမြ သန့်စင်တဲ့ ဒီငြိမ်းချမ်းမှုဆိုတာ ဘာလဲဆိုတာသိချင်တယ်။ အဲဒါကြောင့်မို့ တောထွက်တယ်။

အဲဒီလို တောထွက်မယ်လို့ ဆုံးဖြတ်လိုက်တဲ့နေ့မှာပဲ ယသော်ဓရာမိဖုရားက သားဦးရတနာလေး မွေးဖွားလာပြီ ဆိုတာကို သတင်းလာပို့တယ်၊ သတင်းလာပို့တဲ့အခါ နှုတ်က ဘာပြောမိလိုက်တုန်းဆိုရင် **'ရာဟု ဇာတော ဗန္ဓနံ ဇာတံ'**

http://www.dhammadownload.com

ဒီစကားလုံးကို ပြောလိုက်တယ်၊ လာပြီးသတင်းပြောတဲ့ လူရှေ့မှာ ပြောလိုက်တာ၊ "အေး၊ လမင်းကြီး ကောင်းကင်ထွက်ပြီး သာမယ့်အချိန်မှာ လင်ပုပ်အဖမ်းခံရတာပဲ"လို့၊ နှုတ်က အဲဒီလို ထုတ်ပြောလိုက်တာ၊ **'ရာဟု ဇာတော'**၊ ဒီကနေ့ခေတ်မှာတော့ လကြတ်တယ်လို့ ခေါ်ကြတယ်။

လင်ပုပ်ဖမ်းခြင်း

ဘုန်းကြီးတို့ ပိဋကတ်စာပေထဲမှာ အခုလို လကြတ်တာဟာ ဘာကြောင့်ဖြစ်သလဲဆိုရင် (သိပ်ပွကတော့ တစ်မျိုးပြောတာပေါ့) ရာဟုဆိုတဲ့ အသူရိန်နတ်ကြီးက ဒီ လ,ဗိမာန်ကို သူက ဘောလုံး လေးလိုအောက်မေ့တာ၊ သူသွားတဲ့လမ်းကြောင်းနဲ့ ဆုံမိတဲ့ အခါမှာ (သူနဲ့အမြဲတမ်းတော့ မဆုံဘူး) လ,သွားတဲ့လမ်းကနေ သူဖြတ်ပြီဆိုတဲ့အချိန်လေးမှာ သူက ကစားတဲ့အနေနဲ့ လ,လာ မယ့် နေရာကို ပါးစပ်ကြီးဟထားတယ်၊ လ,ကလည်း ရွှေ့လျားလာပြီး သူ့ပါးစပ်ထဲ ဝင်သွားတာတဲ့။

ဒါ ဗုဒ္ဓဘာသာကျမ်းစာတွေက ဆိုတာနော်၊ ရာဟု ကတော့ အပျော်လုပ်တာပေါ့။ လ,ဟာ ဗိမာန်တစ်ခုပဲပေါ့။ နတ်ရှိတဲ့ ဗိမာန် တစ်ခုလို့ ဒီလိုဆိုတယ်၊ ဒီကနေ့ခေတ် သိပ်ပွကတော့ တစ်မျိုး ပြောတာပေါ့လေ၊ ဗုဒ္ဓဘာသာစာပေကျမ်းဂန်အရ ပြောမယ် ဆိုရင် လ,ဟာဗိမာန်၊ စတုမဟာရာဇ် နတ်ပြည်မှာရှိတဲ့ ဗိမာန်၊

http://www.dhammadownload.com

လ,ဗိမာန်လို့ဆိုတော့ သာမန်လူတွေရဲ့မျက်စိနဲ့ ဗိမာန်ကို မြင်ရပေမယ့်လို့ နတ်သားကိုမမြင်ရဘူး၊ နတ်တွေရှိတယ်ဆိုတာ မသိနိုင်ဘူး။

လူ့ပြည်မှာရှိတဲ့ သစ်ပင်တွေမှာ ရုက္ခစိုးရှိတယ်ဆိုတာကို လူတွေက အသိအမှတ်ပြုပြီး နေကြတယ်၊ သစ်ပင်ခုတ်လို့ ဒုက္ခရောက်တဲ့ ပုဂ္ဂိုလ်တွေလည်း အများကြီးရှိတာပဲ။ မုံရွာ လယ်တီတိုက်ထဲက သစ်ပင်ကြီးမှာ ရုက္ခစိုးနတ်ကြီးရှိတယ် ဆိုတာကို လယ်တီဆရာတော်ကြီးက အမိန့်ရှိတယ်တဲ့။ ဒီကနေ့ခေတ်တောင်မှပဲ လယ်တီကျောင်းတိုက်ထဲသွားကြည့်မယ် ဆိုလို့ရှိရင် ရုက္ခစိုးရှိတဲ့ နတ်သစ်ပင်ကြီးဟာ ဒီအတိုင်းပဲရှိတယ်ပေါ့။ သို့သော် အဲဒီနတ်ကြီးကိုမြင်ရလားဆိုတော့ မမြင်ရဘူး၊ သစ်ပင်ပဲမြင်ရတယ်၊ နတ်တွေဟာ လူ့ရဲ့မြင်ကွင်းထဲမှာ ရောက်မလာတဲ့ အာရုံတွေလို့ဆိုတာ၊ လူ့ရဲ့မျက်စိက အကုန်လုံး မြင်ရတာတော့ မဟုတ်ဘူး၊ မမြင်ရတာတွေ အများကြီးရှိတယ်ပေါ့။

အဲတော့ လ,ဟာလည်း ဗိမာန်ဖြစ်သည့်အတွက် ထို လ, ဗိမာန်ထဲမှာ နတ်သားရှိတယ်တဲ့၊ အကြောင်းဆုံလာတဲ့အခါမှာ ဒီရာဟုအသူရိန်ကနေပြီးတော့ လ,သွားတဲ့ လမ်းမှာ ပါးစပ်ကြီးဟထားတာ၊ သူ့ပါးစပ်ထဲကို လ,ကဝင်သွားတယ်၊ ဝင်သွားတဲ့အခါမှာ လ,နတ်သားက အင်မတန်မှ ကြောက်တယ်ပေါ့။ အဲဒီရာဟုဆိုတဲ့ အသူရိန်နတ်ကြီးက ခန္ဓာကိုယ်အင်မတန်မှကြီးတဲ့

http://www.dhammadownload.com

နတ်ကြီးတဲ့၊ သူ့ခန္ဓာကိုယ်ကြီးက သူများထက်ပိုပြီးကြီးတယ်၊ သူ့ပါးစပ်ပေါက်ထဲ လ,ဟာ ဝင်သွားနိုင်တာပေါ့။

သံယုတ္တပါဠိတော်မှာ လင်ပုပ်ဖမ်းရင် ရွှတ်ရတယ်ဆိုတဲ့ ဂါထာပါတယ် -

"တထာဂတံ အရဟန္တံ၊ စန္ဒိမာ သရဏံ ဂတော။

ရာဟု စန္ဒံ ပမုဉ္စသု၊ ဗုဒ္ဓါ လောကာနုကမ္ပကာ"။ တဲ့။

"မြတ်စွာဘုရားဆိုတာ ဘယ်သူ့အပေါ်မှာပဲဖြစ်ဖြစ် အကြင်နာသနားထားတော်မူတယ်၊ ကရုဏာတရားထားတယ်၊ လ,နတ်သားဟာ ဘုရားကိုကိုးကွယ်ဆည်းကပ်သူဖြစ်တယ်၊ လ, နတ်သားကို ဖမ်းချုပ်မထားပါနဲ့၊ လွှတ်လိုက်ပါလို့ မြတ်စွာဘုရားက ဒီဂါထာကိုရွှတ်တယ်။ မြတ်စွာဘုရားရဲ့အသံလည်း ကြားလိုက်ရော ရာဟုဟာ ဖမ်းမထားရဲဘူး၊ လွှတ်လိုက်ရတယ်။

လကြွတ်ခြင်း

အဲဒီလို စာပေမှာ အဆိုရှိတယ်၊ သို့သော် ဒီကနေ့ခေတ် သိပ္ပံနည်းအရ ဒီလ ဘယ်နေ့မှာ လကြွတ်မယ်ဆိုတာ တွက်ချက်တဲ့ နည်းတွေရှိတယ်၊ အဲတော့ ဒီလိုမှတ်သင့်တာပေါ့လေ၊ သိပ္ပံနည်းဖက်က ကြည့်မယ်ဆိုရင် လ,ကလည်း ကောင်းကင်မှာ လှည့်ပတ်ပြီး သွားနေတယ်၊ တခြားဂြိုဟ်တွေကလည်း လှည့်ပတ်ပြီးတော့ သွားနေတယ်၊ တခါတရံကျတော့ ကမ္ဘာဘက်ကနေပြီး

http://www.dhammadownload.com

တော့ တခြားဂြိုဟ်တွေနဲ့ ကွယ်တဲ့အခါမှာလည်း လကြတ်တယ် ဆိုတာ ဖြစ်နိုင်တယ်။

အခု ဗုဒ္ဓမြတ်စွာဘုရားရဲ့ စာပေထဲမှာ ပါလာတဲ့အတိုင်း လည်းပဲ ရာဟုဆိုတဲ့ အသူရိန်နတ်ကြီးက တခါတရံ သူခရီးကြုံလို့ လုပ်တာမျိုးလည်းရှိတယ်ဆိုတာကို နှစ်ခုတွဲပြီးတော့ မှတ်ထားသင့်တယ်ပေါ့။ တခါတရံ သိပ္ပံအဆိုနဲ့ ဗုဒ္ဓကျမ်းစာအဆို ကွဲပြားခြားနားမှုတွေ ရှိတယ်၊ အဲဒီလို ကွဲပြားခြားနားမှု ရှိတဲ့အခါမှာ မှန်ကန်တဲ့အတွေးနဲ့ မှတ်သားတတ်ဖို့ လိုတယ်ပေါ့နော်။

ဒီရေတက်ခြင်းအကြောင်း

ဥပမာတစ်ခု ပြောပြမယ်၊ သိပ္ပံအကြောင်းကို လေ့လာထားဖူးတဲ့ ပုဂ္ဂိုလ်တွေတွေ့လိမ့်မယ်၊ အညာအရပ်က ပင်လယ်နဲ့ ဝေးတဲ့အတွက်ကြောင့် "ဒီရေ" တက်တယ်ဆိုတာ သိပ်ပြီးတော့ သိကြမှာမဟုတ်ဘူး၊ ပင်လယ်နဲ့ နီးတဲ့ပုဂ္ဂိုလ်တွေကျတော့ "ဒီရေ" တက်တယ်ဆိုတာ သိကြတယ်။

အဲတော့ "ဒီရေ"တက်တာဟာ ဘယ်အချိန်မှာတက်တာ တုန်း ဆိုလို့ရှိရင် လဆန်းပိုင်းမှလပြည့်ထိအောင် ဒီရေတက်တယ် ပေါ့။ အဲဒီမှာ သိပ္ပံက ဘယ်လိုပြောလဲ၊ ဒီရေဘာဖြစ်လို့ တက်တာလဲ?၊ **လ,ရဲ့ဆွဲငင်မှုကြောင့် ဒီရေတက်တယ်** လို့ ဒီလိုပြောတယ်

http://www.dhammadownload.com

နော်၊ လ,ရဲ့ဆွဲအားကြောင့် ပင်လယ်ရေတွေဟာ တက်လာတယ်၊ ဒါကြောင့်မို့ ဒီဘက်မှာ ဒီရေတက်လာတယ်လို့ ဒီလိုပြောတယ်။

တလောတုန်းက ဘုန်းကြီးတို့ နိုင်ငံခြားသားတွေ စာသင်ရင်းနဲ့ အဲဒီကိစ္စကိုတစ်ခါ ပြောမိတယ်၊ ဒီစာပေကျမ်းဂန်မှာ ဗုဒ္ဓကျမ်းစာနဲ့ အခုသိပ္ပံအဆိုနဲ့ ကွဲပြားမှုလေးတွေရှိတယ်။ သိပ္ပံက **လ,ရဲ့ ဆွဲအားကြောင့်** ဒီရေတက်တယ်လို့ ဆိုတယ်၊ သို့သော် ဘုန်းကြီးတို့စာပေထဲမှာ ဘယ်လိုပြောလဲလို့ဆိုရင် လ,နဲ့ ပတ်သက်တာချင်းတော့တူတယ်၊ စာပေထဲမှာ ပြောပုံကတော့ လဆန်းပိုင်းရောက်တဲ့အခါ လ,ထွက်လာတယ်၊ လပြည့်နေ့ဆိုရင် လ,ရောင်အားကောင်းတယ်၊ ပင်လယ်ထဲမှာလည်းပဲ ကျောက်ဆောင်ကြီးတွေရှိတယ်၊ အဲဒီကျောက်ဆောင်ကြီးတွေမှာ အချို့ ကျောက်ဆောင်ကြီးတွေက လ,ရောင်နဲ့တွေ့လို့ရှိရင် ရေကို အနှုတ်တဲ့ကျောက်ဆောင်ကြီးတွေ ရှိတယ်တဲ့။ ဆိုပါစို့ လ,ရောင်တွေ့လိုက်တာနဲ့ တပြိုင်နက် ရေတွေစိမ့်ထွက်လာတယ်၊ အဲဒါကို **'စန္ဒကန္တ ကျောက်'** လို့ခေါ်တယ်၊ အဲဒီကျောက်က လ,ရောင်နဲ့ တွေ့လိုက်တာနဲ့ တပြိုင်နက်ထဲ ရေတွေ အနှုတ်လာတယ်။ (**'စန္ဒကန္တ ကျောက်'** ရှိသလိုပဲ၊ **'သူရိယကန္တ ကျောက်'** ဆိုတာရှိတယ်၊ နေရောင်နဲ့ တွေ့လိုက်တာနဲ့ တပြိုင်နက် မီးထတောက်တဲ့ကျောက်မျိုးတဲ့)

http://www.dhammadownload.com

ပင်လယ်ထဲမှာရှိတဲ့ ကျောက်တောင်ကြီးတွေဟာ လ,ရောင်နဲ့ တွေ့တဲ့အခါမှာ သူတို့ထဲမှာ စိမ့်ဝင်နေတဲ့ ရေတွေဟာ လ,ရောင်ကြောင့် အန်ထွက်လာတယ်၊ ဒါလည်း လ,ရဲ့ဆွဲအားလို့ပြောချင်ပြောပေါ့၊ သိပ္ပံနဲ့ သွားတူပုံကိုပြောပြတာနော်၊ အဲတော့ လ,ရောင်နဲ့ တွေ့တဲ့အခါ အဲဒီကျောက်တုံးထဲက ရေတွေဟာ အန်ထုတ်လာပြီးတော့ ရေတွေများလာပြီးတော့ ရေတွေတိုးလာတာ၊ ဒါကို **"ဒီရေ"** တက်တယ်လို့ခေါ်တယ်တဲ့။ ဒါက ဗုဒ္ဓစာပေကျမ်းဂန်မှာ ဆိုတာ။

သိပ္ပံနည်းအဆိုမှာ လ,ကနေဆွဲတယ်လို့ ဒီလိုပြောတယ်၊ အဲတော့ ဘုန်းကြီးကတောင်မှပဲ နိုင်ငံခြားသားတွေကို ပြောပြတယ်။ အဲဒီလို လ,က ဆွဲတယ်ဆိုလို့ရှိရင် ပင်လယ်ရေတောင်ဆွဲနိုင်သေးတာ ဘာဖြစ်လို့ မြစ်ရေတွေကျတော့ မဆွဲတာတုန်း၊ ရေအများတောင် ဆွဲနိုင်တယ်ဆိုလို့ရှိရင် ရေအနည်းလေး ဆွဲနိုင်မှာပေါ့နော်၊ လ,ရောင်တွေ့လို့ရှိရင် အိမ်မှာရေခွက်ထဲ ရေတွေထည့်လို့ရှိရင် ဆွဲယူသွားမှာပေါ့။ အဲဒါကြောင့်မို့ ဆွဲတယ်ဆိုတဲ့ အဓိပ္ပါယ်ထက် ပိုပြီးတော့ လ,ရောင်နဲ့တွေ့လို့ **'စန္ဒြကန္တကျောက်'** က ရေတွေကိုအန်ထုတ်တယ်ဆိုတာ ပိုပြီးတော့ သဘာဝကျတယ်လို့တောင် ပြောမိသေးတယ်။

ဒါ ကျိုးကြောင်းဆင်ခြင်ကြည့်လို့ရှိရင် ဒီလိုနီးစပ်မှုလေးတွေတော့ ရှိတယ်ပေါ့နော်၊ အဲဒီလိုပဲ အခု လငပုပ်ဖမ်းတာနဲ့

http://www.dhammadownload.com

ပတ်သက်လာလို့ရှိရင် ဘယ်နေ့ဘယ်ရက်မှာ လင်ပုပ်ဖမ်းနိုင်တယ်လို့ ဗေဒင်ဆရာတွေက တွက်ချက်ကြည့်တာ၊ အဲဒါက သဘာဝလှည့်ပတ်သွားနေတဲ့ ဂြိုဟ်တွေရဲ့ အသွားအလာနှုန်းထားတွေနဲ့ တွက်ပြီးတော့ ပြောတာမျိုးပဲ၊ အခု စာပေကျမ်းဂန်မှာလာတဲ့ လင်ပုပ်ဖမ်းတယ်ဆိုတာတော့၊ ခုန **ရာဟု**ဆိုတဲ့ အသူရိန်နတ်ကြီး လ,နဲ့ဆုံတဲ့ အခါမျိုးမှာလည်းပဲ လုပ်တတ်တဲ့ အကျင့်ရှိတယ် ဆိုတာလည်း မှတ်သားထိုက်တယ်ပေါ့။

အဲတော့ သားတော်လေးမွေးဖွားလာတယ် ဆိုတဲ့အချိန်မှာ သူ့ရဲ့ဆန္ဒပြည့်ဝဖို့ရာ လပြည်ဝန်းကြီးလို သူဆုံးဖြတ်ထားတဲ့ စိတ်ထားလေး၊ ခုနတုန်းက ရာဟုဆိုတဲ့ အသူရိန်နတ်ကြီးရဲ့ အနှောင့်အယှက်ကို ခံလိုက်ရသလို သူ့စိတ်ထဲမှာ ခံစားရတယ်။ ဒါကြောင့်မို့ **'ရာဟု ဇာတော'**၊ အေး ရာဟု ပေါ်လာပြန်ပြီလို့ စိတ်ထဲမှာ ဖြစ်လာတာကို ထုတ်ဖော်ပြီးတော့ ပြောလိုက်တာ။

အဲဒါကို အဓိပ္ပါယ်ရှင်းပြတဲ့အနေနဲ့ ထပ်ပြောတာ **'ဗန္ဓနံ ဇာတံ'** ငါ့မှာ နှောင်ကြိုးတော့ ပေါ်လာပြန်ပြီ။ တောထွက်ဖို့ ဆုံးဖြတ်ထားမှ အနှောင့်အယှက်တစ်ခု ပေါ်လာပြန်ပြီလို့ ပြောတာ။

ခမည်းတော် သုဒ္ဓါဒနမင်းကြီးက နန်းတော်မှာ သားတော်လေး မွေးဖွားကြောင်း သိဒ္ဓတ္ထ မင်းသားကို သွားပြီး အကြောင်းကြားခိုင်းလိုက်တယ်၊ အကြောင်းကြားတဲ့သူ ပြန်လာ

http://www.dhammadownload.com

တဲ့အခါ "ငါသားက ဘာပြောလိုက်တုန်း" ဆိုတော့ **"ရာဟု ဇာတော ပန္ဓနံ ဇာတံ"** လို့ ပြောလိုက်ပါတယ်တဲ့၊ အဲဒီစကားကို ယူပြီး သားတော်လေးကို **ရာဟုလာ** လို့ နာမည်ပေးလိုက်တယ်တဲ့။

ရာဟုလာ ဆိုတဲ့ အဓိပ္ပါယ်က **'ရာဟု လာတိ ဂဏှာတီတိ ရာဟုလော'** လို့ ဆိုတဲ့အဓိပ္ပါယ်။ ဒါ လ,ကို ရာဟုဖမ်းခံရခြင်းပဲလို့ အဓိပ္ပါယ်ရတယ်ပေါ့လေ၊ လင်ပုပ်အဖမ်းခံရခြင်းလို့ အဓိပ္ပါယ်ရတယ်နော်၊ အဲဒီအဓိပ္ပါယ်နဲ့ နာမည်ပေးလိုက်တာ။ သို့သော် ဘုရားအလောင်းက ဆုံးဖြတ်ချက်ကိုမပြင်တော့ဘူး၊ ညသန်းခေါင်အချိန်မှာ တောထွက်သွားခဲ့တယ်။

ဒီကလေးလေး မွေးဖွားတဲ့နေ့မှာပဲ တောထွက်သွားတာ၊ ဒီကလေးလေးနဲ့ ပြန်တွေ့တဲ့အခါ ၇-နှစ်သားအရွယ်ရှိပြီ၊ ဘုရားအလောင်းက တောထွက်ပြီး တရားကျင့်တာက ၆-နှစ်၊ ၆-နှစ်ပြည့်တဲ့အခါ ဘုရားဖြစ်ပြီး ဗာရာဏသီမှာ ဓမ္မစကြာတရားဟောပြီးမှ ကပိလဝတ်ပြည် ပြန်ရောက်တယ်။ ဒါကြောင့် ရာဟုလာဆိုတဲ့မင်းသားလေးက အသက် ၇-နှစ် ရှိသွားပြီပေါ့။

အဲတော့ ခုနစ်နှစ်သားအရွယ် ရာဟုလာဟာ သူ့ဖခင်ကို မမြင်ဖူးဘူး၊ သူမွေးတဲ့နေ့မှာ တိုင်းပြည်က ထွက်ခွာသွားတာ။ ခုနစ်နှစ်သားအရွယ် မြတ်စွာဘုရား နန်းတော် ကြွလာတဲ့အခါ သူ့မိခင်လုပ်တဲ့ ယသောဓရာမိဖုရားက ပြောတယ် "ဒီရဟန်းဟာ

http://www.dhammadownload.com

မင်းရဲ့ဖခင်ပဲ" လို့ ပြောပြတယ်။ "မင်းရဲ့ဖခင် တောထွက်သွားတဲ့ နေ့ကစပြီး တို့ပိုင်တဲ့ရွှေအိုးကြီးလေးလုံးလည်း ပျောက်သွားတယ်၊ သူဘယ်နေရာထားခဲ့တယ်ဆိုတာကို မင်းသွားမေးပြီး အမွေ တောင်းခဲ့" လို့ သင်ပေးတယ်။

ဒါက လူ့သဘာဝပဲလေ၊ လူ့သဘာဝဆိုတာ ပစ္စည်းပဲလိုချင် တာပေါ့၊ အခုခေတ်လည်းကြည့်ပေါ့။ သားသမီးနဲ့မိဘ ဘာလုပ်ဖို့ စိတ်ကူးကြလဲ၊ အမွေတောင်းဖို့ စိတ်ကူးကြတာပဲ၊ ဟုတ်ကဲ့လား၊ ဘာတွေအမွေထားခဲ့တယ်၊ ဘယ်နားထားခဲ့သလဲ ဒါအဓိက ဖြစ်နေတယ်နော်၊ အမွေတောင်းတာဟာ လူ့သဘာဝပဲ။

ယသော်ဓရာမိဖုရားကလည်း လူ့သဘာဝအတိုင်းပဲ အဲဒီ အမွေတွေ ဘယ်ထားခဲ့သလဲဆိုပြီး သွားတောင်းခိုင်းတယ်၊ အမွေ ရချင်တယ်ပေါ့။ တစ်ဦးတည်းသောသားဆိုတော့ အမွေရရင် သူပဲရမှာ။ (အေး တချို့ကလည်းပဲ မြတ်စွာဘုရားမှာ ဒီသား တစ်ပါးထဲတင် မကဘူးတဲ့၊ သားပေါင်း ထောင်ချီရှိတယ်လို့ ပြောကြတာလဲ ရှိတယ်နော်)

အေး၊ ရာဟုလာ အမွေတောင်းတဲ့အခါမှာ အဖေဆိုတဲ့ အသိစိတ်ကလေးနဲ့ မြတ်စွာဘုရားနားကပ်သွားတယ်။ ဘုရားက နန်းတော်မှာ ဆွမ်းဘုန်းပေးပြီးတော့ ကျောင်းတော်ကို ပြန်ကြွ တယ်ပေါ့။ အဲဒီလိုပြန်ကြွတဲ့အခါ အနားကပ်သွားပြီး **"သုခါ တေ သမဏ ဆာယာ"** "အရှင်ဘုရားတဲ့၊ အရှင်ဘုရားရဲ့အရိပ်ဟာ

http://www.dhammadownload.com

အင်မတန်မှ အေးမြပါတယ်လို့ ပြောတယ်၊ ကလေးပေမယ့်လို့ ပြောတတ်တယ်။

ခုခေတ်ကလေးလေးတွေလည်း အင်မတန်မှ စကားတတ်ကြတယ်၊ ကလေးပေါက်စကလေးက လူကြီးစကားပြောတာ၊ ဘာဖြစ်လို့ ပြောတတ်ကြတာတုန်းဆို စကားမပြောတတ်ခင် ကတည်းက Television ရှေ့ချထားတာဆိုတော့ အကုန်လုံး မြင်ကြ ကြားနေကြတာနော်၊ ဟုတ်တာရော၊ မဟုတ်တာရော အကုန်လုံး သူတို့နားထဲရောက်နေတာ၊ မျက်စိကမြင် အကုန်လုံး မြင်ကြတယ်။

အဲတော့ ရာဟုလာ သားတော်လေးလည်း စကားတတ်တယ်၊ ခုနစ်နှစ်အရွယ်ဆိုတော့ သူက သိတတ်တဲ့အရွယ်ပေါ့။ **'သုခါ တေ သမဏာ ဆာယာ'** အရှင်ဘုရားရဲ့ အရိပ်ဟာ အေးမြလှပါတယ် ဆိုပြီး ဘာပြောတုန်း? **'ဒါယဇ္ဇံ မေ သမဏာ ဒေဟိ'** တဲ့၊ သူ့အမွေပေးပါတဲ့၊ အဓိကတော့ အဲဒါ အမွေပေးပါလို့ တောင်းတယ်၊ မြတ်စွာဘုရားက ဘာမှမပြောဘူး၊ ဖခင်ဆိုတဲ့ ချစ်ခင်တဲ့စိတ်နဲ့ အနားနားမှာ ကပ်လိုက်သွားတယ်၊ ဘယ်ထိအောင် လိုက်သွားတုန်းဆိုတော့ ကျောင်းတော်ထိအောင် လိုက်သွားတယ်။

ကျောင်းရောက်တဲ့အခါ မြတ်စွာဘုရားက ရှင်သာရိပုတ္တရာကို ပြောလိုက်တယ်၊ "သာရိပုတ္တရာတဲ့၊ ရာဟုလာ အမွေ

http://www.dhammadownload.com

တောင်းနေတယ်တဲ့၊ လောကီအမွေတွေဆိုတာ ပူပန်ဆင်းရဲမှု ကိုသာ ပေးနိုင်တယ်" (ဟုတ်တာပေါ့။ ပစ္စည်းဥစ္စာဆိုတာ ရလာပြီ ဆိုရင် ထိမ်းသိမ်းစောင့်ရှောက်မှုကစပြီး ဒုက္ခပဲလေ၊ မယုံလို့ရှိရင် ဟောဒီ ပရိသတ်ကို စိန်ဘယက်တစ်စုံ ပေးလိုက်မယ်၊ ပေးလိုက် တာနဲ့ တပြိုင်နက် သူ့စိတ်ထဲမှာ မလုံမခြုံတွေ ဖြစ်ကုန်မှာ၊ ဘယ်နားထိုင်ရမှန်းမသိဖြစ်ကုန်မှာ၊ ငါဟာမျှား လူမြင်မှာလား၊ မလုံမခြုံတဲ့နေရာမှာဆို သူမျှားခိုးသွားမှာလားဆိုပြီး ပူပန်မှုက အရင်ဖြစ်လာတာ၊ တန်ဖိုးကြီးလေလေ ပူပန်ရတဲ့စိတ်က များလာ လေလေပေါ့)။

အဲ့တော့ မြတ်စွာဘုရားက ရှင်သာရိပုတ္တရာကိုပြောတယ် "လောကီအမွေဆိုတာ စိတ်ကို ပင်ပန်းစေတယ်၊ ဒါကြောင့် ရာဟုလာကို အင်မတန်မှ စိတ်နှလုံးအေးချမ်းပြီး ငါကိုယ်တိုင် ၆-နှစ်ပတ်လုံး ကြိုးပမ်းလို့မှ ရရှိလာတဲ့ ဓမ္မအမွေကိုပေးမယ်၊ ရာဟုလာကို သင်္ဘန်းဝတ်ပေးလိုက်" လို့ ပြောတယ်။

ဟောဒီကလေးလေးဟာ ခုနစ်နှစ်အရွယ် ဘာမသိ ညာမသိနဲ့ ကတုံးတုံးပြီး ကိုရင်ဝတ်သွားရတာနော်၊ ခုနစ်နှစ် အရွယ်လေး ကျောင်းရောက်သွားတယ်ဆိုတာ စဉ်းစားကြည့် နော်၊ အဖေဆိုတဲ့သံယောဇဉ်နဲ့သာ သူလိုက်သွားတာ၊ နဂိုတုန်းက အမေ့ရင်ခွင်ထဲမှာနေတဲ့ ကလေးလေး၊ အဖေဆိုတဲ့ သံယောဇဉ်နဲ့ လိုက်သွားပြီး ဟိုရောက်တော့ သင်္ဘန်းဝတ်ပေးလိုက်တယ်။

http://www.dhammadownload.com

ရဟန်းသံဃာတွေကြားမှာ ကိုရင်ဝတ်ပေးပြီး ထားလိုက်တယ်၊ ကိုရင်ဝတ်ပေးပြီး မြတ်စွာဘုရားက ဒီအတိုင်း ပစ်ထားသလားဆိုတော့ မပစ်ထားပါဘူး၊ ဒီကလေးလေးဟာ သူ့တာဝန်ဖြစ်လာတယ်၊ လောကအမြင်နဲ့ ကြည့်မယ်ဆိုရင်လည်း တာဝန်တစ်ခုဖြစ်လာတယ်၊ ဘုရားက တာဝန်ကျေအောင် ဆောင်ရွက်တယ်လို့ ပြောရမယ်။ သားဆိုတဲ့သံယောဇဉ်နဲ့ လုပ်တာ မဟုတ်ဘူးနော်၊ (လောကလူတွေက သံယောဇဉ်နဲ့ပဲကြည့်ကြမှာပေါ့) မြတ်စွာဘုရားကတော့ သံယောဇဉ်မရှိတော့ ဘာနဲ့ကြည့်၊ တာဝန်နဲ့ကြည့်တာ။

သားသမီးဆိုတော့ ပိုပြီးတာဝန်ရှိတယ်၊ ကိုရင်ဝတ်ပေးလိုက်တဲ့ ရာဟုလာလေး ခုနစ်နှစ်အရွယ် သူ့လက်ထဲရောက်လာတဲ့အခါ မြတ်စွာဘုရားက ဆုံးမရပြီ၊ ကလေးဆိုတာ ပါးစပ်ကလည်းပဲ ပြောချင်ရာပြောတတ်တဲ့ အရွယ်ကိုး၊ စကားတတ်စဆိုတော့ ပြောချင်ရာ ပြောတာပေါ့၊ အကျိုးမရှိတဲ့စကား၊ အကျိုးရှိတဲ့စကားဆိုတာ ခွဲခြားနိုင်ခြင်းမရှိသေးဘူး၊ အကျိုးမရှိတဲ့စကားတွေများ မပြောမိအောင် မိဘတွေက သွန်သင်ပေးဖို့ လိုအပ်လာတယ်၊ အမေနဲ့ခွဲပြီး အဖေနဲ့အတူလာနေတော့ တာဝန်ဝတ္တရားတွေ အားလုံးဟာ မြတ်စွာဘုရားရဲ့အပေါ်မှာ ကျတာပေါ့။

ဒါကြောင့်မို့ **ရာဟုလောဝါဒသုတ်**တွေ ပေါ်လာတာ။ စီကာစဉ်ကာ ကြည့်လိုက်မယ်ဆိုရင် ခုနစ်နှစ်အရွယ် ရာဟုလာကို

http://www.dhammadownload.com

ဟောတာ နှစ်သုတ်ရှိတယ်၊ အဲဒီနှစ်သုတ်ထဲမှာ **'ကုမာရပဟ္မာ'** ဆိုတာပါတယ်။ ဟိုစကား ဒီစကားတွေ မပြောမိအောင်၊ ဉာဏ်ရည်ဉာဏ်သွေးတက်အောင် အမေးအဖြေလေး လုပ်ခိုင်းထားတယ်၊ ဂဏန်းသင်ပြီးသားလည်းဖြစ်၊ အမေးအဖြေလည်း တတ်သွား၊ တရားဓမ္မလည်း နားထဲဝင်သွားအောင် မြတ်စွာဘုရားက ရာဟုလာ သားတော်လေးကို သင်ပေးတာတဲ့။

အမေးအဖြေ ၁၀-ပုဒ်ရှိတယ်။ **'ခုဒ္ဒကပါဋ္ဌ'** ဆိုတဲ့ ပါဠိတော်မှာ **'ကုမာရပဟ္မာ'** ဆိုတဲ့ နာမည်နဲ့ မှတ်တမ်းတင်ထားတာရှိတယ်၊ မှတ်တမ်းတင်ထားလို့ ဘုန်းကြီးတို့တတွေ သိခွင့်ရတယ်ပေါ့။ ရာဟုလာမင်းသားလေး ကိုရင်ဝတ်ပြီးနောက် ဘာတွေသင်ပေးတုန်းဆိုရင် **'ဇေါ် နာမ ကိ?'**၊ တစ်ခုဆိုတာဘာလဲ?တဲ့၊ ကလေးတွေကို စိတ်ဝင်စားအောင် တရားသင်ပေးတဲ့သဘောဖြစ်တယ်။

'ဇေါ် နာမ ကိ?' ရာဟုလာ တစ်ခုဆိုတာဘာလဲ? ဟောစဉ်းစားခိုင်းတာ၊ ဂဏန်း ၁-ခုကနေ ၁၀-ခုထိအောင်သင်ပေးတယ်၊ အဲဒီမှာ မေးခွန်းလေးတွေ မေးထားတာ၊ **'ဇေါ် နာမ ကိ?'** တစ်ခုဆိုတာဘာလဲ၊ **'ဒွေ နာမ ကိ?'** နှစ်ခုဆိုတာဘာလဲ၊ သုံးခုဆိုတာဘာလဲ၊ လေးခုဆိုတာဘာလဲကနေ နောက်ဆုံး ဆယ်ခုဆိုတာဘာလဲ၊ မေးခွန်းလေးတွေထုတ်ပြီးတော့ မြတ်စွာဘုရားက အဖြေပါ သင်ပေးတာ။

http://www.dhammadownload.com

'ကံ နာမ ကိ?' တစ်ခုဆိုတာဘာလဲ?၊ အဖြေက **'သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ'** တဲ့။ လူတိုင်းလူတိုင်းဟာ နေ့စဉ်နဲ့အမျှ ရှောင်လို့မရတဲ့တစ်ခုဟာ ဘာလဲလို့ဆိုရင် အစာအာဟာရပဲ။ သတ္တဝါတွေအားလုံးဟာ အစာကြောင့် အသက်ရှင်နေကြတယ်၊ အစာစားရလို့အသက်ရှင်ကြတယ်၊ တစ်ခုဆိုတာ အဲဒါကိုပြောတာပါတဲ့၊ သတ္တဝါအားလုံး အသက်ရှင်ဖို့ တညီတညီး အမှီပြုကြရတဲ့ အရာတစ်ခုကိုပြောတာ။ (တခြားတစ်ခုတွေကလည်း ရှိသေးဘတယ်လေ၊ **နေ**ဆိုတာတစ်ခုပဲရှိတယ်၊ **လ**ဆိုတာတစ်ခုပဲရှိတယ်၊ အဲဒီတစ်ခုတွေကို ပြောတာမဟုတ်ဘူး) **'ကံ နာမ ကိ?'** တစ်ခုဆိုတာဘာလဲ၊ **'သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ'** တို့နေ့စဉ်နှင့် အမျှ မှီခိုအားထားနေရတာ ဘာလဲလို့ဆိုရင် 'အာဟာရ' ပဲ။

ဒါကြောင့်မို့ နေ့စဉ်နဲ့အမျှ လုပ်နေရတာကလည်းပဲ စိတ်ပျက်ငြီးငွေ့စရာကောင်းတယ်၊ နေ့တိုင်းစားနေရတဲ့ ဒုက္ခကို တရားသံဝေဂ ရစိမ့်သောဌာ မြတ်စွာဘုရားက ဂဏန်းနဲ့ တွဲဖက်ပြီးတော့ သင်ပေးတာ။

နောက်တစ်ခါ သင်တာက ဘာတုန်း၊ **နှစ်ခုဆိုတာဘာလဲ?** လို့ဆိုတာ၊ အေး လူတွေရဲ့ သန္တာန်မှာ နှစ်ခုရှိတယ်၊ သာမန်အနေကတော့ တွေးကြလိမ့်မယ်၊ မျက်စိကလည်း နှစ်လုံးရှိတယ်ပေါ့၊ နားကလည်းနှစ်ဖက်ရှိတယ်၊ နှာခေါင်းကလည်း နှစ်ပေါက်ရှိတယ်၊ နှစ်ခုဆိုတာ အဲဒါမျှားပြောတာလား၊ နှစ်ခုတွေ မျှားနေ

http://www.dhammadownload.com

တယ်။ အဲတော့ နှစ်ခုဆိုတာ တစ်မျိုးတည်းပဲဖြစ်ရမယ်၊ နှစ်ခုဆိုတာ ဘာလဲဆိုတော့ မြတ်စွာဘုရားကသင်ပေးတယ်၊ အကျိုးမရှိတာတွေမမှတ်နဲ့၊ အကျိုးရှိတာတွေမှတ်ဖို့ဆိုပြီး **'ဒွေ နာမ ကိ?'** နှစ်ခုဆိုတာဘာလဲဆိုရင်၊ **'နာမရူပံ'** လူတွေရဲ့သန္တာန်မှာ ရုပ်နဲ့နာမ်ဒီနှစ်ခုပဲရှိတယ်။ ဟော - ငယ်ငယ်ကလေးထဲက တရားလမ်းကြောင်းပေါ် ရောက်အောင် မြတ်စွာဘုရားက သားတော် ရာဟုလာကို ပို့ပေးတာ။

ဟုတ်ပြီ၊ တစ်ခုဆိုတာလဲသိပြီ၊ နှစ်ခုဆိုတာလဲသိပြီ၊ နောက် တစ်ခု၊ ဂဏန်းတစ်လုံး ထပ်တိုးလိုက်မယ်၊ **သုံးခုဆိုတာဘာလဲ?** မြတ်စွာဘုရားကသင်ပေးတာ၊ သုံးခုဆိုတာ ရာဟုလာ တခြားမဟုတ်ဘူး။ တို့တတွေမှာ **အာရုံနဲ့တွေ့တဲ့အခါ ခံစားချက်သုံးမျိုး** ရှိတယ်၊ ဟုတ်တာပေါ့။ ကောင်းတာနဲ့တွေ့ရင် ပျော်တယ်လေ ကြိုက်တယ်၊ မကောင်းတာနဲ့တွေ့ရင် စိတ်ညစ်တယ်၊ ကောင်းမကောင်းမဟုတ်ဘူး ဆိုလို့ရှိရင် ပျော်တာလည်း မဟုတ်ဘူး စိတ်ညစ်တာလည်း မဟုတ်ဘူးဆိုတာ ရှိနေတာ။ အဲတော့ ခံစားမှုဟာ သုံးမျိုးရှိတယ်ပေါ့၊ အဲဒီသုံးခုရှိတာကို ရည်ညွှန်းပြီးတော့ သုံးခုဆိုတာ ခံစားမှုသုံးမျိုးကို မှတ်ရမယ်ဆိုတာ ဝေဒနာသုံးမျိုးကို သင်ပေးလိုက်တယ်။

နောက် **လေးခုဆိုတာ ဘာလဲ?**၊ ဂဏန်းတစ်လုံး ထပ်တိုးပြီး မှတ်ခိုင်းတဲ့အခါမှာ လေးခုကတော့ ဒီသုတ္တန်မှာ မြတ်စွာဘုရားက

http://www.dhammadownload.com

သစ္စာလေးပါးလို့ ဒီလိုပဲပြောတယ်။ **အမှန်တရားလေးမျိုး** ရှိတယ်ပေါ့။ ဒုက္ခရယ်၊ သမုဒယရယ်၊ နိရောဓရယ်၊ မဂ္ဂရယ်။ လောကမှာ တကယ့်အမှန်တရားဆိုတာ ဒီလေးမျိုးပဲ ရှိတယ်တဲ့၊ ဟော-သစ္စာလေးပါးကို ဒီလိုသင်ပေးတယ်။

နောက်တစ်ခါ **ငါးခုဆိုတာဘာလဲ?** လို့ မေးလိုက်တဲ့အခါ လူတွေမှာ တဏှာအမြင် ဒိဋ္ဌိအမြင်နဲ့ စွဲလန်းတဲ့ **ဥပါဒါနက္ခန္ဓာငါးပါး** ရှိတယ်၊ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်လို့ဆိုတဲ့ ဒီငါးခုအပေါ်မှာစွဲလန်းကြတယ်၊ တဏှာအမြင်၊ ဒိဋ္ဌိအမြင်တွေနဲ့ စွဲလန်းကြတဲ့ ခန္ဓာငါးမျိုး၊ ဥပါဒါနက္ခန္ဓာလို့ ဒီလိုခေါ်တယ်၊ အဲဒါ ၅-ဂဏန်းကို မြတ်စွာဘုရားက သင်ပေးတယ်။

ဒါဖြင့် **'ဆ နာမ ကို?' ခြောက်ခုဆိုတာ ဘာလဲ?**၊ ဘုန်းကြီးတို့တတွေမှာ ခြောက်ခုရှိတယ်၊ အပြင်ဘက်က အာရုံတွေနဲ့ ဆက်သွယ်ဖို့ရာအတွက် **အဂါရုပ်ခြောက်ခု**ရှိတယ်၊ အဲဒါ ဘာလဲလို့ဆိုတော့ 'မျက်စိရယ်၊ နားရယ်၊ နှာခေါင်းရယ်၊ လျှာရယ်၊ ကိုယ်ရယ်၊ စိတ်ရယ်' ဆိုတဲ့ ဟော Sense Organs ခြောက်ခုရှိတယ်။

ဒါတွေနဲ့ပဲ နေ့စဉ်ဆက်သွယ်နေတာ၊ ဟော ခြောက်ခုဆိုတာ **'အဖွဲ့တို့ကာယတန'** ခြောက်ပါးတဲ့၊ အာရုံတွေရဲ့အခြေခံ၊ စိတ်တွေရဲ့ဖြစ်ပေါ်ရာ ခြောက်မျိုးရှိတယ်ဆိုပြီးတော့ ၆-ဂဏန်းကို ဖော်ထုတ်ပြီးတော့မေးတယ်၊ ဒါတွေကို ကြည့်လိုက်မယ်ဆိုလို့ရှိရင်

http://www.dhammadownload.com

အဆင့်ဆင့် ကမ္မဋ္ဌာန်းပွားလို့ရလာတဲ့ သဘောတွေကို မြတ်စွာဘုရားက ဟောနေတာနော်၊ ကလေးငယ်နဲ့ တန်ရုံလောက်ပဲ မြတ်စွာဘုရားက ဂဏန်းသဘောလေးတွေကို မှတ်ခိုင်းထားတာ၊ ဟော ခြောက်ခုသိပြီ။

'သတ္တ နာမကိ?' ခုနစ်ခုဆိုတာ ဘာလဲ?၊ မြတ်စွာဘုရား ဘာသင်ပေးတုန်းဆိုတော့ **ခုနစ်ခုဆိုတာ အသိဉာဏ်ဖြစ်ဖို့ရာ အကြောင်းတရားခုနစ်မျိုး**ရှိတယ်တဲ့၊ ဘုန်းကြီးတို့တတွေ နားလည်နေတဲ့ **ဗောဇ္ဈင်ခုနစ်ပါး**ပေါ့။ ဗောဇ္ဈင်ဆိုတာ 'ဗောဓိ+အင်' ဆိုတဲ့ စကားလုံးကနေ ဖြစ်ပေါ်လာတာ၊ 'ဗောဓိ' ဆိုတာ အသိဉာဏ် ဖြစ်ပေါ်လာတာ၊ 'ဗောဓိ' ဆိုတာ အသိဉာဏ်၊ 'အင်' ဆိုတာ ရရှိခြင်းရဲ့အကြောင်းတရားတဲ့၊ အသိဉာဏ်ဖြစ်ပေါ်ဖို့ရာအတွက် ဒီစွမ်းရည်သတ္တိတွေနဲ့ ကိုယ်သန္တာန်မှာ အသိဉာဏ်ရအောင် လုပ်ရမယ်တဲ့၊ ဟော ဗောဇ္ဈင်ခုနှစ်ပါး၊ (၇)ခုပဲတဲ့၊ ၇-ဂဏန်းကို ဖော်ပြလိုက်တယ်။

ရှစ်ခုဆိုတာဘာလဲ?လို့၊ တစ်ခါဂဏန်းတစ်လုံးတိုးမေးပြီး ဖြေပေးလိုက်တယ်၊ **မဂ္ဂင်ရှစ်ပါး**တဲ့၊ **'မဂ္ဂ'** ဆိုတာ လမ်းကြောင်းပဲ၊ ဘယ်သွားတဲ့လမ်းကြောင်းလဲဆိုရင် နိဗ္ဗာန်သွားတဲ့ လမ်းကြောင်းပဲပေါ့။ အဲဒီ 'မဂ္ဂ' ဆိုတာဟာ (၈)ခုနဲ့ ဖွဲ့စည်းထားတဲ့အရာ ဖြစ်တယ်ပေါ့၊ ဒါကြောင့်မို့လို့ မဂ္ဂင်ရှစ်ပါး၊ အဲဒီမဂ္ဂင်ရှစ်ပါး ဒီစွမ်းအားတွေ မိမိတို့ သန္တာန်မှာရပြီဆိုရင် နိဗ္ဗာန်ထိအောင်

http://www.dhammadownload.com

ပေါက်ရောက်သွားနိုင်တယ်ပေါ့။ ဒီလမ်းကြောင်းကပဲ သွားရတာ၊ အဲဒါ ၈-ဂဏန်းအနေနဲ့ မြတ်စွာဘုရားသင်ပေးတာ။ ဆိုလိုတာက မဂ္ဂင်ရှစ်ပါးပွားမယ်ဆိုရင် နိဗ္ဗာန်ကိုရောက်မယ့် အကြောင်းကို သင်ပေးတဲ့သဘောပဲပေါ့။ ဂဏန်းကို ဆက်ပြီးသင်ပေးတာ ကလေးလေး စိတ်ဝင်စားအောင်လို့။

ဒါဖြင့် **ကိုးခုဆိုတာဘာလဲ?**၊ သတ္တဝါတွေကို ခြုံငုံပြီးတော့ ကြည့်လိုက်မယ်ဆိုလို့ရှိရင် **သတ္တဝါတွေရဲ့ဘုံဟာ ဒီကိုးမျိုးပဲ** ရှိနိုင်တယ်ပေါ့။ သတ္တဝါတွေနေတဲ့ ဘုံတွေဟာ ကိုးမျိုးပဲရှိတယ်။ အဲဒါကို **'သတ္တာဝါသ'** လို့ခေါ်တယ်၊ **'သတ္တ+အာဝါသ'** သတ္တဝါတွေနေထိုင်ရာဘုံလို့ ပြောတယ်၊ ကိုးမျိုးဆိုတာ သဘာဝအားဖြင့် ခွဲခြားပြီးတော့ကြည့်တယ်၊ ၃၁-ဘုံကိုပဲ ၉-ခုဖြစ်အောင် ချဲ့ပြောတာ။

ဆိုပါစို့၊ လူတွေဆိုတာ မွေးလာတဲ့ စိတ်တွေကလည်းပဲ ကွဲပြားခြားနားကြတယ်၊ ရုပ်ရည်ပုံသဏ္ဌာန်တွေကလည်း ကွဲပြားခြားနားကြတယ်။ လူသားတွေကိုကြည့်၊ မြန်မာလူမျိုးတွေတောင် တစ်ယောက်နှင့် တစ်ယောက် မတူတာတွေအများကြီးပဲပေါ့နော်၊ နိုင်ငံခြားသားတွေနဲ့ ကွာခြားတာတော့ အင်မတန်မှ ထင်ရှားတယ်ပေါ့၊ အဲတော့ လူတွေဟာ **'နာနတ္တကာယ နာနတ္တသညီ'** ရုပ်ခန္ဓာကိုယ်ကြီးကလည်း အမျိုးမျိုး၊ စိတ်တွေကလည်းအမျိုးမျိုး။

http://www.dhammadownload.com

ဒါကြောင့်မို့ လူတွေတို့၊ အချို့နတ်တွေတို့၊ အချို့သတ္တဝါတွေတို့၊ တိရိစ္ဆာန်လောကပဲ ကြည့်လိုက်ဦးပေါ့၊ ကြောင်ကတစ်မျိုး၊ ခွေးကတစ်မျိုး၊ ကြက်ကတစ်မျိုး သဏ္ဌာန်တွေ ကွဲပြား ခြားနားမှု ရှိကြတယ်၊ မတူညီကြဘူးပေါ့။ အဲလိုမတူညီတဲ့ သတ္တဝါတွေရှိတဲ့ ဘုံတွေကိုစုပြီးတော့ **'နာနတ္တကာယ နာနတ္တသညီ'** ဆိုတာ တစ်ခုယူတယ်၊ အဲတော့ ကိုးခုဆိုတာ ဘာလဲဆိုရင် **သတ္တဝါတွေ ဖြစ်ရာဘုံကိုးမျိုး** လို့ ဒီလိုပြောလိုက်တာနော်။

သတ္တဝါဖြစ်ရာဘုံကိုးမျိုးဆိုတာ (၁) ရုပ်ခန္ဓာတို့၊ ပဋိသန္ဓေစိတ် အမှတ်သညာတို့ ကွဲပြားခြားနားတဲ့ သတ္တဝါတွေတည်ရှိရာဘုံကတစ်မျိုး၊ အဲဒါကိုပဲ လှည့်ပြီးတော့ ကြည့်လိုက်တဲ့အခါ (၂) ရုပ်ခန္ဓာ ကွဲပြားပေးမယ်လို့ ပဋိသန္ဓေစိတ်အမှတ်သညာခြင်းတူတဲ့ သတ္တဝါတွေရဲ့ နေရာဌာနကတစ်မျိုး၊ (၃) နောက် ပဋိသန္ဓေသညာတော့ တူပြီးတော့ ရုပ်ခန္ဓာတွေကွဲပြားတဲ့ သတ္တဝါတွေရဲ့ ဘုံဌာနက တစ်မျိုး၊ (၄) ပဋိသန္ဓေလည်းတူတယ်၊ ရုပ်ခန္ဓာလည်းတူတယ်ဆိုတဲ့ သတ္တဝါတွေရဲ့ ဘုံဌာနကတစ်မျိုး။ ပါဠိလို **၁။ နာနတ္တကာယ နာနတ္တသညီ၊ ၂။ နာနတ္တကာယ ဧကတ္တသညီ၊ ၃။ ဧကတ္တကာယ နာနာတ္တသညီ၊ ၄။ ဧကတ္တကာယ ဧကတ္တသညီ** လို့ ဟောဒီလို ၄-မျိုးရတယ်။

နောက်တခါ အမှတ်သညာ ကင်းမဲ့တဲ့ သတ္တဝါဆိုတာ လောကမှာရှိသေးတယ်၊ သူ့ရဲ့ ကြိုးစားအားထုတ်မှု သမာဓိ

http://www.dhammadownload.com

စွမ်းအားနဲ့ သူဖြစ်တဲ့ဘုံဘဝမှာ အသိစိတ်ကင်းမဲ့ပြီးတော့ ဖြစ်သွားတယ်၊ အဲဒါကို အသညသတ်ဘုံလို့ ပြောတာ၊ အဲဒါက တစ်ခု။ နောက် နာမ်ချည်းဖြစ်တဲ့ အရူပဘုံက ဘုံဆိုတော့ အားလုံးပေါင်းလိုက်တဲ့ အခါကျတော့ **'သတ္တာဝါသ ဘုံကိုးဝ'**လို့ ဒီလိုပြောတာနော်၊ သတ္တဝါတွေရဲ့ ဖြစ်ရာဘုံ ၉-ပါး၊ ၉-ဂဏန်းကို အဲဒါနဲ့ ထုတ်တယ်ပေါ့နော်။

ကမ္မဋ္ဌာန်းရှုဖို့ရာအတွက် ဘုံဆိုတာပြီးငွေ့စရာကြီးပဲ၊ ဘုံထဲမှာ ကျင်လည်နေမယ်ဆိုရင် ဒုက္ခတွေရောက်မှာပဲဆိုတာ မြတ်စွာဘုရားက ရှင်းပြဖို့ ၉-ဂဏန်းနဲ့ **'သတ္တာဝါသဘုံကိုးဝ'** လို့ ရှင်းပြတယ်ပေါ့။

ဟော နောက်ဆုံး **တစ်ဆယ်ဆိုတာ ဘာလဲ?** မေးပြီးတော့ သင်ပေးတာကြည့်၊ ဒါတွေ ပြီးငွေ့လို့ တရားအားထုတ်လိုက်ပြီဆိုရင် ဘာဖြစ်သွားမလဲ၊ အရဟာတ္တမဂ်၊ အရဟာတ္တဖိုလ်ဉာဏ်ရပြီး ရဟန္တာ ဖြစ်သွားမှာ မဟုတ်လား။ အဲဒီရဟန္တာဖြစ်သွားလို့ရှိရင် **ရဟန္တာပုဂ္ဂိုလ်တွေမှာ ပြည့်စုံနိုင်တဲ့ အရည်အချင်းဟာ ဆယ်မျိုး** ရှိတယ်တဲ့၊ အဲဒီဆယ်မျိုးကို ရည်ညွှန်းပြီးတော့ မြတ်စွာဘုရားက **'ဒသ နာမ ကိ?'**၊ ရာဟုလာ ဆယ်ခုဆိုတာဘာလဲ?၊ ရဟန္တာပုဂ္ဂိုလ်တွေဟာ **အဂ်ိဆယ်ပါး** နဲ့ ပြည့်စုံတယ်။

မှန်ကန်တဲ့ ဒီတရားမမှကို မှန်မှန်ကန်ကန် ကျင့်သုံးဆောက်တည်သွားတဲ့ ရဟန္တာပုဂ္ဂိုလ်တွေမှာ အဂ်ိဆယ်မျိုး၊

http://www.dhammadownload.com

အင်္ဂါဆယ်မျိုးဆိုတာ ဘာလဲလို့ဆိုရင် မဂ္ဂင် ၈-ပါးရယ်၊ မဂ္ဂင် ၈-ပါးကိုနောက်ထပ် ထပ်ဖြည့်လိုက်တဲ့နှစ်ခုကတော့ **'သမ္မာဉာဏနဲ့ သမ္မာဝိမုတ္တိ'** နှစ်ခုပဲ၊ **'သမ္မာဉာဏ'** ဆိုတာ မှန်မှန်ကန်ကန် သိမြင်တဲ့ အသိဉာဏ်နဲ့၊ **'သမ္မာဝိမုတ္တိ'** ဆိုတာ မှန်ကန်သော နည်းလမ်းဖြင့် ကိလေသာတွေက လွတ်မြောက်သွားတာတဲ့။

တရားနဲ့ ပတ်သက်ပြီးတော့ (၁)ဂဏန်းကနေ စပြီးတော့ (၁၀)ဂဏန်းအထိ တရားမလွတ်အောင် ဒီမေးခွန်းလေးတွေ မေးမေးပြီး ဖြေခိုင်းတာ၊ ခုနစ်နှစ်အရွယ် ကလေးငယ်ကို သင်ပေးတာတဲ့။

အဲဒီ ရာဟုလာကို သင်ပေးတဲ့ အမေးအဖြေကို အတော်ကို ဆင်းရဲလို့ တောင်းစားရတဲ့ ကလေးငယ်တစ်ယောက်ကို သင်ပေးတယ်။ သုဿာန်ထဲမှာနေပြီး တောင်းစားရတဲ့ ကလေးလေး တစ်ယောက်ပဲ၊ သူ့နာမည်ကို 'သောပါက' လို့ခေါ်တာပေါ့။ အဲဒီ ကလေးငယ်ကိုလည်း ဒီလိုသင်ပေးတယ်၊ နောက် မြတ်စွာဘုရားက မေးတယ်၊ **တစ်ဆိုတာဘာလဲ၊ နှစ်ဆိုတာဘာလဲ** မေးလိုက်တဲ့အခါ သူက မှန်မှန်ကန်ကန် ဖြေတတ်တယ်၊ အဲဒီ ကလေးငယ်က အကုန်လုံးဘုရားသင်ပေးထားတဲ့အတိုင်း မှန်မှန်ကန်ကန် ဖြေတတ်လို့ သူ့ကိုလည်းခုနစ်နှစ်အရွယ်မှာပဲ ရဟန်း အဖြစ် မြတ်စွာဘုရားက ခွင့်ပြုပေးလိုက်တယ်။ ဘုရားလက်ထက်တုန်းက ခုနစ်နှစ်သား ရဟန်းငယ်တွေရှိတယ်ပေါ့။ ခုခေတ်တော့

http://www.dhammadownload.com

ရဟန်းဖြစ်ဖို့ဆိုတာ အသက်နှစ်ဆယ်ပြည့်မှ ရဟန်းဖြစ်နိုင်တာလေ။ အဲတော့ သောပါက သာမဏေဆိုတာ ဒီမေးခွန်းတွေဖြေနိုင်လို့ မြတ်စွာဘုရားက ခုနစ်နှစ်သားအရွယ်မှာပဲ ရဟန်းခံပေးလိုက်တယ်။

သားတော်ရာဟုလာကို မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ဟာ ခုနစ်နှစ်အရွယ် သင်္ကန်းဝတ်ပေးလိုက်တဲ့နောက်မှာ မပြတ်မပြတ် အခုလို မေးခွန်းတွေထုတ်ထုတ်ပြီး သင်ပေးတာ၊ အဆင့်မြင့်တဲ့တရားဓမ္မတွေကို သင်ပေးပြီးသွားတာ။

အမွှလဒ္ဒိက ရာဟုလောဝါဒ

နောက် **'အမွှလဒ္ဒိက ရာဟုလောဝါဒသုတ်'** ဆိုပြီး မှတ်တမ်းတင်ထားတာ ရှိတယ်၊ အဲဒီခုနစ်နှစ်အရွယ်မှာ မြတ်စွာဘုရားက ဒီကလေးငယ်နားလည်အောင် အထူးဟောတဲ့ တရားတစ်ပုဒ် ဖြစ်တယ်။

ကလေးငယ်တွေဟာ ငယ်ရွယ်တဲ့အချိန်တွေမှာ လိမ်ပြောတတ်တယ်၊ အဲဒါကို မိဘတွေက မထိန်းသိမ်းတတ်ဘူးဆိုရင် ဒီကလေးဟာ ကြီးသည်ထိအောင် လိမ်တတ်တဲ့ကလေးဖြစ်သွားတတ်တယ်ပေါ့။ အဲတော့ မလိမ်အောင် သွန်သင်ပေးရမယ်။ ငယ်ငယ်ရွယ်ရွယ်ဆိုတော့ ကြောက်လို့ပဲဖြစ်ဖြစ်၊ ဘာကြောင့်ပဲဖြစ်ဖြစ် လိမ်ပြောတာ၊ လိမ်တာဟာ ကလေးလေးတွေအဖို့မှာ

http://www.dhammadownload.com

မုန့်စားသလိုပဲနော်၊ မှန်မှန်ကန်ကန်ပြောရင် လူကြီးတွေက ငါရိုက်မှာလား မာန်မှာလားဆိုတာ ကြောက်တာနဲ့လည်း လိမ်တာပဲပေါ့နော်၊ အဲဒီလို ခုနစ်နှစ်အရွယ် ကလေးလေးဟာ လိမ်တတ်မှာစိုးလို့ မြတ်စွာဘုရားဟာ ရာဟုလာကို မလိမ်ရ အောင်သင်တဲ့ သုတ္တန်ဖြစ်တယ်။ ဘုန်းကြီးတို့တတွေ အဖို့မှာလည်းပဲ အင်မတန်မှတန်ဖိုးရှိတဲ့ တရားတစ်ပုဒ်ပါပဲ။

တစ်ရက်တော့ မြတ်စွာဘုရားက ရာဟုလာကိုခေါ်တယ်၊ ရာဟုလာ ငါနဲ့လိုက်ခဲ့ဆိုပြီး ခေါ်သွားတယ်၊ မြတ်စွာဘုရားက ခြေဆေးတဲ့နေရာမှာထိုင်ပြီး ခြေဆေးဖို့ခပ်ထားတဲ့ ရေအိုးထဲက ခွက်ကလေးနဲ့ ရေခပ်ယူလိုက်တယ်၊ ခပ်ယူပြီးတဲ့အခါ ရေကလေးကို တစ်ဝက်သွန်ပြီး မြတ်စွာဘုရားက မေးတယ် "ရာဟုလာတွေ့လား ဟောဒီမှာ ရေခွက်ထဲမှာ ရေတစ်ဝက်ပဲ ရှိတယ် တွေ့လား" ဆိုတော့ "တွေ့ပါတယ် ဘုရား" တဲ့၊ "လောကမှာ လိမ်ပြောတတ်တဲ့လူဆိုတာ ကိုယ်ကျင့်တရား ပြည့်ပြည့်ဝဝ မရှိဘူး" တဲ့၊ ဟော ကိုယ်ကျင့်တရားဟာ မပြည့်ဝဘူးပေါ့၊ "ဒီခွက်ထဲကရေတွေ မပြည့်သလိုပဲ လိမ်တတ်ပြီဆိုရင် မင်း ကိုယ်ကျင့်တရားတွေ မပြည့်နိုင်ဘူး" တဲ့။

အဲဒီလို ကလေးငယ်နားလည်တဲ့ စကားလုံးသုံးပြီး ရှင်းပြတယ်။ မြတ်စွာဘုရားက ခွက်ထဲကရေတွေကို သွန်လိုက်တယ်၊ "ရာဟုလာ ဟောဒီခွက်ထဲမှာ ရေတွေရှိသေးလား" "မရှိတော့ဘူး

http://www.dhammadownload.com

ဘုရား" ရေတွေသွန်လိုက်တယ်၊ "အေး အဲဒီလို သွန်လိုက်သလိုပဲ လိမ်ပြောတဲ့ ပုဂ္ဂိုလ်ဟာ ကိုယ်ကျင့်တရားတွေကို အကုန်လုံး စွန့်ပစ်လိုက်တာနဲ့ အတူတူပဲ" တဲ့။

မြတ်စွာဘုရားက ခွက်ကို မှောက်ပြီးတော့ မေးတယ်၊ "ရာဟုလာ တွေ့လား ငါခွက်ကလေးကိုမှောက်ထားတာ၊ အဲဒီ ခွက်ကလေး မှောက်လိုက်သလိုပဲ လိမ်ပြောတတ်တဲ့ ပုဂ္ဂိုလ်ရဲ့ အကျင့်တရားတွေဟာ အကုန်လုံးဇောက်ထိုးပဲ၊ ဘာမှမရှိတော့ဘူးပေါ့၊ အကျင့်တရားတွေကို အကုန်လုံးမှောက်ပစ်လိုက်တာနဲ့ အတူတူပဲ" တဲ့။

နောက်တခါ မြတ်စွာဘုရားက ခွက်ကလေးကို ပြန်လှန်လိုက်တယ်၊ "ဟောဒီခွက်ထဲမှာ ဘာရှိလဲ ဘာမှမရှိဘူး၊ အေး ခွက်ထဲမှာ ဘာမှမရှိသလိုပဲ လိမ်ပြောတတ်တဲ့ ပုဂ္ဂိုလ်သန္တာန်မှာ ကိုယ်ကျင့်တရားဆိုတာ ဘာမှမရှိဘူးတဲ့၊ ဒါကြောင့် ရယ်စရာ အနေနဲ့တောင် လိမ်မပြောနဲ့၊ လိမ်တာဟာ အင်မတန်အပြစ်ကြီးတယ်"

ကဲ ဘုရားဆုံးမတဲ့စကားနဲ့ ဒီကနေ့ခေတ်ပြောနေကြတာတွေနဲ့ ဘယ်လိုမျှား ကွာခြားနေကြလဲ၊ ဒီကနေ့ခေတ်ကြတော့ အေး **"မုသားမပါ လက်ာမချော"** တဲ့နော်၊ လက်ာချောအောင် မုသားလေး ထည့်ထည့်ပြီးတော့ ပြောနေကြရတာ။ မြတ်စွာ

http://www.dhammadownload.com

ဘုရားက ကြည့်- လိမ်ပြောတတ်လို့ရှိရင်တဲ့ ဘာမှ ကိုယ်ကျင့်တရားမရှိတော့ဘူးလို့ ဒီလိုကို ဟောထားတာ၊ လိမ်မှာစိုးလို့နော်။

သုတ္တန်တစ်ခုမှာဆိုရင် မြတ်စွာဘုရားဟောထားတာကြည့်၊

"ဇော် ဓမ္မံ အတိတသေ။

မုသာဝါဒိသ္သ ဇန္တုနော" တဲ့၊ မှန်မှန်ကန်ကန်ပြောခြင်းဆိုတာ တစ်ခုကို ကျော်လွှားပြီးတော့ မုသားစကားဆိုတတ်တဲ့ ပုဂ္ဂိုလ် အဖို့မှာတဲ့ **"ဝိတိဏ္ဏ ပရလောကဿ၊ နတ္ထိ ပါပံ အကာရိယံ"**၊ တမလွန်လောကကိုမစဉ်းစားဘူး၊ လုံးဝလွတ်လွတ်ထားတဲ့ ပုဂ္ဂိုလ် တစ်ယောက်အနေနဲ့ သူ မလုပ်တဲ့ အကုသိုလ်ဆိုတာမရှိဘူးတဲ့။

ဆိုလိုတာက လိမ်ပြောတတ်တဲ့ပုဂ္ဂိုလ်မလုပ်တဲ့ အကုသိုလ် မရှိဘူး၊ သူအကုန်လုပ်မယ်လို့ ပြောတာနော်၊ ဒါ လိမ်ခြင်းရဲ့ အပြစ်ကိုပြောတာ၊ မုသားစကားပြောပြီဆိုမှတော့ ကျန်တဲ့ အကုသိုလ်တွေလည်း သူလုပ်မှာဘဲတဲ့၊ ဒါပြောတာ၊ ဘာဖြစ်လို့ တုန်းဆိုတော့ ကြည့်လေ၊ ဘာလုပ်လုပ် လိမ်လိုက်ရင် ပြီးသွားတာကိုး၊ အဲတော့ လုပ်ဖို့ရာအတွက် ဘာမှ ဝန်မလေးတော့ဘူးလို့ပြောတာ၊ အဲဒါကြောင့်မို့ ရာဟုလာကို မြတ်စွာဘုရားက လိမ်တဲ့အပြောမျိုးတွေ ဖြစ်မှာစိုးလို့ မလိမ်ရအောင် သူ့ကို နားချပြီးတော့ စိတ်ထဲမှာ စွဲသွားအောင် သင်ကြားပေးတာပေါ့။

မိဘလုပ်တဲ့ပုဂ္ဂိုလ်တွေက မိမိတို့ရဲ့သားသမီးတွေကို ဒီလိုပဲ သင်ကြားပေးရမှာပေါ့။ မြတ်စွာဘုရားသင်ပေးသလို မလိမ်ရ

http://www.dhammadownload.com

အောင် သင်ရမယ်၊ မလိမ်အောင် သင်မပေးဘဲနဲ့ ကလေးငယ်ကို ကြောက်အောင် လုပ်ထားတဲ့အခါ ကြောက်လို့လိမ်တယ်၊ နောက် ကျတော့ လိမ်လို့ရမှန်းသိတော့ ဆက်လိမ်တာပေါ့။ နောက်ဆုံး လူလိမ်ကြီးဖြစ်သွားရောနော်၊ အဲတော့ မြတ်စွာဘုရားကတော့ သားတော်ရာဟုလာလေးကို 'မုသာဝါဒ' ဆိုတဲ့ အမှန်တရားကို မပြောဘဲနဲ့ မဟုတ်တာကို ပြောတာမျိုး မလုပ်မိဖို့ ဆုံးမတယ်။

အဲဒီလို အကြောင်းအရာမမှန်ကန်တဲ့စကားလုံးကို လုံးဝ မပြောနဲ့လို့ ပြောတာ၊ မမှန်မကန်တဲ့စကားလုံးကို လုံးဝမပြောနဲ့၊ ရယ်စရာအနေနဲ့တောင် မပြောနဲ့လို့ ဒီလို ပြောတာနော်၊ အဲဒီလို မြတ်စွာဘုရားက **'မုသာဝါဒ'** ကနေ ရှောင်ကြဉ်အောင် ရာဟုလာ ကို ရေခွက်ကလေးနဲ့ ပုံပြပြီး ဟောကြားဆုံးမပေးတယ်၊ အဲဒီလို ဟောကြားဆုံးမပြီးတဲ့အခါမှာ နောက် ဥပမာတစ်ခု မြတ်စွာ ဘုရားက ပြောတယ်။

"ရာဟုလာ၊ မင်း စစ်သုံးဆင်ကြီးတွေ မြင်ဖူးသလား" ဆိုတော့ "မြင်ဖူးပါတယ်ဘုရား"၊ နန်းတော်မှာကြီးပြင်းတဲ့ ပုဂ္ဂိုလ် ဆိုကော့ ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်ဆိုတာ ကြုံဖူးနေတာ ပေါ့နော်၊ အဲဒီစစ်တိုက်တဲ့ဆင်ကြီးတွေဟာ အမြဲတမ်းလေ့ကျင့် နေရတာပေါ့။ တိုက်ပွဲဝင်နေရတာ၊ ဆင်တွေကို ဘယ်လိုလေ့ကျင့် တာတုန်းဆိုလို့ရှိရင် အိုး- ဆင်တွေကို လှံတွေနဲ့ထိုး၊ ဘယ်လောက် ထိအောင်ခံနိုင်ရည်ရှိသလဲဆိုတာ ဘယ်လှံနဲ့ထိုးထိုး မမှုအောင်

http://www.dhammadownload.com

ဆင်ကို ဒီလို လေ့ကျင့်သင်ကြားပေးရတာ၊ ရှေ့ကနေပြီးတော့ စစ်စည်းကြီးတွေ တီးတဲ့အခါမှာလည်းပဲ ဆင်တွေဟာ လှုပ်ရှားပြီးတော့ ထွက်ပြေးမသွားအောင်၊ ကြံ့ကြံ့ခံနိုင်အောင် အဲဒီလို လေ့ကျင့်သင်ကြားပေးတာတွေကို ရာဟုလာဟာ မြင်ဖူးမှာပေါ့။

အဲဒီမှာ မြတ်စွာဘုရားက "အဲဒီစစ်တိုက်တဲ့ဆင်ကြီးတွေဟာတဲ့ စစ်ပွဲရောက်တဲ့အခါ လက်နှစ်ဖက်၊ ခြေနှစ်ဖက်၊ အမြီးကို အသုံးပြုတယ်။ ခြေထောက်နဲ့လည်း နင်းတယ်၊ အစွယ်နဲ့လည်း ထိုးတယ်၊ သို့သော် သူ့နှာမောင်းကိုတော့ အသုံးမချသေးဘူးတဲ့၊ ဒီဆင်ကြီးဟာ နှာမောင်းကို အသုံးမပြုသေးရင် အသက်မစွန့်သေးဘူးပေါ့။ နှာမောင်းကစ အကုန်လုံး အသုံးချပြီး တိုက်ပွဲဝင်ပြီဆိုရင်၊ အေး ဒီဆင်ကြီးဟာ တိုင်းပြည်အတွက် အသက်စွန့်ထားပြီးပြီ၊ အားလုံးကို သူတိုက်ပွဲဝင်နေပြီလို့ ဒီလိုသိရတယ်တဲ့၊ ဒီလိုသိရသလို ဆင်ကြီးဟာ ဘာမှမချန်ခြွင်းဘူး၊ သူ့ရှိတဲ့ တတ်နိုင်တဲ့ အရာတွေအားလုံး သူ့ခန္ဓာကိုယ်အသုံးချပြီး တိုက်ပွဲဝင်နေပြီဆိုလို့ရှိရင် သူ့မလုပ်တာ ဘာမှမရှိတော့ဘူးလို့ ပြောရသလိုပဲတဲ့၊ လိမ်တတ်တဲ့လူဟာ သူ့မလုပ်တဲ့အကုသိုလ်ဆိုတာ ဘာမှ မရှိတော့ဘူးလို့ ပြောတာ။

အဲတော့ **'မုသာဝါဒ'** လိမ်လည်ပြောဆိုမှု မလုပ်ဖို့ ဒီ **'အမွှလဋ္ဌိက ရာဟုလောဝါဒသုတ်'** မှာ ခုနစ်နှစ်အရွယ်

http://www.dhammadownload.com

ကလေးငယ် သဘောပေါက်လိုက်နာနိုင်အောင် မြတ်စွာဘုရားက ဟောပြောတာ။

နောက် သွန်သင်ပေးပြီးတော့ လေ့ကျင့်တဲ့ လေ့ကျင့်မှုလေးတွေကို မြတ်စွာဘုရားက ပေးသေးတယ်၊ အဲဒါတွေလည်း ဘုန်းကြီးတို့တတွေ လိုက်နာကျင့်သုံးလို့ အင်မတန် ကောင်းတယ်ပေါ့၊ မြတ်စွာဘုရားသင်ပေးတဲ့ လေ့ကျင့်ပေးဖို့ စဉ်းစားစရာလေးတွေက ဘာတုန်းဆိုရင် မြတ်စွာဘုရားက "ရာဟုလာတဲ့၊ မှန်ဆိုတာ ဘာလုပ်ဖို့တုန်း" တဲ့နော်။

အားလုံးပရိသတ်တွေ သိတယ်နော်၊ မှန်ဆိုတာ ဘာလုပ်ဖို့လည်းဆိုတာ ပြောမယ်ဆိုရင် ဖြေပုံခြင်းတော့ တူချင်မှတူမှာ၊ **မှန်ဆိုတာကြည့်ဖို့**တဲ့၊ ကြည့်တာအဓိကလား၊ ကြည့်ပြီးတော့ ဘာလုပ်မှာလည်းဆိုတာ အဓိကလား၊ ကြည့်ပြီးဘာလုပ်မှာဆိုတာ ပိုအဓိကကျတယ်ဟုတ်လား၊ အဲတော့ ရှင်ရာဟုလာလို ခုနစ်နှစ်သားလေးက ဘယ်လိုဖြေတုန်းဆိုတော့ "ရာဟုလာ မှန်ဆိုတာ ဘာလုပ်ဖို့တုန်း" ဆိုရင် "**မှန်ဆိုတာ ကိုယ့်မျက်နှာကိုစစ်ဆေးဖို့ပါ**" တဲ့၊ သူပြောတာ ကြည့်ဖို့လို့မပြောဘူး၊ ဟုတ်ကဲ့လား၊ မှန်ဆိုတာ ကိုယ်မျက်နှာမှာဘာတွေရှိတယ်ဆိုတာ စစ်ဆေးဖို့၊ ဟုတ်တာပေါ့၊ သနပ်ခါး လိမ်းထားရင် ညီမညီပေါ့နော်၊ မိတ်ကပ်လိမ်းထားရင် ညီမညီ ဒါကြည့်မှာပေါ့၊ သို့မဟုတ် မျက်နှာမှာ အနာအဆာ ရှိမရှိကြည့်ဖို့ပေါ့။

http://www.dhammadownload.com

ရှေးခေတ်တုန်းက မှန်ကို ကြေးမုံလို့ခေါ်တာ၊ ခုခေတ်နဲ့ တော့မတူဘူး၊ ခုခေတ်က ပြဒါးသုတ်ထားတဲ့ တကယ့်မှန်ကို မှန်လို့ ခေါ်တာပေါ့။ ရှေးခေတ်တုန်းကတော့ကြေးပြားကို ဝင်းနေအောင် ပွတ်ထားတာ၊ ကြေးမုံဆိုတာ ရှေးဟောင်း ပြတိုက်တွေထဲမှာ ရှိတတ်တယ်ပေါ့။ အဲဒီကြေးပြားလေးကို ဝင်းနေအောင် ပွတ်ထားပြီးတော့ ကြည့်တာ၊ အဲဒီကြေးမုံဆိုတဲ့ မှန်ဟာ ဘာလုပ်ဖို့တုန်း ဆိုတော့ "ကိုယ့်ကိုယ်ကိုကြည့်ပြီးတော့ သုံးသပ်ဆင်ခြင်ဖို့ပါ" တဲ့၊ မျက်နှာမှာ ဘာရှိသလဲဆိုတာ သိဖို့ပါတဲ့။

အေး၊ အဲဒီအတိုင်းပဲတဲ့၊ ကိုယ့်ကိုယ်ကို ဆင်ခြင်သုံးသပ်ရမယ်တဲ့၊ အမှတ်တမဲ့ ဘာမှမလုပ်နဲ့တဲ့၊ အမှတ်တမဲ့ ဘာမှမပြောနဲ့တဲ့၊ အမှတ်တမဲ့ ဘာမှမတွေးနဲ့တဲ့။

ဟော လူ့လောကလူတွေမှာ အလုပ်သုံးမျိုးရှိတယ်၊ စိတ်နဲ့ တွေးတာရယ်၊ ပါးစပ်နဲ့ ပြောတာရယ်၊ ကိုယ်ထိလက်ရောက် လုပ်တာရယ်၊ လူတိုင်းလူတိုင်းဟာ ဒီအတိုင်းပဲလေ၊ မနက်မိုးလင်းလာတဲ့အခါမှာ၊ မနက်မိုးလင်းလို့ အိပ်ယာကထလိုက်တာနဲ့ ဘာက စတုန်းဆို တွေးတာကစတာပဲမဟုတ်လား။ တွေးပြီးရင် ပြောပြီ၊ ပြောပြီး လုပ်ပြီ၊ ဟော ဒီလိုလာတာကိုး၊ အဲဒါကိုပဲ စာပေလိုပြောတော့ မနောကံတဲ့၊ ဝစီကံတဲ့၊ ကာယကံတဲ့။ စိတ်ထဲက တွေးတာကြံတာတွေကို မနောကံလို့ ခေါ်တာပဲ၊ ပါးစပ်ကထုတ်ပြောတာကို

http://www.dhammadownload.com

ဝစီကံလို့ခေါ်တာပဲ၊ ကိုယ်ထိလက်ရောက် လုပ်ကိုင်လှုပ်ရှား နေတာကို ကာယကံလို့ ခေါ်တာပဲ။

အဲဒီလို လူတွေဟာနေ့စဉ်နှင့်အမျှ စိတ်ထဲကကြံတွေးတယ်၊ နှုတ်ကထုတ်ပြောတယ်၊ လက်ကလုပ်တယ်၊ အဲဒီ သုံးမျိုးလုံးနဲ့ ပတ်သက်ပြီးတော့ မြတ်စွာဘုရားက အပြစ်မဖြစ်အောင် မှန်ကြည့်သလို ကိုယ့်ကိုယ်ကိုအမြဲတမ်းကြည့်ပြီးတော့ စဉ်းစားတဲ့၊ ဟုတ်လား၊ မှန်ကိုကြည့်ပြီး မျက်နှာကိုပြင်သလိုပဲတဲ့ ကိုယ့်ကိုယ်ကိုပြင်ရလိမ့်မယ်။

လူတွေရဲ့ဖြစ်စဉ်နဲ့ပြောရင် မနက် အိပ်ယာထလိုက်တာနဲ့ တပြိုင်နက် စိတ်ထဲမှာအတွေးတွေဝင်လာတယ်၊ တွေးပြီ၊ တစ်ခုခု တွေးပြီ၊ တွေးနေတာရှိတယ်၊ တွေးပြီးတာရှိတယ်၊ တွေးမယ့် အချက်တွေရှိတယ်ပေါ့၊ ပြောမယ်ဆိုလို့ရှိရင် ကဲ တွေးပြီလို့ ဆိုလိုက်တဲ့အချိန်မှာ အဲဒီအတွေးကို မှန်ကြည့်ပြီး ဆင်ခြင်သုံးသပ်သလို ပြန်သုံးသပ်ရလိမ့်မယ်။

လောကလူတွေက တွေးပြီးတဲ့နောက်ပြောတယ်၊ ပြောပြီးတဲ့နောက် လုပ်လိုက်တယ်၊ ပြီးပြီနော်၊ အဲဒီအတွေးကို ပြန်ပြီး သုံးသပ်တာရှိလား၊ မရှိဘူး၊ အပြောကိုပြန်ပြီး သုံးသပ်တာရော၊ မရှိဘူး၊ အလုပ်ကို ပြန်ပြီး သုံးသပ်တယ်ဆိုတာရော မရှိဘူး၊ မှန်ကြည့်တယ်ဆိုတာ ကြည့်ရုံကြည့်တာမဟုတ်ဘူး၊ သုံးသပ်တာနော်၊ ဆင်ခြင်သုံးသပ်တယ်။

http://www.dhammadownload.com

အဲဒါကြောင့်မို့လို့ တစ်စုံတစ်ခု တွေးပြီးပြီဆိုရင် ဆင်ခြင်သုံးသပ် ကြည့်ပါတဲ့၊ တွေးပြီးတဲ့နောက်မှာ မပြောခင် သုံးသပ်ကြည့်လိုက်ဦး၊ "ငါ ဒါတွေ ဒါတွေတွေးပြီ၊ ငါတွေးတဲ့ အတွေးဟာ ငါ့အတွက် ထိခိုက်သလား၊ သူများကိုထိခိုက်သလား၊ နှစ်ဦးလုံးကို ထိခိုက်သလား၊ သို့မဟုတ် အပြစ်မကင်းတဲ့အကုသိုလ်၊ ဒုက္ခကို ဖြစ်စေတတ်တဲ့ အရာလားဆိုတာ စဉ်းစားလိုက်ပါ" တဲ့၊ သုံးသပ်ကြည့်ပါတဲ့။

အဲဒီလို သုံးသပ်ကြည့်ရင် အဖြေက နှစ်မျိုးပဲထွက်နိုင်တယ်၊ မကောင်းတဲ့အတွေးဆိုလို့ရှိရင် သူများလည်းထိခိုက်မယ်၊ ကိုယ့်လည်းထိခိုက်၊ နှစ်ဦးလုံးလည်း ထိခိုက်တယ်၊ ဒုက္ခဖြစ်စေတတ်တဲ့ အကုသိုလ်လည်းဖြစ်မယ်ဆိုတော့ ဟောဒီ အဖြေထွက်လာတယ်ပေါ့။ ဟော- နောက်တစ်ခု အဖြေတစ်ခုကတော့ သူများလည်းမထိခိုက်ဘူး၊ ကိုယ့်လည်းမထိခိုက်ဘူး၊ နှစ်ဦးလုံးလည်း မထိခိုက်ဘူး၊ ဒုက္ခကိုဖြစ်စေတတ်တဲ့ အကုသိုလ်လည်း မဟုတ်ဘူးဆိုတဲ့ ဟောဒီအဖြေ။

အဲဒီအဖြေနှစ်ခုကြည့်ပြီးဟောတဲ့၊ မြတ်စွာဘုရားက မင်းတွေးနေတဲ့ အချိန်မှာ ပြန်ပြီးတော့ သုံးသပ်တဲ့၊ ငါတွေးနေတဲ့ အတွေးဟာ အဖြေထုတ်တဲ့အခါမှာတဲ့ ငါ့အတွက် အကျိုးမဲ့မယ့်ဟာလား၊ သူများအတွက်အကျိုးမဲ့ဖြစ်မယ့်ဟာလား၊ အကုသိုလ်ဖြစ်မယ့်ဟာလားပေါ့လေ၊ အကုသိုလ်ဖြစ်မယ့်အတွေးမျိုးဆိုရင်

http://www.dhammadownload.com

ဆက်မတွေးနဲ့တော့ ရပ်လိုက်၊ ကုသိုလ်ဖြစ်မယ့်အတွေးဆိုရင် ဆက်တွေးတဲ့။

ကိုယ့်ကိုယ်ကိုဆင်ခြင်သုံးသပ်တဲ့ နည်းစနစ်တွေကို ပြောတာ၊ တွေးတာကို အတွေးအတိုင်းမထားနဲ့၊ နောက်က ဆင်ခြင်သုံးသပ်မှု လိုက်ပေးရမယ်၊ အဲဒီလို လိုက်လိုက်တဲ့အခါ အဖြေထွက်လိမ့်မယ်၊ အဖြေထွက်လာတဲ့အခါမှာ မကောင်းတဲ့ အတွေးဆိုရင် ရပ်ထားလိုက်တဲ့၊ ကောင်းတဲ့အတွေးဆို ဆက်တွေးလိုက်တဲ့။

အပြောနဲ့ ပတ်သက်လာရင်လည်း အဲဒီအတိုင်းပဲ "ငါပြောတဲ့ အပြောဟာ အကုသိုလ်ဖြစ်တဲ့ အပြောလား၊ ကုသိုလ်ဖြစ်တဲ့ အပြောလား" မပြောခင်၊ ပြောတော့မယ်ဆိုရင် ဆင်ခြင်သုံးသပ်ပြီး အဖြေထုတ်လိုက်ပါ။ အကုသိုလ်ဖြစ်တဲ့ အပြောမျိုးဆိုရင် မပြောနဲ့၊ ပြောနေလက်စဆိုရင် ရပ်ပစ်လိုက်တဲ့၊ ရှေ့ဆက်မပြောနဲ့တော့တဲ့။ ပြောပြီးသားဖြစ်သွားရင် ဘာလုပ်မတုန်းဆို ပြောပြီးသား ဖြစ်သွားပြီးရင် ကိုယ်လေးစားရတဲ့ ပုဂ္ဂိုလ်ထဲက တစ်ဦးဦးထံသွား၊ သူဒါမျိုးဒါမျိုးတွေ ပြောမိပါတယ် မှားမိပါတယ်၊ နောက်ထပ်မပြောအောင်ဂရုစိုက်ပါမယ်" ဆိုပြီးတော့ ဝန်ချလိုက်တဲ့၊ ဟော Confession ခေါ်တာပေါ့နော်၊ "နောင် ဒါမျိုးမဖြစ်စေရပါဘူး" ဆိုပြီးတော့ ဝန်ချထားလိုက်တဲ့၊ ဒါ အပြောနဲ့ ပတ်သက်ပြီးတော့ မြတ်စွာဘုရားရဲ့ အဆုံးအမဖြစ်တယ်။

http://www.dhammadownload.com

ကဲ - မကောင်းတဲ့ အလုပ်၊ ကောင်းတဲ့ အလုပ်၊ အလုပ် တစ်ခုခုကို လုပ်တယ်ဆိုပါစို့၊ လုပ်တဲ့အခါ မလုပ်ခင်၊ လုပ်နေတုန်း ဆင်ခြင်စဉ်းစားကြည့်လိုက်ပါတဲ့၊ အဲဒီလို ဆင်ခြင်စဉ်းစားပြီး အဖြေထုတ်ကြည့်လိုက်တဲ့အခါ ကိုယ်လုပ်တဲ့ အလုပ်ဟာ အကုသိုလ်ဖြစ်တဲ့အလုပ်ဆိုရင်၊ လုပ်နေတုန်းဆိုရင်လည်း ဆက် မလုပ်နဲ့ ရပ်ပစ်လိုက်၊ မလုပ်ရသေးရင်လည်း မလုပ်ဘဲနေလိုက်၊ ကဲ - လုပ်မိသွားပြီးပြီဆိုရင် ဘာလုပ်မလဲဆိုတော့ ခုနလိုပဲ ဝန်ချလိုက်တဲ့၊ "ငါလုပ်တာ မှားသွားပြီ၊ နောက်ထပ်ဒါမျိုးမဖြစ်အောင် ထိန်းသိမ်းစောင့်ရှောက်ပါ့မယ်" လို့ ဝန်ခံကတိပေးလိုက်ပါတဲ့။

မိဘထံမှာပဲဖြစ်စေ၊ ဆရာသမားထံမှာပဲဖြစ်စေ တစ်ဦး တစ်ယောက်ဆီသွားပြီး ဝန်ချတယ်ဆိုတာဟာ တခြားမဟုတ်ဘူး၊ စိတ်ထဲမှာ မှတ်မှတ်သားသားဖြစ်ပြီးတော့ နောင် ရှောင်ကြဉ်နိုင် အောင်လို့ လုပ်တဲ့သဘောပဲ၊ Confession ခေါ်တာပေါ့။ တခြား ဘာသာဝင်တွေဆိုရင်လေ မဟုတ်တာလုပ်ပြီးလို့ရှိရင် သူတို့ ဘုရားကျောင်းထဲသွားပြီး Cofession လုပ်ကြတယ်ဆိုတာ ရှိတယ်။

ဗုဒ္ဓဘာသာမှာလည်း ဘုန်းကြီးတွေ ဒေသနာကြားတယ် ဆိုတာ Cofession လုပ်တာပဲ၊ ဒီတစ်ခုလုပ်မိသွားပါပြီ၊ လုပ်မိ သွားတာကို အပြစ်လို့မြင်သလား၊ မြင်ပါတယ်။ ဒါဖြင့် အဲဒီ

http://www.dhammadownload.com

အပြစ်ကို နောင်မလုပ်အောင်ရှောင်မလား၊ ရှောင်ပါ့မယ်ဆိုပြီး ပဋိညာဉ်ပေးတာပဲ၊ ဒေသနာကြားတယ် ဆိုတာ အဲဒါပြောတာ။ ဖွင့်ဟပြီးပြောလိုက်သဖြင့် ရင်ထဲမှာလည်းပဲ ရှင်းသွားတယ်၊ ဖွင့်ဟဝန်ခံခြင်းဟာ ရင်ကို အေးသွားစေတယ်ပေါ့။

အဲဒီလိုမဟုတ်ရင် လူက မဟုတ်တာ လုပ်မိထားတယ်၊ "ငါမဟုတ်တာလုပ်မိတယ်၊ လုပ်မိတယ်" နဲ့ စိတ်ထဲမှာရင်လေးပြီး တွေးနေတတ်တယ်ပေါ့။ ဖွင့်ဟဝန်ခံပြီး အမှားကို ဝန်ခံလိုက်တဲ့ အချိန်မှာ ရင်ပေါ့သွားတယ်၊ အဲဒီသဘောကြောင့် မြတ်စွာဘုရားက ကိုယ်လုပ်တာနဲ့ ပတ်သက်လာပြီး အဖြေထုတ်ကြည့်တဲ့၊ အဖြေထုတ်ကြည့်လို့ အကုသိုလ်အမှုမျိုး ဆိုရင်တော့ မလုပ်နဲ့တဲ့ ရပ်ပစ်လိုက်ပါတဲ့၊ လုပ်မိသွားပြီဆိုလို့ရှိရင် ပညာရှိထံဖြစ်စေ ကိုယ်လေးစားရတဲ့ ပုဂ္ဂိုလ်ထံဖြစ်စေ ဝန်ချပြီး "နောင် ဒါမျိုး မလုပ်တော့ပါဘူး" လို့ ပဋိညာဉ် ပေးလိုက်တဲ့။ အကယ်၍ ကိုယ်လုပ်တဲ့အလုပ်ဟာ ကောင်းတဲ့အလုပ်ဆိုလို့ရှိရင် ကျေနပ် ဝမ်းသာပြီးတော့ ကောင်းတဲ့အလုပ်ကိုဆက်လုပ်ဖို့ပေါ့၊ ဒီလိုဆိုလိုတာ။

သားတော်ရာဟုလာလေးကို "**အမွေလဒ္ဓိက ရာဟုလောဝါဒ**" သုတ္တန်မှာ မြတ်စွာဘုရားက ဒီလိုသင်ပေးတာ။ ဒီကနေ့ ခေတ်မှာလည်း ဒါကိုနမူနာယူပြီး ငယ်ငယ်ထဲက လေ့ကျင့်သင်ကြားပေးမယ် ဆိုလို့ရှိရင် အဖိုးတန်ဖြစ်လာမှာပဲ။

http://www.dhammadownload.com

မြတ်စွာဘုရားက တရားဟောတယ်ဆိုတာ လူမမာသုံးဦးနဲ့ နှိုင်းယှဉ်မှတ်သားသင့်တယ်။ လူမမာသုံးမျိုးရှိတယ်ပေါ့၊ ဆေးကုသလည်းမပျောက်တော့ဘူး၊ သေမှာပဲ။ နောက်တစ်ဦးက ဆေးကုကု မကုကု သူ့ဟာသူ ပျောက်သွားမှာဘဲ။ နောက်တစ်ဦးကတော့ ဆေးကုမှ ပျောက်မယ်၊ မကုရင် သေမယ်ဆိုတဲ့လူနာ။ အဲတော့ ဆေးကုရင်ပျောက်မယ် မကုရင် သေမယ်ဆိုတဲ့ လူနာအတွက် ဆေးကုသဖို့လိုအပ်တယ်ပေါ့၊ ကျန်တဲ့လူတွေအတွက်က မလိုအပ်ဘူးလေ၊ သေချာစဉ်းစားကြည့်ရင် ကုကု၊ မကုကု သေမယ်ဆိုတဲ့ လူဟာ မလိုတော့ဘူးနော်၊ မလိုတော့ဘူး၊ ကုကု မကုကု ရောဂါပျောက်မှာပဲဆိုတဲ့ လူအတွက်လည်းမလိုအပ်ဘူး၊ လိုအပ်တဲ့လူဟာ ဘယ်သူတုန်းဆိုရင် မကုပဲထားရင်သေမယ်၊ ကုလို့ရှိရင် အသက်ရှင်မယ်။ ဟော အဲဒီပုဂ္ဂိုလ်အတွက် လိုအပ်တယ်၊

အဲဒါလိုပဲ တချို့ ပုဂ္ဂိုလ်တွေက တရားနာရမှ၊ အသိဉာဏ်ဆုံးမသြဝါဒရမှ အသိဉာဏ်ရမယ့် ပုဂ္ဂိုလ်မျိုးကျတော့ ဆုံးမသြဝါဒပေးရတယ်တဲ့၊ အချို့ကျတော့ ဆုံးမသြဝါဒပေးတာ ရသည်ဖြစ်စေ မရသည်ဖြစ်စေ မွေးကတည်းက သူ့ဟာသူ သန္ဓေကောင်းလို့ လိမ္မာလာတဲ့ ပုဂ္ဂိုလ်ကရှိသေးတယ်၊ ဆုံးမသြဝါဒ ရသည်ဖြစ်စေ မရသည်ဖြစ်စေ သူ့ဟာသူ လိမ္မာလာတာတဲ့ ကလေးက ရှိတယ်။

http://www.dhammadownload.com

အေး တချို့ကတော့ ဘယ်လိုပဲဆုံးမ ဆုံးမနော်၊ သန္ဓေကိုက မကောင်းလို့ ဘယ်လို ဆုံးမလို့မှမရဘူး၊ အလေအလွင့်ဖြစ်ပြီးတော့ မိုက်မဲသွားမယ့်ကလေးမျိုးကလည်း ရှိတာပဲ၊ အဲတော့ ဒီလိုသုံးမျိုးထဲကနေပြီးတော့ ဆုံးမမှ လိမ္မာပြီးတော့ မဆုံးမရင် မလိမ္မာဘူးဆိုတဲ့ ကလေးအတွက် ရည်ညွှန်းပြီးတော့ ဆုံးမသြဝါဒပေးရတယ်၊ ဒီလိုပြောတာနော်၊ ကျန်တဲ့နှစ်ယောက်အတွက် ပြောတာမဟုတ်ဘူး၊ ဆုံးမမှ လိမ္မာမယ်၊ မဆုံးမရင် လူမိုက်ကလေးဖြစ်သွားမယ်ဆိုတဲ့ ပုဂ္ဂိုလ်အတွက် ဆုံးမစကား ပြောရတယ်တဲ့၊ အဲဒီလိုဆိုလိုတယ်။

ရှင်ရာဟုလာကို မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က အခုလို ခုနစ်နှစ်သားအရွယ်မှာ ဒီတရားတွေကို ဟောကြားပြီးတော့ ဆုံးမသွန်သင်ပေးခဲ့ပါတယ်။

ဒါကြောင့်မို့ တရားချစ်ခင် သူတော်စင်ပရိသတ်တို့ **"ရှင်ရာဟုလာ၏ဘဝနှင့် ဗုဒ္ဓမြတ်စွာရဲ့ အဆုံးအမ"** ဟာ အလွန်မှတ်သားစရာကောင်းတယ်။ နောက် အသက်ဆယ့်ရှစ်နှစ်အရွယ် ရောက်လာတဲ့အခါ ဘာတွေဆုံးမတယ်၊ နောက် ရဟန်းဖြစ်ပြီး နောက်ဆုံးရဟန္တာဖြစ်မယ့်နေ့မှာ ဘယ်လို ဝိပဿနာ ကျင့်စဉ်တွေနဲ့ အဆုံးအမပေးပြီး ရဟန္တာဖြစ်သည်ထိအောင် မြတ်စွာဘုရားစောင့်ရှောက်ခဲ့တယ်ဆိုတာ နောက်ရက်တွေမှာ ဆက်ပြီးတော့ နာကြရမှာ ဖြစ်ပါတယ်။

http://www.dhammadownload.com

ဒါကြောင့်မို့ ဒီကနေ့ သားတော်ရာဟုလာ ခုနစ်နှစ်သား အရွယ်ကလေးမှာ မြတ်စွာဘုရား ဆုံးမပုံကို သိရှိပြီး မိမိတို့ ကိုယ်တိုင်လည်း မြတ်စွာဘုရားအဆုံးမတွေ ခံယူချက်ထားပြီး တော့ ကြိုးစားကာ လိုက်နာကျင့်သုံးနိုင်ကြပါစေကုန်သတည်း။

သာဓု ... သာဓု ... သာဓု



http://www.dhammadownload.com

http://www.dhammadownload.com

ရှင်ရာဟုလာ၏ ဘဝနှင့် မြတ်ဗုဒ္ဓ၏ အဆုံးအမ အပိုင်း(၂)



မှတ်တမ်း

သာသနာတော်နှစ် ၂၅၅၄-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၂-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော်(၁)ရက်၊ မုံရွာမြို့၊ ရွှေစည်းခုံစေတီတော်မြတ်ကြီး၏ ဓမ္မာရုံအတွင်း ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် ဓမ္မသဘင် အခမ်းအနားဝယ် မုံရွာမြို့၊ ဘုရားကြီးလမ်းနေ၊ အဖ ဦးသန်း၊ အမိ ဒေါ်ခင်ကြည်တို့ကို အမှူးထား၍ သား- ကိုကျော်မင်းသန်း၊ သမီး မသန်းသန်းဦး၊ မချို့မာ "ပန်းကံ့ကော်စတိုး" မိသားစု တို့၏ အမတဒါန ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားအပ်သော **"ရှင်ရာဟုလာ၏ ဘဝနှင့် မြတ်ဗုဒ္ဓ၏ အဆုံးအမ၊ အပိုင်း (၂)"** တရားဒေသနာတော်။

ဖခင်ကို ခုနစ်နှစ်သားအရွယ်ရောက်မှ ပြန်လည်တွေ့ဆုံခွင့် မြင်ခွင့်ရပြီး ဘာမသိညာမသိနဲ့ ကိုရင်ဝတ်ပေးခြင်းခံလိုက်ရတဲ့ ရှင်ရာဟုလာလေးဘဝကို စဉ်းစားကြည့်၊ လိုချင်တာက အမွေ၊

http://www.dhammadownload.com

ပစ္စည်းဥစ္စာအမွေကို လာတောင်းတာ၊ သို့သော် မြတ်စွာဘုရားက သံသရာဝဋ်ဆင်းရဲမှလွတ်ဖို့ အရှည်မျှော်မြင်တဲ့အနေနဲ့ ရာဟုလာ တောင်းတဲ့ လောကပစ္စည်းအမွေကို မပေးဘဲ ကိုရင်ဝတ်ပေး လိုက်တယ်။

ရှင်သာရိပုတ္တရာ မထေရ်မြတ်က ဥပဇ္ဈာယ်၊ ရှင်မဟာ မောဂ္ဂလာန်မထေရ်မြတ်က သရဏဂုံဆရာလုပ်ပြီး မြတ်စွာဘုရား ရဲ့ သားတော်လေး ရှင်ရာဟုလာ ရှင်သာမဏေဘဝ ရောက်သွား တယ်။ ခုနစ်နှစ်အရွယ်ဆိုတော့ ဘာသာတရားရဲ့ အတိမ်အနက်၊ တရားဓမ္မရဲ့ အတိမ်အနက်ကို မသိသေးဘူးပေါ့။ သို့သော်လည်း ပါရမီရှင်လေးဖြစ်သည့် အားလျော်စွာ ဗုဒ္ဓမြတ်စွာရဲ့ သာသနာ အပေါ်မှာ စိတ်ဝင်စားမှုကတော့ ရှိမယ်လို့ ယုံကြည်ရပါတယ်။

ဘုန်းကြီးတို့အနေနဲ့ ပြန်ကြည့်မယ်ဆိုရင် ကိုးနှစ်သား အရွယ်မှာ ဘာမသိ ညာမသိနဲ့ ကိုရင်ဘဝ ရောက်သွားတာပဲ၊ တကယ်တော့ သာသနာကိုကြည်ညိုပြီး တရားကိုသိလို့ သာသနာ့ ဘောင်ထဲ ဝင်လာတာ မဟုတ်ဘူး။ မိဘတွေက စီစဉ်ပေးလိုက် တာနဲ့ ကိုရင်ဖြစ်သွားတာ၊ တရားဓမ္မဆိုတာ ဘာရယ်လို့မသိဘူး၊ ဒီအရွယ် သူများတွေ ကိုရင်ဝတ်ကြတယ်၊ ကိုယ်လည်း ကိုရင် ဝတ်ရတယ် ဆိုတော့ ပျော်တာပေါ့။

အဲဒီလိုဘာမသိညာမသိနဲ့ ကိုရင်ဘဝရောက်လာခဲ့ရတယ်၊ ကိုယ်ချင်းစာပြီး ကြည့်မိတယ်၊ သားတော် ရာဟုလာလေးလည်း

http://www.dhammadownload.com

ဒီလိုပဲနေမှာပဲ၊ ခုနစ်နှစ်ဆိုတော့ အလွန်ငယ်သေးတာ၊ အလွန်ငယ်သေးတဲ့ အချိန်လေးမှာ ရှင်သာမဏေဘဝရောက်လာတယ်။ သို့သော် မြတ်စွာဘုရားရဲ့ သားတော်လေး ဆိုပြီးတော့ ပတ်ဝန်းကျင်က အလေးပေးကြမှာ သေချာပါတယ်။ အဲဒီလို ပတ်ဝန်းကျင်က အလေးပေးပေးမယ်လို့ ဒီကလေးဟာ ရောင့်တက်တာတော့ မရှိဘူးပေါ့။ ဘာဖြစ်လို့တုန်းဆိုရင် မြတ်စွာဘုရားက အမြဲတမ်းဆုံးမ ဩဝါဒပေးနေတာကိုး။

သုတ္တန်ပါတ် ပါဠိတော်မှာ **ရာဟုလသုတ်** ဆိုတာရှိတယ်၊ အဲဒီ **ရာဟုလသုတ်**က ဂါထာပေါင်း ၈-ပုဒ်ရှိတယ်။ အဲဒီ ၈-ပုဒ်နဲ့ ရာဟုလာ ကိုရင်ဘဝရောက်တဲ့ အချိန်ကစပြီး နေ့စဉ်မပြတ် ဆုံးမဩဝါဒပေးတာ။ အဲဒီ ဆုံးမဩဝါဒပေးတဲ့ စကားလေးတွေက အလွန်မှတ်သားစရာကောင်းတယ်၊ ကလေးအဖို့ တစ်ချို့ ဆုံးမဩဝါဒတွေက အလွန်မြင့်နေတယ်။ ပါရမီရှင်ဖြစ်လို့ သဘောပေါက် နားလည်နိုင်စွမ်းရှိတယ်လို့ ဒီလိုယူဆရမှာပဲ၊ အဲဒီမှာ မြတ်စွာဘုရားက ရာဟုလာကို အမြဲတမ်း မေးခွန်းလေးထုတ်တယ်။

"ရာဟုလာ, အမြဲတမ်း ဆုံတွေ့နေလို့ရှိရင် လူတွေဟာ ကိုယ်နဲ့ပေါင်းသင်းဆက်ဆံတဲ့ ပညာရှိတွေအပေါ် အထင်သေး အမြင်သေး ဖြစ်လာတတ်တယ်"။

http://www.dhammadownload.com

ဗမာစကားလည်း ရှိတယ်လေ "အရောဝင်ရင် အရိုအသေ တန်တယ်" ဆိုတာ။ သာသနာ့ဘောင် ဝင်လာတော့ ရဟန်းတော် တွေကလည်း မြတ်စွာဘုရား သားတော်လေးဆိုပြီး အလေးပေး ကြတယ်၊ ရှင်သာရိပုတ္တရာမထေရ်မြတ်ကလည်း အလေးပေး တယ်၊ ရှင်မောဂ္ဂလာန်ကလည်း အလေးပေးတယ်။ အဲဒီလို ခုခေတ်လိုပြောမယ်ဆိုရင် အလိုလိုက်ကြတယ်ပေါ့နော်၊ အလို လိုက်တဲ့အခါကျတော့ "အရောဝင်ရင် အရိုအသေတန်တယ်" ဆိုတာမျိုး ဖြစ်တတ်တယ်ပေါ့။ အဲဒါကို မြတ်စွာဘုရားက သတိ ပေးတယ်။

"အမြဲမပြတ် ပေါင်းသင်းဆက်ဆံနေရလို့ ပညာရှိပုဂ္ဂိုလ် တွေအပေါ် ငဲ့သား ရာဟုလာ အထင်သေး အမြင်သေးများ ဖြစ်သလား" လို့မေးတယ်။ ဒီတော့ "တပည့်တော် အဲသလို မဖြစ်အောင် နေပါ့မယ်ဘုရား" တဲ့။

အင်မတန်လိမ္မာတဲ့ ကလေးပဲ၊ မြတ်စွာဘုရားက ကလေးနဲ့ လိုက်အောင် ဒီစကားကို သုံးတယ်၊ နောက်ပြီး ထပ်ပြောတာက "လောကမှာ ပညာရှိဆိုတာ မီးရှူးထမ်းထားတဲ့ ပုဂ္ဂိုလ်နဲ့ အလားတူတယ်" တဲ့၊ မီရှူးထမ်းထားတဲ့ပုဂ္ဂိုလ်ဟာ ကျွန်တဲ့ပုဂ္ဂိုလ်တွေကို အလင်းရောင်ပေးတာ။ လောကကြီးကို အလင်းပေးနေတဲ့ ပုဂ္ဂိုလ် တွေဟာ ပညာရှိပဲ၊ ဒါကြောင့်မို့ မြန်မာရာဇဝင်စာအုပ်တွေမှာ ပညာရှိတွေကို **"ပြည်သူ့မျက်လုံး"** လို့ ဒီလို သုံးတာနော်။

http://www.dhammadownload.com

ပညာရှိဟာ **စကွေးဘူတ** လူတကာရဲ့မျက်လုံးနဲ့ အလားတူတယ်။ ဘာဖြစ်လို့တုန်းဆိုရင် မျက်လုံးဆိုတာ မြင်နိုင်စွမ်းရှိတယ်၊ အခု ပညာရှိတွေကလည်းပဲ 'ပညာရှိအတွေး ပြေးကြည့်တာထက် တောင် သေချာသေးတယ်' ဆိုတာလို ပညာရှိတွေဟာ အရာရာမှာ ဆင်ခြင်တုံတရားနဲ့ စဉ်းစားဆုံးဖြတ်နိုင်စွမ်း ရှိတယ်ပေါ့၊ အမှန်အကန်ကို ဆုံးဖြတ်နိုင်စွမ်းရှိတယ်။ ဒါကြောင့်မို့ မီးရှူးထမ်းထားတဲ့ ပုဂ္ဂိုလ်နဲ့တူတဲ့ **"ပညာရှိတွေကို အထင်သေးအမြင်သေး မလုပ်ဘဲ ရိုသေလေးစားသမှု ပြုရဲ့လား"** လို့ဆိုတော့ သူက လျှောက်တယ်၊ "တပည့်တော် ပညာရှိတွေကို တန်ဖိုးထားပါတယ်ဘုရား၊ လေးစားပါတယ်" တဲ့။ အဲဒီလို အမြဲတမ်းမေးပြီး အဖြေတောင်းတဲ့ ဂါထာလေးပဲ။ မြတ်စွာဘုရားက သားတော် ရာဟုလာလေးကို ဒီလိုအမြဲတမ်းမေးပြီး ဆုံးမတယ်၊ ခုနစ်နှစ် အရွယ်ကနေစပြီး ရဟန္တာ မဖြစ်မချင်းပေါ့။ ခုနစ်နှစ်အရွယ် သာသနာ့ဘောင် ဝင်လာတဲ့ အခ်ိန်ကနေစပြီး အခုလို သြဝါဒပေးတာ။

နောက်တစ်ခါ ဆုံးမသြဝါဒစကား ဘာပြောတုန်းဆိုတော့ **"ကာမဂုဏ်အာရုံတွေကို စွန့်ပါ"** တဲ့၊ ကာမဂုဏ်အာရုံဆိုတော့ စာစကားဖြစ်နေတယ်၊ **"အပျော်အပါးတွေကို မလိုက်စားနဲ့"** တဲ့။ နှစ်သက်စရာအာရုံတွေကို ဖယ်ရှားပြီးတော့၊ ယုံကြည်ချက်နဲ့ အိမ်ကထွက်လာပြီးတော့ အခု ကိုရင်ဖြစ်လာပြီတဲ့။

http://www.dhammadownload.com

ဟုတ်တာပေါ့။ ကိုရင်ဘဝဆိုတာ ကာမဂုဏ်အာရုံကို မလိုက်စားရဘူး၊ မျက်စိနဲ့ ပျော်စရာတွေကြည့်ပြီး မနေရဘူး၊ နားနဲ့ပျော်စရာတွေကို နားထောင်ပြီး မနေရဘူး၊ ဒီလိုဆိုလိုတာ။ အဲဒါတွေကို စွန့်လွှတ်ပြီးတော့ သာသနာ့ဘောင်ကိုဝင်လာတာ၊ ယုံကြည်ချက်နဲ့ဝင်လာတာ၊ တကယ်ကတော့ အဲဒီမှာ ရာဟုလာကို သင်္ကန်းဝတ်ပေးလိုက်တဲ့ အချိန်မှာ ယုံကြည်ချက်နဲ့ ဝတ်တာတော့ မဟုတ်ဘူး။သို့သော် မြတ်စွာဘုရားက ဆုံးမသြဝါဒပေးပြီးတော့ ပြောပြမှာပေါ့။ အမွေပေးတယ်ဆိုတာ မြတ်စွာဘုရားက "အေး လောကအမွေဆိုတာ တကြောင့်ကြကြနဲ့ သောကဖြစ်စရာ ရှိတယ်၊ အဲဒီအမွေတွေကို ရာဟုလာ မလိုချင်ပါနဲ့၊ တရားအမွေ ကသာ အလွန်မြတ်တယ်" လို့ သူပြောပြမှာပေါ့။ အဲဒီလို ပြောပြလိုက်တဲ့အခါမှာ သူဟာ ယုံကြည်ချက်ပြည့်ဝသွားတယ်၊ သင်္ကန်းဝတ်ရခြင်းရဲ့ အဓိပ္ပါယ်ကို သူနားလည်သွားတယ်ပေါ့။

အဲဒါကြောင့် လူ့ဘောင်လူ့လောကကနေပြီး ထွက်လာတာဟာ ဘုရားကနေပြီးတော့ သင်္ကန်းဝတ်ပေးလို့ ရာဟုလာ ကိုရင်ဖြစ်လာတယ် ဆိုပေမယ့်လို့ သိရှိနားလည်တဲ့အခါမှာ ယုံကြည်ချက်နဲ့ ဝတ်လာတယ်လို့ပဲ ပြောရတော့မယ်။ လောကမှာ သာသနာ့ဘောင်ဝင်လာတဲ့ ပုဂ္ဂိုလ်တွေထဲ တချို့ပုဂ္ဂိုလ်တွေက ကြွေးမပေးနိုင်လို့၊ တစ်ချို့က မင်းစိုးရာဇာအပြစ်ဒဏ်တွေသင့်လို့၊ ထိုအပြစ်ဒဏ်တွေက ရှောင်တိမ်းလွှဲလိုရှိ သာသနာ့ဘောင်

http://www.dhammadownload.com

ဝင်လာတာရှိတယ်၊ တချို့က ဆွေတွေမျိုးတွေ အားကိုးစရာ မရှိတော့လို့ သာသနာ့ဘောင် ဝင်လာတာရှိတယ်။

ရာဟုလာက ဒီလိုအနေအထားမှ မဟုတ်တာ၊ အဖိုးတွေ အဖွားတွေ ဆွေတွေမျိုးတွေကလည်းပဲ တယုတယနဲ့ သိုင်းသိုင်းဝိုင်းဝိုင်းနေတဲ့အထဲက သင်္ကန်းဝတ်လာတယ်၊ ယုံကြည်ချက်နဲ့ ဝတ်တယ်လို့ပဲ ပြောရမှာပဲ၊

အဲဒီမှာ မြတ်စွာဘုရားက **"ကာမဂုဏ်အာရုံတွေကို စွန့်ပယ်ပြီး၊ နှစ်သက်စရာကောင်းတဲ့ မြတ်နိုးစရာကောင်းတဲ့ အရာတွေကို စွန့်ပယ်ပြီး ယုံကြည်ချက်နဲ့ အိမ်ကနေထွက်လာပြီး မလုပ်ရမယ့် အလုပ်ကတော့ ဆင်းရဲဒုက္ခအဆုံးသတ်ရေးပဲဖြစ်တယ်"** တဲ့။

ကလေးပေမယ့်လို့ ပြောရင်နားလည်တယ်ပေါ့။ "ခဏခဏ အိုရမယ်၊ အိုပြီးရင်နာရမယ်၊ နာပြီးရင်သေရဦးမယ်၊ သေပြီးရင် ပြန်မွေးရဦးမယ်။ ရာဟုလာ၊ ဘယ်လောက်ကြောက်စရာ ကောင်းတုန်း၊ အဲဒီဒုက္ခတွေကို အဆုံးသတ်ဖို့အတွက် မင်း ကြိုးစားရမယ်" လို့၊ ဒါနေ့စဉ်ပြောပြနေတဲ့ စကားလုံးလေးတွေပဲ။

အဲဒီလို နေ့စဉ်ပြောပြနေတဲ့အခါမှာ သူနားထဲမှာ ဝင်နေတယ်၊ အဲဒီလို ဒုက္ခကိုအဆုံးသတ်ဖို့ ဆိုတဲ့နေရာမှာ ဘာတွေလိုအပ်သလဲဆိုတော့ မိတ်ကောင်းဆွေကောင်း၊ ဆရာကောင်းသမားကောင်းတွေ အရေးကြီးတယ်တဲ့။ နို့မဟုတ်ရင် လမ်းမှားသွားနိုင်တယ်ပေါ့၊ ကိုယ်က ဒုက္ခကို အဆုံးသတ်ဖို့ ကြိုးစားနေပေ

http://www.dhammadownload.com

မယ့်လို့ လမ်းမှားကို ညွှန်ပြတဲ့ပုဂ္ဂိုလ်နဲ့ တွေ့သွားလို့ရှိရင် ဒုက္ခ အဆုံးမသတ်နိုင်ဘဲနဲ့ ဒုက္ခထဲ ရောက်သွားနိုင်သေးတယ်တဲ့။

အဲဒါကြောင့် မြတ်စွာဘုရားက **"မိတ္တော ဘဇဿု ကလျာဏော"**၊ မိတ်ကောင်း ဆွေကောင်းတွေကို ချဉ်းကပ်၊ **မိတ်ကောင်းဆွေကောင်းတွေကို ပေါင်းသင်း ဆက်ဆံရမယ်** တဲ့နော်။ အဲဒီ မိတ်ကောင်း ဆွေကောင်းတွေကို ဆည်းကပ်ပြီးတော့ ထို မိတ်ကောင်းဆွေကောင်းတွေဆီက ကောင်းမြတ်တဲ့ အဆုံးအမ သြဝါဒ၊ အကြံဉာဏ်တွေကို ရအောင်ယူရမယ်လို့ ဒီလိုပြောတာ နော်၊ မိတ်ဆွေမရှိဘဲနဲ့, ဆရာကောင်း သမားကောင်းကို မမှီဝဲဘဲနဲ့ ကိုယ့်ဟာကိုယ် သံသရာဝဋ်ကလွတ်အောင် လုပ်နိုင်တယ်ဆိုတာ ဘယ်သူမှ မရှိဘူး။

ရှင်သာရိပုတ္တရာမထေရ်ကစပြီးတော့ ကျန်တဲ့ပုဂ္ဂိုလ်တွေ ဟာ မိတ်ကောင်းဆွေကောင်းနဲ့ ပေါင်းသင်းဆက်ဆံရတာချည်းပဲ။ မိတ်ကောင်းဆွေကောင်းတွေနဲ့ပေါင်းသင်းဆက်ဆံမှ မိတ်ကောင်း ဆွေကောင်းမှ၊ ဟောပြောတဲ့ ဆုံးမတဲ့ အဆုံးမသြဝါဒတရား တွေကို နာယူလိုက်နာကျင့်သုံးမှ မှန်ကန်တဲ့လမ်းကြောင်းဆိုတာ တွေ့တာတဲ့၊ နို့မဟုတ်ဆို မတွေ့ဘူးပေါ့။ အဲဒီလို မြတ်စွာဘုရားက ရာဟုလာလေးကို ဆုံးမသြဝါဒပေးတယ်။

ဒါတင်မကသေးဘူး၊ ကလေးဆိုတော့ အမျှားနဲ့ ပေါင်းသင်း ဆက်ဆံပြီး စကားတပြောပြောနဲ့, အဖော်သဟဲနဲ့ နေမှာစိုးလို့၊

http://www.dhammadownload.com

"ရာဟုလာ တိတ်ဆိတ်ငြိမ်သက်တဲ့ ချောင်ကျတဲ့ နေရာတွေကို ရွေးပြီးတော့နေပါ" တဲ့၊ ဆူဆူညံညံနဲ့ လူကြားသူကြား စကားများရတဲ့ နေရာမျိုးကို မနေနဲ့တဲ့။ ဟော နေရေးထိုင်ရေးနဲ့ ပတ်သက်ပြီးတော့လည်း ဆုံးမတယ်၊ ဒီရှင်ရာဟုလာလေးဆိုတာ အလွန်လိမ္မာတယ်။ ဘယ်လောက်ထိအောင် လိမ္မာတုန်းဆိုတော့ မြတ်စွာဘုရားက အမြဲဆုံးမလို့ သူက မနက်မိုးသောက်လို့ အိပ်ယာကထပြီဆိုရင် တခြားရဟန်းတွေ, တခြားကိုရင်တွေလိုပဲ ဝတ်ကြီးဝတ်ငယ်ဆောင်ရွက်ပြီးတော့ လက်ခုပ်ကလေးနဲ့ သဲလေးတွေကို ဆုပ်ကြည့်ပြီး "ဒီကနေ့ ငါ့ကိုဆုံးမတဲ့ပုဂ္ဂိုလ်တွေ ဟောဒီသဲလုံးလေးတွေလောက်များရင် ကောင်းမှာပဲ" လို့ ဒီလောက်ထိအောင် မိတ်ကောင်းဆွေကောင်းတွေဆီက အကြံကောင်းဉာဏ်ကောင်းတွေကို ရချင်တယ်။

အခုခေတ်လူတွေနဲ့တော့ အင်မတန်ကွာတယ်၊ အခုခေတ်လူတွေက ငါသိငါတတ်လုပ်တယ်၊ သွားပြီးပြောလိုက်မယ်ဆိုရင် လာပြီးမရှည်နဲ့လို့ ပြောကြတာများတယ်နော်၊ အကြံဉာဏ်ပေးလို့ မရဘူး။

ဩော် ရာဟုလာက ဘုရားသားတော်ပဲ၊ အင်မတန်လည်းဉာဏ်ကောင်းတဲ့ ပုဂ္ဂိုလ်၊ သို့သော် 'ဟောဒီ သဲလုံးအမျှ ငါ့ကို ဆုံးမမည့် ပုဂ္ဂိုလ်တွေများရင် အလွန်ကောင်းမှာပဲ' လို့၊ ဒါတင်လားဆိုတော့ စိတ်သဘောထားကလည်း အလွန်ပြည့်ဝတယ်၊

http://www.dhammadownload.com

ရာဟုလာ သဘောကောင်းတယ်ဆိုတာ သိကြတော့ ရဟန်းတွေက တစ်ရက်မှာ စုံစမ်းကြသတဲ့။ တံမြက်စည်းတို့ဘာတို့ လှဲပြီး လို့ရှိရင် သူနေရာနဲ့သူ ပြန်သိမ်းရတယ်၊ စည်းကမ်းတကျ ထားရတယ်၊ တစ်ရက်ကျတော့ တံမြက်စည်းလှဲပြီး လမ်းလယ်ခေါင်မှာ ဒီအတိုင်းချထားတယ်၊ ရာဟုလာ လာတဲ့အခါ တစ်ပါးက ပြောတယ် "ဟေ့ ဒီတံမြက်စည်း ဘယ်သူ ပစ်ထားတာတုန်း" နောက်တစ်ပါးကပြောတယ်၊ "ဒီနားတော့ ရာဟုလာသွားနေတာပဲ၊ သူပစ်ထားတာနေမှာပါ။ ဒီကိုရင်လေး စည်းမရှိ ကမ်းမရှိ တံမြက်စည်း ပစ်ထားပုံရတယ်"၊ အဲဒီလိုပြောတော့ သူက "တပည့်တော် မပစ်ပါဘူး" လို့ မပြောဘူး၊ အသာလေး ကောက်ပြီး တံမြက်စည်းကိုယူပြီး သိမ်းသွားတယ်။ "အရှင်ဘုရား တို့ နောက် အပြစ်တွေ့လည်းပြောကြပါဘုရား" လို့ လျှောက်ထားပါသတဲ့၊ အဲဒီလောက်လိမ္မာတဲ့ ကလေးပေါ့။ လုပ်တယ်မလုပ်ဘူး ပြန်ပြောမနေဘူး။

အဲတော့ ဝိနည်းသိက္ခာပုဒ်ထဲမှာ တစ်ခါက မြတ်စွာဘုရားက သိက္ခာပုဒ်တစ်ခု ပညတ်လိုက်တယ်၊ ဘာဖြစ်လို့ ပညတ်တုန်း ဆိုတော့ ရဟန်းတော်တွေဟာ သာမဏေတွေနဲ့ နံနက်အရုဏ်တက်သည်အထိ တစ်ကျောင်းတည်းမှာ အိပ်စက်ခြင်းက မိုးလင်းသည်ထိအောင် အိပ်ကြတယ်။

http://www.dhammadownload.com

အဲဒီလိုဆို မိုးလင်းသည်ထိအောင် အိပ်တဲ့အခါ ကဲ့ရဲ့မှုတွေ ဖြစ်ပေါ်လာတယ်ပေါ့။ ရဟန်းတွေချည်း မဟုတ်ဘဲနဲ့ ရှင်သာမဏေတို့နှင့် အတူအိပ်ကာ အဲဒီလိုဖြစ်ပေါ်လာတဲ့အခါ မြတ်စွာဘုရားက သိက္ခာပုဒ်ကို ပညတ်တယ်။ "တစ်မိုး တစ်ရံ တည်းသော ကျောင်းမှာတဲ့၊ လူ သာမဏေတွေနဲ့အတူ ရဟန်းတော်တွေဟာ အရုဏ်တက်သည်ထိအောင် မအိပ်ရဘူး" လို့ ပညတ်လိုက်တယ်။

အရင်တုန်းကတော့ ကိုရင်ရာဟုလာလေးကို ဟိုကိုယ်တော် ခေါ်သိပ် ဒီကိုယ်တော်ခေါ်သိပ် သိပ်ကြတယ်။ မြတ်စွာဘုရားက ရှင်သာမဏေတွေနဲ့ အတူတူမအိပ်ရဘူး၊ တစ်ကျောင်းတည်း မနေရဘူးလို့လည်း ပညတ်လိုက်ရော ရှင်ရာဟုလာလေး နေစရာ မရှိတော့ဘူး။

ဟိုကိုယ်တော်ကလည်း "ရာဟုလာ၊ ဘုရား သိက္ခာပုဒ် ပညတ်လိုက်ပြီ၊ ဒီနေလို့မဖြစ်တော့ဘူး" ဟိုကျောင်းကလည်း နေလို့ မဖြစ်တော့ဘူး၊ ဒီကျောင်းကလည်းနေလို့မဖြစ်တော့ဘူး ဆိုတော့ ဒီကလေးလေးဟာ နေစရာမရှိဘူး၊ ဘယ်သွားနေတုန်း ဆိုတော့ မြတ်စွာဘုရားက အသုံးပြုတဲ့ရေအိမ်၊ ခုခေတ်ဆိုလို့ရှိရင် Toilet ပေါ့နော်၊ အဲဒီထဲမှာသွားပြီး နေရတယ်၊ မြတ်စွာဘုရားက ညအခါထတယ်၊ ထတဲ့အခါမှာ တံခါးကို ခေါက်ပြီး ချောင်းဟန့်တယ်။

http://www.dhammadownload.com

ဒါထုံးစံပဲ၊ တံခါးပိတ်ထားတဲ့နေရာဆိုလို့ရှိရင် တံခါးခေါက်ရတယ်၊ ချောင်းဟန့်ရတယ်၊ အထဲထဲမှာ လူရှိနေသလား၊ မရှိဘူးလား၊ ရုတ်တရက် ကောက်မဖွင့်ရဘူး၊ ဒါကျင့်ဝတ်ပဲ။

အဲတော့ မြတ်စွာဘုရားက အပြင်ဘက်က ချောင်းဟန့်လိုက်တော့ အထဲထဲမှာရှိနေတဲ့ ရာဟုလာက ပြန်ပြီးချောင်းဟန့်တယ်။ မြတ်စွာဘုရားက "ဟေ့ ဒီထဲက ဘယ်သူတုန်း" ဆိုတော့ "တပည့်တော် ရာဟုလာပါဘုရား"၊ "ဘာဖြစ်လို့ ဒီထဲလာနေသလဲ" လို့ဆိုတော့ ရှင်ရာဟုလာက "နေစရာမရှိလို့ပါ" လို့ လျှောက်တယ်။ ဒီလို ဝိနည်းသိက္ခာပုဒ်ထဲမှာ မှတ်တမ်းလေးရှိတယ်ပေါ့။

အဲဒါနဲ့ မြတ်စွာဘုရားက ဩော် - ကလေးတွေ ဒုက္ခရောက်တော့မှာပဲဆိုပြီး ရဟန်းတော်တွေကို နှစ်ည သုံးညတော့ ကိုရင်လေးတွေ ရဟန်းတော်တွေနေတဲ့နေရာမှာ နေခွင့်ပေးလိုက်ပါဆိုပြီး ဥပဒေကို ပြင်ပေးလိုက်တယ်။

အဲဒီမှာလည်း ရှင်ရာဟုလာဟာ အလွန် ဆုံးမသြဝါဒပေးဖို့ရာအတွက် အင်မတန်မှလွယ်တယ်၊ ဒီလိုလွယ်တာလည်း မြတ်စွာဘုရားက အမြဲမပြတ် ကြည့်ရှုပြီး ဆုံးမသြဝါဒပေးနေတာကြောင့်ဖြစ်တယ်။ ပင်ကိုယ်ကလည်း ဒီကလေးက လိမ္မာယဉ်ကျေးတယ်၊ မြတ်စွာဘုရားက ဆုံးမသြဝါဒပေးလို့လည်း ပိုပြီး ယဉ်ကျေး

http://www.dhammadownload.com

လာတယ်။ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်တို့ကလည်း အမြဲမပြတ် ဆုံးမသြဝါဒ ပေးကြတယ်ပေါ့။

မြတ်စွာဘုရားက အစားအစာနဲ့ ပတ်သက်ပြီး **"ရာဟုလာ၊ ဆွမ်းစားတဲ့အခါမှာလည်း အတိုင်းအတာ သိရမယ်၊ ခံယူတဲ့အခါမှာလည်း အတိုင်းအတာသိရမယ်"**၊ လောကမှာ အစာအာဟာရနဲ့ ပတ်သက်ပြီးတော့ အတိုင်းအတာသိမှုဆိုတာ အင်မတန်မှ အရေးကြီးတယ်။

ဒီကနေ့ခေတ် မြန်မာနိုင်ငံမှာ ကြည့်လိုက်မယ်ဆိုရင် ပြည့်ပြည့်ဝဝ အကျိုးရချင်လို့လားမသိဘူး၊ ဆွမ်းပန်းကန်ပြား ထည့်လိုက်ရင် မောက်လျှံနေအောင် ထည့်တာနော်၊ အဲဒါဟာ အတိုင်းအတာ မသိဘူးလို့ ပြောရမယ်၊ အတိုင်းအတာဆိုတာ ကြည့်ရတယ်တဲ့၊ အတိုင်းအတာကြည့်ပြီး အလျှံခံတဲ့ပုဂ္ဂိုလ်ကလည်း အလျှံခံရမယ်တဲ့။

စာပေကျမ်းဂန်မှာဆိုထားတာက အတိုင်းအတာသိတယ်ဆိုတဲ့နေရာမှာ ပစ္စည်းဥစ္စာကလည်း များတယ်၊ ဒကာကလည်း အများကြီးလှူချင်တယ်ဆိုရင် ကိုယ့်အတိုင်းအတာနဲ့ကိုယ် လက်ခံပါတဲ့၊ ပစ္စည်းဥစ္စာကများတယ် ဒကာက နည်းနည်းပဲလှူချင်တယ်ဆိုရင် နည်းနည်းပဲ လက်ခံပါတဲ့၊ ပစ္စည်းဥစ္စာက နည်းတယ် ဒကာက များများကြီးလှူချင်တယ်ဆိုရင် နည်းနည်းပဲလက်ခံပါတဲ့၊

http://www.dhammadownload.com

လိုအပ်သည်ထက်ပိုပြီး အလျှမခံရဘူးတဲ့၊ စာပေကျမ်းဂန်မှာ ဒီလိုမှတ်သားထားတာ။

တစ်ခါတုန်းက သီဟိုဠ်ကျွန်းမှာ ဘုရင်ကြီးမှာ နားကိုက်တဲ့ ရောဂါ နားပြည်ယိုတဲ့ရောဂါ ဖြစ်တယ်၊ diet အစာအာဟာရနဲ့ ကုတဲ့နည်းကိုသုံးတယ်။ ဘာစားရင် ပျောက်သလဲဆိုတော့ အာယုဗ္ဗေဒ ဆေးကျမ်းက ဆေးဆရာတွေက အကြံပေးတယ်၊ ခါသားကို ချက်စားရင် နားပြည်ယိုတာ ပျောက်ပါတယ်လို့ ဆိုတယ်၊ ဘုရင်ကြီးကို တောထဲက မုဆိုးတွေက ခါသားလာပို့ကြတယ်။ အဲဒီ ခါသားကို ကြော်ပြီးတော့ ဘုရင်ကြီးက သူစားမလို့ လုပ်တဲ့အချိန်မှာ သံယာတော်လျှူဖို့ သတိရတယ်။

အိမ်မှာဆွမ်းစားကြွလာတဲ့ သံယာတွေကိုလျှူတယ်၊ အဲဒီလို လျှူလိုက်တဲ့အခါ အားလုံး ရဟန်းတွေက သဘောပေါက်ကြတယ်။ ပထမ မထေရ်ကြီးကလည်း ခါသား နည်းနည်းလေးပဲ ယူလိုက်တယ်၊ ဒုတိယကိုယ်တော်ပေးတော့ ဒုတိယကိုယ်တော်လည်း နည်းနည်းလေးပဲယူလိုက်တယ်၊ နောက်ဆုံးမှာ ကိုရင်လေးတစ်ပါးဆီ ရောက်သွားတော့ အဲဒီကိုရင်လေးကလည်း နည်းနည်းလေးပဲယူလိုက်တယ်။ ဟော အတိုင်းအတာသိတဲ့အတွက်ကြောင့် ဘုရင်ကြီးဟာ သူ့ရောဂါ ပျောက်ဖို့အတွက် စားရမယ့် ခါသား သံယာတွေကိုလည်း လျှူရတယ်၊ သူကိုယ်တိုင်လည်း ခါသား စားရတယ်။ အဲဒီနေရာမှာ အတိုင်းအတာမသိတဲ့ပုဂ္ဂိုလ် ဆိုလို့

http://www.dhammadownload.com

ရှိရင် ခါတစ်ကောင်လုံးဟာ ပထမ ကိုယ်တော်ကြီးနဲ့ပဲ ကုန်သွားလောက်တယ်ပေါ့။

ဒါကြောင့်မို့ မြတ်စွာဘုရားက ဆုံးမ ဩဝါဒပေးတယ် **"မတ္တညူ ဟောတိ ပါန ဘောဇနေ"** အစားအသောက်နဲ့ ပတ်သက်ပြီး အတိုင်းအတာကို သိရမယ်တဲ့။ ကိုယ်လိုအပ်သည်ထက် ပိုပြီး မယူရဘူး၊ ဒကာ ဒကာမက အများကြီး လှူချင်ပေမယ့် လိုအပ်သည်ထက်ပိုပြီး လက်မခံရဘူးတဲ့။

နောက်တစ်ခု သင်္ဘန်းတို့၊ ဆွမ်းတို့ ပစ္စည်းလေးပါးနဲ့ ပတ်သက်တာတွေမှာလည်း မြတ်စွာဘုရားက ဘယ်လို ဆုံးမတုန်းဆိုရင် ပစ္စည်းလေးပါးအပေါ်မှာလည်း တွယ်တာတဲ့တဏှာ မဖြစ်စေနဲ့တဲ့ "ပစ္စည်းကို နှမြောတယ် စုံမက်တယ်ဆိုတဲ့ အတွယ်အတာ တဏှာရာဂတွေ မဖြစ်အောင်နေ" တဲ့၊ အဲဒါ မဖြစ်အောင်နေရင် ဒီလိုဘဝမျိုး အိုခြင်း၊ နာခြင်း၊ သေခြင်းဆင်းရဲတွေ မလွတ်ကင်းတဲ့ ဘဝမျိုးတွေကို ပြန်ရောက်မှာမဟုတ်ဘူး၊ အဲဒါတွေ လိုက်နာကျင့်သုံးရမယ်။

နောက်တစ်ခုက ကိုယ်ကျင့်တရားနဲ့ ပတ်သက်ပြီး မြတ်စွာဘုရားက ဆုံးမဩဝါဒပေးတယ်၊ ရဟန်းတော်တွေ လိုက်နာဖို့ ပညတ်ထားတဲ့ ပါတိမောက်ကျမ်းမှာလာတဲ့ သိက္ခာပုဒ် တွေ အဲဒါတွေကိုလိုက်နာရမယ်၊ ဣန္ဒြေတွေကိုထိန်းသိမ်းစောင့်ရှောက်ရမယ်၊ ဣန္ဒြေတွေ ထိန်းသိမ်းစောင့်ရှောက်တယ်ဆိုတာ မျက်စိက

http://www.dhammadownload.com

ကြည့်ပြီး လောဘမဖြစ်စေနဲ့ ဒေါသမဖြစ်စေနဲ့၊ နားက အသံကြားပြီး လောဘမဖြစ်စေနဲ့ ဒေါသ မဖြစ်စေနဲ့၊ ဣန္ဒြေတွေကို ထိန်းသိမ်းစောင့်ရှောက်ပါတဲ့။

နောက်ပြီး ကိုယ့်ခန္ဓာမှာ အမြဲတမ်း သတိထားပါစေတဲ့၊ ခန္ဓာကိုယ်နဲ့ ပတ်သက်ပြီး **'ကာယဂတာသတိ'** ပေါ့။ အမြဲမပြတ် သတိရှိပါစေ၊ သွားလည်းသတိ စားလည်းသတိ လုပ်လည်းသတိ ပြောလည်းသတိ ဆိုတဲ့ သတိတရားတွေ ရှိပါစေတဲ့။

အတော်လေး အရွယ်ရောက်တဲ့အခါ မြတ်စွာဘုရားက အဆုံးအမ သြဝါဒလေးကို မြွှင့်မြွှင့်ပြီးပေးတယ်။ **"ရာဟုလာ၊ လှုပတင့်တယ်တဲ့အာရုံတွေပေါ်မှာ နှစ်သက်တွယ်တာတဲ့စိတ်မျိုး မဖြစ်စေနဲ့"** တဲ့၊ လှုပတင့်တယ်တဲ့ အာရုံတွေကို မြင်တဲ့အခါမှာ နှစ်သက်တွယ်တာမှုမျိုးကို မဖြစ်စေနဲ့၊ လူဘဝ လူခန္ဓာဆိုတာ အလွန်စက်ဆုပ်စရာကောင်းတယ်၊ မတင့်တယ်ဘူးဆိုတာကို သဘောပေါက်အောင် ဆင်ခြင်စဉ်းစားပြီးကြည့်၊ အမြဲတမ်း သတိထားပြီး နေရမယ်လို့ ဒီလိုဆုံးမတာ။

နောက်ဆုံး မြတ်စွာဘုရားက ဘယ်လိုဆုံးမတုန်းဆိုလို့ရှိရင် "လောကမှာ ရုပ်ပဲဖြစ်စေ၊ နာမ်ပဲဖြစ်စေ၊ တို့သန္တာန်တွေမှာရှိတဲ့ ရုပ်တွေနာမ်တွေ မှန်သမျှဟာ မြဲတယ်ဆိုတဲ့ အရိပ်နိမိတ်ဟာ တစ်ခုမှမရှိဘူး၊ ချမ်းသာတယ်ဆိုတဲ့ အရိပ်အယောင်လည်း မရှိဘူး၊ ကိုယ့်သဘောကျအတိုင်း ဖြစ်နိုင်တယ်ဆိုတဲ့ အရိပ်အယောင်

http://www.dhammadownload.com

လည်း မရှိဘူး။ အဲဒီလို သဘောကျအောင် အမြဲတမ်း ဆင်ခြင်နှလုံးသွင်းရမယ်" တဲ့၊ ပြီးတော့ ဘယ်ပုဂ္ဂိုလ်အပေါ်မှ မာန်မာနတွေ မထားနဲ့တဲ့၊ မာနတရားတွေ ဖယ်ရှားပစ်ရမယ်တဲ့။ ဟောဒီလို မာနတရားတွေကို ဖယ်ရှားပစ်နိုင်ပြီရင် မင်းရဲ့စိတ်ကလေးဟာ ငြိမ်းချမ်းသွားမှာ ဖြစ်ပါတယ်လို့ ဟောဒီဂါထာရှစ်ပုဒ်နဲ့ မြတ်စွာဘုရားက ရှင်ရာဟုလာကို အမြဲတမ်း ဆုံးမသြဝါဒပေးတာ။

အဲဒီလို ဆုံးမသြဝါဒပေးလို့ ဒီ ရှင်ရာဟုလာလေးဟာ တစ်ခြားပုဂ္ဂိုလ်တွေထက်ပိုပြီး လိမ္မာယဉ်ကျေးတယ်၊ ဆုံးမသြဝါဒ ရချင်တယ်၊ ကျင့်ချင်ကြံချင်တဲ့စိတ်ရှိတယ်။ ဘုရားသားတော် ဆိုပြီး မာန်မာနဆိုတာ လုံးဝတက်မလာဘူး၊ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က အမြဲမပြတ် ထိန်းသိမ်းပြီး စောင့်ရှောက်ပေးတာပါ။

၁၈–နှစ်သားအရွယ် အလှကြွယ်

အေး အဲဒီလိုနဲ့ အရွယ်ကလေးရောက်လာတယ်၊ (၁၈)နှစ် အရွယ်လေးရောက်လာတယ်။ စဉ်းစားကြည့်ပေါ့ (၁၈) နှစ် ဆိုတော့ လူပျိုပေါက်အရွယ်လေး ဖြစ်လာတယ်၊ ပင်ကိုယ် ကလည်း ရုပ်အင်မတန်မှ အဆင်းလှတယ်၊ ကမ္ဘာမှာ အလှဆုံး လို့ခေါ်တဲ့ ယသောဓရာ မိဖုရားက မွေးတာလည်းဖြစ်တယ်၊ အသပွာယ်ဆုံးဖြစ်တဲ့ သိဒ္ဓတ္ထ မင်းသားရဲ့ သားတော်လည်း

http://www.dhammadownload.com

ဖြစ်တယ်၊ အဲဒါကြောင့် သူ့ရဲ့ရုပ်အဆင်းဟာ ပြောစရာမရှိ လောက်အောင် အင်မတန်မှ ချောမောလှပတယ်။

မြတ်စွာဘုရား သာဝတ္ထိပြည်မှာနေတယ်၊ ရာဟုလာက လည်း အသက်(၁၈) နှစ်အရွယ် ရောက်လာတယ်။ မြတ်စွာဘုရား က နံနက်ပိုင်းမှာ သင်္ကန်းသပိတ် ပြင်ဆင်ပြီး သာဝတ္ထိမြို့ထဲကို ဆွမ်းခံကြွတယ်။

ရာဟုလာကလည်း ဘုရားနောက်က သင်္ကန်းသပိတ် ပြင်ဆင်ပြီးတော့ လိုက်တယ်၊ ဘုရားက ရှေ့ကကြွ၊ သူက နောက်ကလိုက်တာ၊ လိုက်ရင်း စိတ်ထဲက ဘာတွေတွေးမိ တာတုန်းဆိုတော့ အဲဒီအချိန်မှာ မြတ်စွာဘုရားအသက်ဟာ ခန့်မှန်းခြေ ၄၇-နှစ်လောက်ရှိပြီလို့ ပြောရမှာပေါ့။ ရာဟုလာက ၁၈-နှစ်၊ ဘုရားက အသက် ၄၇-နှစ်ဆိုတော့ ဘုရားကလည်း အလွန်သပ္ပယ်နေတဲ့အချိန်၊ ရှင်ရာဟုလာကလည်းပဲ လူငယ် လူရွယ်၊ အလွန်ကို ချောမောလှပနေတဲ့အချိန်၊ မြတ်စွာဘုရားကို သူကြည့်လိုက်တဲ့အခါ လူတွေး တွေးမိသွားတယ်။

လူတွေးတွေးတယ်ဆိုတာ "ဩော် ငါ့အဖေ တော်တော် ချောတာပဲ" သူဘာသာသူလည်း ပြန်ကြည့်တယ်၊ သူ့ကိုယ် သူလည်း အင်မတန်သဘောကျတယ်၊ စိတ်ထဲမှာနော် ခဏလေး ဖြစ်သွားတာ၊ ဒါက ပုထုဇဉ်ဆိုတာ ဖြစ်နိုင်တာပဲလေ။ သူ့ရုပ် အဆင်းကိုကြည့်လိုက်တယ်၊ မြတ်စွာဘုရားရဲ့ ချောမောလှပတဲ့

http://www.dhammadownload.com

ရုပ်အဆင်းကို ကြည့်လိုက်တယ်၊ မြတ်စွာဘုရားနဲ့ သူနဲ့ သားအဖ ဆိုတော့ ဆင်ဆင်တူတာပေါ့။

ညီအစ်ကိုတောင်မှပဲ တော်တော်တူတယ်၊ မြတ်စွာဘုရားရဲ့ အဖေတူအမေကွဲ ညီတော်ဟာ **ရှင်နန္ဒ** လို့ခေါ်တယ်၊ **နန္ဒမင်းသား** လို့ပြောကြတယ်၊ **အာနန္ဒာ**နဲ့ တစ်ခြားစီ။ အာနန္ဒာက အမေကွဲ အဖေကွဲ ညီအစ်ကို တစ်ဝမ်းကွဲ။ နန္ဒမင်းသားကျတော့ သုဒ္ဓါဓနမင်းကြီးက မဟာပဇာပတိ ဂေါတမီနဲ့ မွေးတာ၊ ဒါကြောင့်မို့ အဖေတူ အမေကွဲ ညီအစ်ကို အရင်းအခြာ၊ ဒီလို ပြောလို့ရတာပေါ့။ အဲဒီ ရှင်နန္ဒနဲ့ မြတ်စွာဘုရားဟာ အင်မတန်မှတူတယ်၊ တူမှာပေါ့ အဖေအရင်းက မွေးထားတယ်၊ အမေကလည်း အမေ ညီအစ်မအရင်းက မွေးထားတယ်လေ။

တစ်ခါတုန်းက ရှင်နန္ဒက မြတ်စွာဘုရားဝတ်တဲ့ သင်္ကန်းရောင်နဲ့ သင်္ကန်းဖားဖား ခပ်ရှည်ရှည် ဝတ်လာတယ်၊ ဓမ္မသဘင် အခမ်းအနားတစ်ခုမှာထိုင်ပြီး တရားဆွေးနွေးနေကြတဲ့ ရဟန်းတွေဟာ ရှင်နန္ဒလာတာလည်း မြင်ရော "ဘုရားကြွလာပြီ၊ ဘုရားကြွလာပြီ" ဆိုပြီး နေရာမှထကြတယ်။ သူတို့မျက်စိထဲမှာ မြတ်စွာဘုရား ကြွလာပြီပဲ ထင်တာကိုး၊ အနားရောက်တဲ့အခါကျတော့မှ ရှင်နန္ဒမှန်း သိကြတယ်ပေါ့။ ဟောဒီလို အဖြစ်အပျက်မျိုး ရှိခဲ့ဖူးတယ်၊ ရှင်နန္ဒဟာ မြတ်စွာဘုရားထက် လက်လေးသစ်ပဲ အရပ်နိမ့်တယ်တဲ့၊ အရပ်အမောင်းချင်းကလည်း မတိမ်းမယိမ်း။

http://www.dhammadownload.com

အဲတော့ အခုလည်းပဲ ရှင်ရာဟုလာနဲ့က သားအဖဆိုတော့ တူတာပေါ့၊ မြတ်စွာဘုရားက အင်မတန်မှ ချောမောလှပ သပ္ပာယ်သလို ဒီ ကိုရင်ရာဟုလာကလည်း အလွန်သပ္ပာယ်တယ်၊ သူ့ကိုယ်သူ ပြန်ကြည့်ရင်းကနေပြီး ခဏလေးတွေးမိတာ။ အဲဒီလို တွေးမိလိုက်တာနဲ့ တစ်ပြိုင်နက် ရှေ့ကကြွနေတဲ့ မြတ်စွာဘုရားက ရာဟုလာ ဘာတွေတွေးနေတုန်းဆိုတာကို ဆင်ခြင်လိုက်တာနဲ့ ချက်ခြင်းသိလိုက်တယ်၊ မြတ်စွာဘုရားကရပ်ပြီး နောက်ဘက်ကို လှည့်လိုက်တယ်။

ဘုရားက ဇက်ကိုလှည့်ပြီး နောက်ပြန်ကြည့်လို့ မရဘူးတဲ့၊ ဆင်ကြီးတွေဟာ နောက်ကိုကြည့်ချင်တယ်ဆိုရင် တစ်ကောင်လုံး လှည့်ရတယ်၊ ကိုယ်ပါလှည့်ရတယ်၊ အဲဒါလိုပဲ မြတ်စွာဘုရားက ဇက်ကိုလှည့်ပြီးတော့ နောက်ပြန်ကြည့်ရိုးထုံးစံမရှိဘူး၊ နောက်ကြည့်ပြီဆိုရင် တစ်ကိုယ်လုံး ရှေ့နောက်လှည့်ပြီးတော့မှ ကြည့်လေ့ရှိတယ်။ အဲဒါကို **'နာဂါ ပလောကိတ'** လို့ခေါ်တယ်၊ ဆင်ကြည့်သလို ကြည့်တယ်ပေါ့၊ ဆင်ကြီးကြည့်သလို မြတ်စွာဘုရားဟာ နောက်ပြန်ရပ်ပြီးတော့ ကြည့်လိုက်တယ်။

ဘာဖြစ်လို့ မြတ်စွာဘုရားဇက်က နောက်ပြန်လှည့်လို့ မရတာတုန်းဆိုတော့ မြတ်စွာဘုရားရဲ့အရိုးတွေဟာ ကွင်းဆက်တွေတဲ့၊ ဘုရားဖြစ်မယ့် ပုဂ္ဂိုလ်တွေဟာ ဒီပြင်သူတွေနဲ့မတူဘူး၊ အရိုးကိုက **ကွင်းဆက်**လို့ ဒီလိုပြောတာ၊ ပစ္စေကဗုဒ္ဓတွေကျတော့

http://www.dhammadownload.com

ချိတ်ဆက်လို့ပြောတယ်၊ ဒီကနေ့ခေတ်တော့ အမှတ်မှားပြီး ရဟန္တာပုဂ္ဂိုလ်ကို ချိတ်ဆက်လို့ ပြောနေကြတာ၊ မဟုတ်ဘူး၊ စာထဲပါတာက ပစ္စေကဗုဒ္ဓသည် ချိတ်ဆက်၊ မြတ်စွာဘုရားသည် ကွင်းဆက်၊ ကျန်တဲ့ ရဟန္တာပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် ကျန်တဲ့ ပုဂ္ဂိုလ်တွေက **တော့ဆက်**လို့ ဒီလိုပြောတယ်နော် အဲဒီလိုဆိုတာ။

သို့သော်လည်း တစ်ချို့ ပုဂ္ဂိုလ်တွေတော့ ထူးထူးခြားခြား ချိတ်ဆက် ရှိကောင်းရှိလိမ့်မယ်ပေါ့။ ချိတ်ဆက်ဖြစ်တာနဲ့ ရဟန္တာဖြစ်ရမယ်ဆိုတဲ့ သာဓကမရှိဘူး။ တစ်ချို့က "ဟာ အရိုးက ချိတ်ဆက်ကြီး၊ ရဟန္တာပဲ" လို့ ခုခေတ်မှာ ဒီလိုမှားမှားယွင်းယွင်း ပြောနေကြတယ်၊ စာထဲမှာပါတာက ချိတ်ဆက်ဆိုတာ ပစ္စေကဗုဒ္ဓါ၊ ကွင်းဆက်ဆိုတာ မြတ်စွာဘုရား၊ ကျန်တဲ့ ပုဂ္ဂိုလ်တွေဟာ တော့ဆက်တွေချည်းပဲ၊ အရိုးတွေမှာ ဆက်ထားပုံတွေ အရိုးရဲ့ အနေအထားနဲ့ ပတ်သက်ပြီးပြောတာ။

အဲဒီတော့ မြတ်စွာဘုရားက ကွင်းဆက်ဖြစ်သည့်အတွက်ကြောင့် ဒီအတိုင်းဇက်ကိုလှည့်ပြီး မကြည့်ဘူး၊ တစ်ကိုယ်လုံးနောက်လှည့်ပြီး ဘာပြောသလဲဆိုတော့ "**ရာဟုလာ၊ ရုပ်မှန်သမျှ အတိတ်က ရုပ်ပဲဖြစ်ဖြစ်၊ အနာဂတ်ရုပ်ပဲဖြစ်ဖြစ်၊ ပစ္စုပ္ပန်ရုပ်ပဲဖြစ်ဖြစ်၊ ကိုယ့်သန္တာန်ကရုပ်ပဲဖြစ်ဖြစ်၊ သူများသန္တာန်က ရုပ်ပဲဖြစ်ဖြစ်၊ လှတဲ့ရုပ်ပဲဖြစ်ဖြစ်၊ မလှတဲ့ရုပ်ပဲဖြစ်ဖြစ်၊ ကြမ်းတမ်းတဲ့ရုပ်ပဲဖြစ်ဖြစ်၊ သိမ်မွေ့တဲ့ရုပ်ပဲဖြစ်ဖြစ်၊ အနီးကရုပ်ပဲဖြစ်ဖြစ်၊**

http://www.dhammadownload.com

အဝေးကရုပ်ပဲဖြစ်ဖြစ်၊ ဘယ်ရုပ်ပဲဖြစ်ဖြစ် ငါဟာလို့မမြင်လေနဲ့၊ ငါလို့လည်း မမြင်လေနဲ့တဲ့၊ ငါ့ရဲ့ အတ္တလို့လည်း မမြင်လေနဲ့" တဲ့။ ငါဟာလည်းမဟုတ်ဘူး၊ ငါလည်း မဟုတ်ဘူး၊ ငါ့ရဲ့အတ္တလည်း မဟုတ်ဘူး၊ မှန်ကန်တဲ့ဉာဏ်နဲ့ ရှုမြင်သုံးသပ်နိုင်အောင် ကြိုးစားရမယ်လို့ ဘာမှမပြောပဲနဲ့ မြတ်စွာဘုရားက ဒီလို ဟောလိုက်တယ်။

ရာဟုလာ ဘာတွေတွေးနေတာတုန်းလို့ မမေးဘူးနော်၊ မမေးဘဲနဲ့ ရုပ်မှန်သမျှ ဘယ်သူ့ရုပ်ပဲဖြစ်ဖြစ် ငါဟာလည်း မဟုတ်ဘူး၊ ငါလည်းမဟုတ်ဘူး၊ ငါ့ရဲ့အတ္တလည်းမဟုတ်ဘူးလို့ မှန်ကန်တဲ့အတွေးနဲ့ မှန်ကန်တဲ့ဉာဏ်ပညာနဲ့ပဲ ရှုမြင်သုံးသပ်ရမယ်။

ဒီလိုပြောတော့ ရှင်ရာဟုလာက "အရှင်ဘုရားတဲ့၊ ရုပ်ကိုသာ အဲဒီလိုတွေးရမှာလား" လို့ဆိုတော့ 'ရုပ်'တင် မကဘူးတဲ့၊ 'ဝေဒနာ'ကိုလည်း အဲဒီလိုပဲတွေးရမယ် မြင်ရမယ်၊ 'သညာ' ကိုလည်း အဲဒီလိုမြင်ရမယ်၊ 'သင်္ခါရ' ကိုလည်း အဲဒီလိုမြင်ရမယ်၊ 'ဝိညာဏ' ကိုလည်း အဲဒီလိုမြင်ရမယ်။ စိတ်ထဲက စိတ်ရဲ့ခံစားမှုတွေ၊ စိတ်ရဲ့မှတ်သားမှုတွေ၊ စိတ်ရဲ့စေ့ဆော်မှုတွေ အသိစိတ်တွေ အားလုံးလည်း **'နေတံ မမ'** ငါဟာမဟုတ်ဘူး၊ **'နေသောဟ မသ္မိ'** ငါလည်းမဟုတ်ဘူး၊ **'န မေသော အတ္တာ'** ငါ့ရဲ့အတ္တမဟုတ်ဘူးလို့

http://www.dhammadownload.com

မှန်ကန်တဲ့ ဉာဏ်အမြင်နဲ့ ရှုမြင်နိုင်အောင် ကြိုးစားရမယ်လို့ မြတ်စွာဘုရားက ဒီလိုရှင်းပြလိုက်တယ်။

အဲဒီအခါမှာ ရှင်ရာဟုလာက မြတ်စွာဘုရား ဆုံးမသြဝါဒ ပေးနေမှတော့ ဒီကနေ့ ဆွမ်းခံမလိုက်တော့ဘူး၊ သပိတ်လေး ပြန်လွယ်ပြီး မြတ်စွာဘုရားနောက်က ဆွမ်းခံလိုက်မလို့၊ ဆွမ်းခံ မလိုက်တော့ဘဲနဲ့ တရားအားထုတ်တော့မယ်ဆိုပြီး တောထဲ ဝင်သွားလိုက်တယ်။

အဲဒီနေ့က လုံးဝဆွမ်းမစားတော့ဘူးနော်၊ ဘုရားဆီက အဆုံးအမရမှတော့ ငါဒီကနေ့ တရားပဲအားထုတ်တော့မယ်။ သာမန်ဆိုလို့ရှိရင် ဒီလိုပြောလို့ စိတ်ကောက်သွားသလားလို့ အောက်မေ့ကောင်း အောက်မေ့ကြလိမ့်မယ်နော်။

မြတ်စွာဘုရား ဟောလိုက်သည့်အတွက်ကြောင့် ဘုရား ဆီက ဆုံးမသြဝါဒရထားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ ဘာဖြစ်လို့ အချိန်ကုန်အောင် ဆွမ်းခံပြီးတော့ စားနေမတုန်း၊ တရား အားထုတ်မယ်ဆိုပြီးတော့ တောထဲဝင်သွားလိုက်ပြီး သစ်ပင် တစ်ပင်အောက်မှာ တင်ပလ္လင်ခွေ ခါးလေးဆန့်လို့ မြတ်စွာဘုရား ရှုခိုင်းတဲ့အတိုင်း ရုပ်တရားတွေကို ရှုမှတ်ပြီးတော့နေတယ်။

အဲဒီလို ရှုမှတ်နေတဲ့အချိန်မှာ ရှင်သာရိပုတ္တရာမထေရ်မြတ် က သူလည်း ဆွမ်းခံထွက်လာတာ၊ ဆွမ်းခံထွက်လာတဲ့အခါ ကျတော့ ရာဟုလာ ကမ္မဋ္ဌာန်းထိုင်နေတဲ့ သစ်ပင်နားက ဖြတ်သွား

http://www.dhammadownload.com

တော့ ရာဟုလာတရားထိုင်တာ မြင်တယ်။ သူထိုင်နေတဲ့ အနေအထားကတော့ အာနာပါန ထိုင်နေတဲ့ အနေအထားမျိုး၊ ကမ္မဋ္ဌာန်းထိုင်နေတဲ့ အနေအထားက အဲဒီလို ခါးကလေးဆန့်ပြီးတော့ တင်ပလ္လင်ခွေထိုင်ကာ အာနာပါန လုပ်တဲ့ အနေအထားမျိုးကိုး၊ ဒါကြောင့်မို့ ရှင်သာရိပုတ္တရာက ရာဟုလာ ကမ္မဋ္ဌာန်းထိုင်နေတယ်လို့ဆိုတာကို ဘုရားက ဘာကမ္မဋ္ဌာန်း ပေးသွားတယ်ဆိုတာကို မစဉ်းစားဘူးပေါ့။ ရာဟုလာကမ္မဋ္ဌာန်းထိုင်နေတာ မြင်တာနဲ့ လှမ်းပြီးတော့ ပြောသွားတယ်၊ "ရာဟုလာ အာနာပါနဿတိ ဘာဝနာဟာ အလွန်ကို အကျိုးကျေးဇူးတွေများတယ်၊ အာနာပါနကိုကြိုးစားအားထုတ်" တဲ့။

ဟိုကရှုနေတာ ရုပ်တရားကိုရှုနေတာနော်၊ ရှင်သာရိပုတ္တရာ မထေရ်က အာနာပါန ကမ္မဋ္ဌာန်းကို ပေးပြီးတော့ သွားတယ်။ အဲတော့ ကိုရင်ရာဟုလာ ၁၈-နှစ်အရွယ်၊ ဆွမ်းခံရာကနေ ဆွမ်းခံမလိုက်တော့ပဲနဲ့ တရားအားထုတ်နေလိုက်တာ ဘယ် အချိန်ထိရောက်သွားတုန်းဆို တစ်နေကုန် တရားထိုင်တာ၊ ညနေချမ်းရောက်တော့ သူ့ရဲ့ ဥပဇ္ဈာယ်ဆရာက အာနာပါန ပွားလို့ ပြောသွားတယ်၊ အာနာပါနပွားရင် ဘယ်လိုပွားရမှာလဲဆိုတာ ငါ ဘုရားကို သွားမေးဦးမယ် ဆိုပြီးတော့ ညနေချမ်း တရားထိုင်ရာကနေ ထွက်လာပြီး မြတ်စွာဘုရားဆီသွားတယ်။ "အရှင်ဘုရားတဲ့ အာနာပါနကို ပွားမယ်ဆိုရင်၊ အာနာပါန

http://www.dhammadownload.com

ကမ္မဋ္ဌာန်းကို ဘယ်လိုအားထုတ်လို့ရှိရင် ဘယ်လို အကျိုးကျေးဇူး တွေရနိုင်ပါသလဲ" လို့ မြတ်စွာဘုရားကို လျှောက်တယ်။

အဲဒီလို လျှောက်တဲ့အခါ မြတ်စွာဘုရားက အာနာပါန ဒီမေးခွန်းကို မဖြေဘူး၊ ရှင်ရာဟုလာ မေးခွန်းကို မဖြေဘဲနဲ့ ဘာပြောတုန်းဆိုတော့ သူပေးထားတဲ့ ကမ္မဋ္ဌာန်းကို အသေးစိတ် ဆက်ပြီးတော့ ဟောတယ်၊ ဓာတ် ၄-ပါး ကမ္မဋ္ဌာန်းကိုဟောတာ၊ ဓါတ်လေးပါးဆိုတဲ့နေရာမှာလည်းပဲ အင်မတန်လူတွေရဲ့ အမြင်ထဲမှာ အလွန်ထင်ရှားတာတွေကို မြတ်စွာဘုရား ထောက်ပြီး ဟောတာ။

ဓာတုမနသိကာရ

"ရာဟုလာတဲ့ ကိုယ့်ခန္ဓာကို အာရုံစိုက်ပြီးတော့ကြည့်၊ မင်းရဲ့ ခန္ဓာကိုယ်ထဲမှာတဲ့ ကံကံရဲ့ အကျိုးတရားအနေနဲ့ ဖြစ်ပေါ်လာတဲ့ အတုံးအခဲတွေရှိတယ်။ အဲဒီ အတုံးအခဲတွေဟာဘာလဲ။ ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ခြင်ဆီ၊ အညှို့၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျင်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း။ ဟော အားလုံး (၁၉) ခု"။ အဲဒီထဲမယ် ပါဠိတော်တွေထဲမှာ "ဦးနှောက်" ဆိုတာ မပါဘူးဖြစ်နေတယ် (၁၉)ခုပဲ ရေတွက်တယ်။ သို့သော် အဲဒီ ဦးနှောက်ဟာ '**အဋ္ဌမိဥ္စ**' ဆိုတဲ့ ခြင်ဆီဆိုတဲ့ထဲမှာ ထည့်ထားသည့်

http://www.dhammadownload.com

အတွက်ကြောင့် သူ့ကို သီးသန့် မဆိုတာတဲ့၊ သူ့ထည့်လိုက်မယ် ဆိုရင်(၂၀) ဖြစ်တယ်ပေါ့။ ခန္ဓာကိုယ်ထဲမှာ အတုံးအခဲအနေနဲ့ ရှိတာတွေကို လောကဝေါဟာရနဲ့ ကြည့်လိုက်မယ်ဆိုရင် အားလုံးမြင်နိုင်တယ်။ ဆံပင်ရှိတယ်၊ မွေးညှင်းရှိတယ်၊ ခြေသည်း၊ လက်သည်း ရှိတယ်၊ သွားရှိတယ်၊ အရေထူ အရေပါးရှိတယ်။ နှောက်ပြီးတော့ နှလုံး၊ အသည်း၊ အမြှေး၊ အဖျင်း၊ အဆုတ် ရှိတယ်။ ဟော ဒါတွေရှိတယ်၊ ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ခြင်ဆီ၊ အညှို့၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျင်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်လို့။

ခန္ဓာကိုယ်ထဲမှာ ဒီအရာတွေဟာရှိနေတယ်၊ ခန္ဓာကိုယ် ထဲမှာရှိတဲ့ ပထဝီဓါတ်လို့ခေါ်တယ်။ ခန္ဓာကိုယ်ထဲမှာရှိတဲ့ ပထဝီ ဓာတ်ပဲဖြစ်ဖြစ် အပြင်မှာရှိတဲ့ ပထဝီဓာတ်ပဲဖြစ်ဖြစ် မာမာ အတုံး အခဲတွေ မှန်သမျှဟာ ပထဝီပဲတဲ့။ သဘာဝတရားပဲလို့ ဒီလိုရှုမြင် နိုင်အောင် ကြိုးစားရမယ်။ အဲဒီပထဝီဟာ အခုပြောခဲ့တဲ့ အတုံး အခဲတွေဟာ ပထဝီဓာတ်မျှသာဖြစ်တယ်။ ငါ့ဟာမဟုတ်ဘူး ငါလည်းမဟုတ်ဘူး၊ ငါ့ရဲ့အတ္တလည်းမဟုတ်ဘူးလို့ မှန်ကန်တဲ့ ဉာဏ်နဲ့ ရှုမြင်နိုင်အောင်ကြိုးစားရမယ်တဲ့။ အသေးစိတ် ထပ်ပြီး တော့ ပြောတာနော်။

http://www.dhammadownload.com

ဘုန်းကြီးတို့တတွေ ဒီထက် အသေးစိတ်ပြီးတော့ တစ်ချို့က ပြောတယ်၊ ပထဝီဆိုတာ အခုဆံပင်ကို ပထဝီခေါ်တာ မဟုတ်ဘူး၊ ဆံပင်ရဲ့ မာတဲ့သဘောလေးကိုသာ ပထဝီလို့ခေါ်တယ်၊ ဒါမှ ပရမတ္ထလို့ ဒီလိုဟောကြတာတွေလည်းရှိတယ်ပေါ့နော်။

အခုမြတ်စွာဘုရားဟောတဲ့ သုတ္တန်ကိုကြည့်၊ လောက ဝေါဟာရအတိုင်း ဟောထားတာ။ ဘုန်းကြီးတို့စဉ်းစားမိတယ်၊ မြတ်စွာဘုရားက တရားရှုခိုင်းတာ ဘာအတွက်လဲလို့ဆိုလို့ရှိရင် စွဲလန်းလို့ အစွဲအလန်းကို ဖြုတ်ဖို့အတွက်ပဲ။

စွဲတယ်ဆိုတာ မာတဲ့သဘော၊ ပျော့တဲ့သဘောပေါ်မှာ စွဲပါ့မလား မစွဲဘူး၊ လူတွေစွဲတာ ဘယ်ကိုစွဲတာတုန်း၊ ဆံပင်အပေါ်မှာ စွဲတယ်၊ ဟုတ်တဲ့လား၊ ဆံပင်ပေါ်မှာစွဲတယ် ဆံပင်ပေါ်မှာစွဲလို့ အခုခေတ်မှာ အရောင်လေးတွေ မိုးစုံပြောင်းနေကြတာပေါ့နော်။ ကိုယ့်ဆံပင်လေးကို လှလှပပနဲ့ မလှလှအောင် ပြင်ဆင်ပြီးတော့ နေကြတယ်ဆိုတာ အင်မတန်မှထင်ရှားတယ်၊ ဆံပင်ပေါ်နေလို့ ရှိရင် ဒီဆံပင်က နှစ်သက်စရာကြီးလို့ထင်နေတယ်၊ ထမင်းပန်ကန်ထဲရောက်မှ ရွံရမှန်းသိတယ်။ အဲတော့ မြတ်စွာဘုရားက ထမင်းပန်းကန်ထဲရောက်မှ ရွံရမှန်းမသိလေနဲ့၊ ခေါင်းပေါ်မှာရှိတဲ့ ဒီဆံပင်နဲ့ အတူတူပဲလို့ ဒီလိုဆိုလိုတာပဲ။ အဲတော့ အစွဲရှိတဲ့နေရာမှာ အစွဲဖြတ်ဖို့ တရားဆိုတာကျင့်ရပါတယ်၊ ဒါကြောင့်မို့ ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ၊ ခန္ဓာကိုယ်

http://www.dhammadownload.com

ထဲမှာရှိတဲ့ ဒါတွေအားလုံးဟာ လူတွေစွဲလန်းတဲ့ အရာတွေပဲ ဖြစ်တယ်။

အထူးသဖြင့် ဆံပင်ကိုလည်း စွဲကြတယ်၊ မွေးညှင်းကို လည်း စွဲကြတယ်၊ မွေးညှင်းကျတော့ ယောကျ်ားလေးတွေက ပိုစွဲပုံရတယ်၊ နှုတ်ခမ်းမွေးတွေသ,တယ်နော်။

နောက်ပြီးတော့ ဆံပင်၊ မွေးညှင်း၊ လက်သည်း၊ ခြေသည်း တွေကျတော့ အမျိုးသမီးတွေက ပိုပြီးတော့ စွဲကြတယ်၊ ဆေးရောင်တွေခြယ်ကြတယ်၊ ဒီဇိုင်းလှလှတွေနဲ့ လုပ်ကြတယ်။ ဟော အဲဒါမျိုးတွေ မဖြစ်ရအောင်လို့ မြတ်စွာဘုရားက ရာဟုလာ ကိုကြည့်၊ ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ၊ ဒါတွေပေါ်မှာတဲ့ အပြင်ဘက်က ပထဝီဓါတ်နဲ့ ကိုယ့်ခန္ဓာကိုယ် မှာရှိတဲ့ ပထဝီဓါတ်ဟာ အတူတူပဲတဲ့ ပထဝီဓါတ်တွေချည်းပဲတဲ့။

ဒါကြောင့်မို့ အဲဒီပထဝီဓါတ်တွေကို **'နေတံမ'** ငါဟာ မဟုတ်ဘူး၊ **'နေသောဟမသ္မိ'** ငါလည်းမဟုတ်ဘူး၊ **'န မေသော အတ္တာ'** ငါ့ရဲ့ အတ္တလည်းမဟုတ်ဘူး ဆိုပြီးတော့ မှန်ကန်တဲ့ ဉာဏ်အမြင်နဲ့ ရှုနိုင်အောင် ကြိုးစားရမယ်လို့ ဒီလိုဆိုတာ၊ ဒါ ဝိပဿနာရှုခိုင်းတဲ့ သဘောပဲပေါ့။ ဝိပဿနာရှုခိုင်းတဲ့ သဘော **'နေတံမ'** ဆိုတာ လူတွေက တဏှာစွဲနဲ့ ကြည့်မယ်ဆိုလို့ရှိရင် ဆံပင်လေးကို ငါ့ဆံပင်လို့ မြင်တယ်၊ ဒါတဏှာရဲ့ အမြင်လို့ ခေါ်တယ်။ အဲဒီဆံပင်ကလေး ရှိနေတာကိုပဲ ငါပဲဟော့ဆိုတဲ့

http://www.dhammadownload.com

မာန်မာနလေး၊ ဆံပင်လှရင်လည်း မာန်မာနတက်တာပဲလေ။ မလှလှအောင် ပြင်ပြီးတော့ ဆံပင်လေး လှလို့ရှိရင်နော်။ ယောကျ်ားတွေလည်း ဆံပင်ကိုထောင်တယ်တဲ့၊ မိုးထိအောင် ထောင်ဆိုပြီးတော့ ဆံပင်ကို ထောင်နေအောင်လုပ်ထားတယ်။

အဲဒီလို ငါပဲဟော့လို့ ဆိုတဲ့ အတွေးလေးနဲ့ ငါ့ဆံပင်ဆိုတဲ့ အယူအဆလေးနဲ့ တဏှာလေးတွေ ဖြစ်ကြတယ်၊ မာန်မာနတွေ တက်ကြတယ်။ နောက်ဆုံးမှာ ကိုယ့်ဆံပင် ကိုယ်ကြိုက်သလို လုပ်လို့ရတယ်လို့ ဒီလိုအယူအဆတွေ ရှိကြတယ်။

အဲဒီအယူအဆသုံးမျိုးကို ဖယ်ရှားပစ်ဖို့ရာအတွက် မြတ်စွာဘုရားက **'နေတံမမ'** ငါဟာမဟုတ်ဘူးဆိုတာ တဏှာနဲ့မတွယ်ဖို့ ဆုံးမသြဝါဒပေးတာ၊ **'နေသောဟ မသို့'** မာန်မာန မတက်ဖို့၊ **'န မေသော အတ္တာ'** အယူဝါဒမမှားဖို့ ဆိုပြီးတော့ တဏှာရယ်၊ မာနရယ်၊ ဒိဋ္ဌရယ်၊ ဒီအမြင်သုံးမျိုး ရှိနေတာကို အဲဒီ အမြင်သုံးမျိုးကို အသိဉာဏ်နဲ့ ချေဖျက်ရမယ်လို့ ဒီလိုဟောတာ။

'ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ' အမှန်အတိုင်းမြင်အောင် ကြည့်ရမယ်၊ ဒါဖြင့် 'ငါဟာ'လို့မြင်တာ အမှန်အတိုင်းမြင်တာ မဟုတ်ဘူး၊ တဏှာက မြင်နေတာ၊ မှားမှားယွင်းယွင်း မြင်နေတာ၊ 'ငါ'လို့ မြင်တာလည်းပဲ ဉာဏ်ကမြင်တာမဟုတ်ဘူး၊ မာန်မာနက ထင်နေတာ။ 'ငါ့ရဲ့အတ္တ'လို့မြင်တာက အယူအဆမှားယွင်းတဲ့ ဒိဋ္ဌက မြင်တာလို့ ဟော မြင်ပုံမြင်နည်းခြင်း မတူဘူး။ တဏှာက

http://www.dhammadownload.com

ဆံပင်ကို 'ငါ့ဟာ' လို့မြင်တယ်၊ မာနက ဆံပင်ကို 'ငါ' လို့မြင်တယ်၊ ဒီဠိက 'ငါ့ရဲ့အတွက်' လို့ ငါလုပ်ချင်တာ လုပ်လို့ရတယ်လို့ ဒီလို မြင်နေတာ။

ဘယ် လုပ်ချင်တိုင်းလုပ်လို့ရမလဲ၊ ခဏတစ်ဖြုတ်တော့ ဟုတ်တာပေါ့။ အရောင်ဆိုးရင်တော့ အရောင်ပြောင်းသွားမှာပေါ့။ နောက်ပိုင်းကျတော့ ကျွတ်လာလို့ရှိရင် ဘာမှ မတတ်နိုင်ဘူးပေါ့။ ခေါင်းကဖြူလာလို့ရှိရင်လည်း ဘာမှ မတတ်နိုင်ဘူးပေါ့၊ နောက်ဆုံးကျတော့ ဒါတွေဟာ ပျက်စီးပြီးတော့ သွားတာပဲတဲ့။ အဲဒီသဘောတရားတွေကို ရှုမြင်သုံးသပ်ဖို့အတွက် ရှင်ရာဟုလာကို မြတ်စွာဘုရားက ဟောနေတာ။

အဲဒီပထဝီဓါတ်တွေဟာ ပထဝီဓါတ်ပဲဖြစ်တယ် ငါမဟုတ်ဘူး ငါ့ဟာမဟုတ်ဘူး ငါ့ရဲ့ အတွက် မဟုတ်ဘူးလို့ ရှုမြင်နိုင်အောင် ကြိုးစားပါတဲ့။ အဲဒီလိုကြိုးစားလို့ရှိရင် ဘာဖြစ်မလဲဆိုရင် ပထဝီဓာတ်ပေါ်မှာ တွယ်တာမှုတွေ ကင်းပြတ်သွားနိုင်ပါတယ်။ တွယ်တာမှုတွေ ကင်းပြတ်သွားအောင် ကြိုးစားရမယ်။

အာပေါဓာတု

ကဲ-ထို့အတူပဲ ခန္ဓာကိုယ်ထဲမှာ အာပေါဆိုတဲ့ အရည်ဓာတ်တွေရှိတယ်၊ အဲဒီ အရည်ဓာတ်တွေနဲ့ အပြင်ဘက်က အရည်ဓာတ်တွေ အတူတူပဲတဲ့။ အာပေါဟာ အာပေါပဲတဲ့။ အဲဒီ

http://www.dhammadownload.com

အာပေါတွေကို အတွင်းကအာပေါကျတော့ ငါ့ဟာလို့တွက်ကြတယ်၊ အပြင်ဘက်က ရေတွေကျတော့ ငါ့ဟာလို့မတွက်ဘူး၊ ရေသဘောဟာ အတူတူပဲတဲ့။

အတွင်းရေနဲ့ပဲဖြစ်ဖြစ် အပြင်ကရေနဲ့ပဲဖြစ်စေ ငါ့ဟာမဟုတ်ဘူး အတူတူပဲလို့ ဒီလို အာပေါနဲ့ ပတ်သက်ပြီးတော့ လည်းပဲ မြတ်စွာဘုရားဟာ အာပေါဓါတ်ဟာ အာပေါမောတ်မျှသာဖြစ်တယ်၊ ငါ့ဟာလို့မတွက်လေနဲ့ ငါလို့မမြင်လေနဲ့ ငါ့ရဲ့သတ္တိလို့ လည်းမမြင်လေနဲ့လို့ မှန်ကန်တဲ့ဉာဏ်အမြင်နဲ့ ရှုမြင်သုံးသပ်တတ်အောင် ကြိုးစားရမယ်။

အာပေါအပေါ်မှာ ဒီတွယ်တာမှုတွေမဖြစ်စေနဲ့တဲ့၊ အဲဒီအာပေါဆိုတဲ့ နေရာမှာကျတော့ မြတ်စွာဘုရားက ဘာကို ဟောတုန်းဆိုတော့ ၃၂-ကောဋ္ဌာသထဲမှာ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲနော် အဲဒါတွေကို ဆိုလိုတယ်။ မျက်ရည်၊ ဆီးကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်ဆိုတဲ့ ဒီအာပေါတွေကို ဆိုလိုတယ်။ အဲဒါက ၁၂-ခု။ အဲဒီ အရည်သဘောမှန်သမျှ အာပေါမျှသာဖြစ်တယ်လို့ ဒီလိုရှုမြင်သုံးသပ်နိုင်အောင် ကြိုးစားရမယ်။

http://www.dhammadownload.com

တေဇောဓာတု

နောက်တစ်ခါကျတော့ တေဇောတဲ့၊ ခန္ဓာကိုယ်ထဲမှာရှိတဲ့ အရာတစ်ခုရှိသေးတယ်၊ တေဇောဆိုတာ ၄-မျိုးရှိတယ်၊ မြတ်စွာဘုရားက ၄-မျိုးကို ရှင်းပြတယ်။ တစ်မျိုးက ဘာတုန်းဆိုရင် နေမကောင်းထိုင်မသာတဲ့အခါမှာ ခန္ဓာကိုယ်မှာ အပူတွေ တက်လာတယ်၊ Fever လို့ခေါ်တယ်၊ အဲဒါကို **'သန္တပ္ပနတေဇော'** လို့ခေါ်တယ် အဲဒီအပူတစ်မျိုး။ နောက်အပူတစ်မျိုးက ဘာတုန်းဆိုရင် လူတိုင်းလူတိုင်းမှာရှိတဲ့ **'ဇီရဏ တေဇော'** တဲ့။ တစ်ဖြည်းဖြည်း အိုအိုလာစေတတ်တဲ့ တေဇောပဲ။ ပန်းကလေးတွေလည်းပဲ အဲဒီအပူကြောင့် တစ်ဖြည်းဖြည်း ရင့်ရင့်လာပြီးတော့ နွမ်းပြီးကြွေသွားတာ။ သစ်သီးလေးတွေလည်း အစိမ်းကနေပြီး တစ်ဖြည်းဖြည်း မှည့်သွားတာ အဲဒီတေဇောကြောင့်။ လူတွေဟာလည်းပဲ တစ်ဖြည်းဖြည်းပါးရေ တွန့်လာတယ်၊ ဆံပင်တွေဖြူသွားတယ်၊ အဲဒီတေဇောကြောင့်ဖြစ်တာ၊ အဲဒါကို **'ဇီရဏ တေဇော'** လို့ခေါ်တယ်။

နောက် တေဇောတစ်ခုက ဘာတုန်းဆိုရင် ခန္ဓာကိုယ်ထဲမှာ တစ်ခါတစ်ခါကျတော့ ပူတယ်၊ ဗိုက်ထဲကပူတယ် ရင်ထဲကပူတယ်နဲ့ ဆိုပြီးတော့ ပူတယ်နဲ့ ပြောရလောက်အောင် ပူလာတဲ့ အပူမျိုးကို **ဒုယ္ဘနတေဇော(ဒုဟာတေဇော)** ခေါ်တယ်။ နောက်ထပ် အပူတစ်မျိုးက ဘာတုန်းဆိုရင် စားသမျှ အာဟာရတွေ အစာ

http://www.dhammadownload.com

အိမ်ထဲ ရောက်သွားလို့ရှိရင် အားလုံးဟာ ကြေညက်ပြီးတော့ သွားတာ၊ ခွဲခြားလို့မရဘူး။ စားထားတာက စုံနေတာပဲ၊ ခေါက်ဆွဲလည်းပါတယ် ထမင်းလည်းပါတယ် ဟင်းရွက်လည်းပါတယ်။ သို့သော် ဗိုက်ထဲကနေ အပြင်ရောက်လာတဲ့အခါကျတော့ ခေါက်ဆွဲနဲ့ ခွဲလို့မရတော့ဘူးပေါ့၊ စားသမျှ အစာအာဟာရတွေက တစ်ပုံစံတည်း ထွက်လာတော့တာပေါ့၊ အဲဒါ ဘာကြောင့် တုန်းဆိုရင် **ပါစကတေဇော** ကြောင့်ပဲ။

တေဇော ၄-မျိုးကို မြတ်စွာဘုရားဟောတယ်၊ အဲဒီတေဇော ၄-မျိုးနဲ့ အပြင်ဘက်တေဇောနဲ့ တေဇောခြင်း အတူတူပါပဲတဲ့။ ဘယ်တေဇောကိုဖြစ်ဖြစ် ငါ့ဟာလို့လည်း မမြင်လေနဲ့ ငါလို့လည်း မမြင်လေနဲ့ ငါ့ရဲ့ အတ္တလို့လည်း မမြင်လေနဲ့ သဘာဝတရား သက်သက်မျှသာဖြစ်တယ် ဆိုတာ မှန်ကန်တဲ့အမြင်နဲ့ မြင်နိုင်အောင် ကြိုးစားအားထုတ်ပါလေ။ ဒါမှ တေဇောဆိုတဲ့ အပေါ်မှာ တွယ်တာမှုတွေ ပျောက်သွားမှာတဲ့။ အရေးကြီးဆုံးကတော့ တွယ်တာမှုပျောက်အောင် လုပ်ခိုင်းတာပဲပေါ့။ ဘုန်းကြီးတို့ တစ်တွေ တွယ်တာနေတာ ဒါတွေကို တွယ်တာတာပေါ့။

ဝါယောဓာတု

ဟော နောက်ထပ် ဝါယောတဲ့ 'လေ'၊ လူလောက လူတွေမှာ လေက ခြောက်မျိုးရှိသတဲ့။ လေခြောက်မျိုးက အထက်ကို

http://www.dhammadownload.com

ဆန်တဲ့လေ၊ တစ်ခါတစ်ခါလူတွေဟာ လေတက်တယ်ဆိုတာ ရှိတယ်နော်၊ အောက်ကိုစုန်တဲ့လေတဲ့။ ဟော အထက်ကိုဆန်တဲ့ လေတဲ့လေ၊ အောက်ကိုစုန်တဲ့လေ၊ ဝမ်းဗိုက်ထဲရှိတဲ့လေ၊ ဝမ်းဗိုက်ထဲရှိတဲ့လေကလည်း တစ်ခါတစ်ခါ ဂွတ်ဂွတ်ဂွတ်ဂွတ်နဲ့ မြည်တတ်တယ်လေ။ နောက် အူထဲမှာ ရှိတဲ့လေတဲ့၊ လူရဲ့ ခန္ဓာကိုယ်ထဲမှာ အဂီါကြီးငယ်ထဲမှာ သွေးတွေလည်ပတ်နေအောင် တွန်းအားပေးတဲ့ 'လေ'။ ဟော နောက်ဆုံးကျတော့ နေ့စဉ်နှင့်အမျှ ၂၄-နာရီ စဉ်ဆက်မပြတ် ရှူသွင်းရှူထုတ်လုပ်နေတဲ့ ထွက်သက်ဝင်သက်လေတဲ့၊ အားလုံးပေါင်း (၆) မျိုးရှိတယ်ပေါ့။

အဲဒီ လေ ၆-မျိုးဟာလည်း အပြင်ဘက်ကလေတွေနဲ့ အတူတူပဲတဲ့၊ အဲဒီလေမှန်သမျှဟာ ဝါယောဓါတ်မျှသာဖြစ်တယ်၊ ငါ့ဟာလည်းမဟုတ်ဘူး၊ ငါလည်း မဟုတ်ဘူး၊ ငါ့ရဲ့အတ္တလည်း မဟုတ်ဘူးလို့ မှန်ကန်တဲ့ဉာဏ်အမြင်နဲ့ ရှုမှတ်နိုင်အောင်ကြိုးစားရမယ်။ အဲဒီလိုကြိုးစားလိုက်ပြီဆိုရင် စိတ်ဟာ ဒီ ဝါယောဓာတ်ပေါ်မှာ တွယ်တာမှုဆိုတာ မဖြစ်တော့ဘူးပေါ့။ အဲဒီလို ဓာတ်လေးပါးနဲ့ ပတ်သက်ပြီးတော့ မြတ်စွာဘုရားက ရာဟုလာကို အသေးစိတ် ဟောပေးထားတာ။

http://www.dhammadownload.com

အာကာသဓာတု

နောက်ပြီးတဲ့အခါကျတော့ ဘာတုန်းဆိုတော့ အာကာသ၊ အာကာသဆိုတာ ဟင်းလင်းပြင်အပေါက်ကလေး၊ လူရဲ့ ခန္ဓာကိုယ်မှာကြည့်လေ၊ နားပေါက်ရှိတယ်၊ နှာခေါင်းပေါက်ရှိတယ်၊ ပါးစပ်ပေါက် ရှိတယ်နော်၊ အဲဒီအပေါက်တွေဟာ အသားအသွေး/တွေနဲ့ မထိတဲ့ အပေါက်အခေါင်း ဖြစ်နေတဲ့အရာတွေ မှန်သမျှ အာကာသပဲ၊ အဲဒီ အာကာသကိုလည်း အတွင်းအာကာသပဲ ဖြစ်စေ၊ အပြင်ကအာကာသပဲဖြစ်စေ အာကာသဟာ အာကာသမျှသာဖြစ်တယ်။ ငါလည်းမဟုတ်ဘူး၊ ငါ့ဥစ္စာလည်း မဟုတ်ဘူး၊ ငါ့ရဲ့အတ္တလည်း မဟုတ်ဘူးလို့ မှန်ကန်တဲ့ ဉာဏ်အမြင်နဲ့ ရှုမြင်သုံးသပ်နိုင်အောင် ကြိုးစားပါလို့ ရာဟုလာကို ဒီလို ဟောတာနော်၊ ဓာတ်(၅) ပါးပေါ့။

ပထဝီဓာတ်က-၂၀၊ အာပေါဓာတ်က-၁၂၊ အဲဒီထဲမယ် တေဇောဓာတ်က ၄-ခု၊ ဝါယောဓာတ်က ၆-ခု၊ ပေါင်းလိုက်တဲ့အခါကျတော့ ၄၂-ခု၊ ကမ္မဋ္ဌာန်းရှုဖို့ရာအတွက် ၄၂-မျိုး အခြင်းအရာအားဖြင့် မြတ်စွာဘုရားက မှန်ကန်တဲ့အမြင်နဲ့ ရှုမြင်ဖို့ဆိုပြီး ရာဟုလာကို တရားဟောတယ်။

http://www.dhammadownload.com

စိတ်ဓာတ်ခိုင်မာလာအောင်

ကဲ- အဲဒီလို တရားဟောပြီးတဲ့အခါမှာ နောက်ထပ် ရာဟုလာကို ဘာထပ်ရှင်းတုန်းဆိုတော့ တွယ်တာမှုတွေ မရှိအောင် ကိုယ့်ကိုယ်ကိုဆင်ခြင်သုံးသပ်ဖို့ စိတ်ဓါတ်အနေအထားတွေ ခိုင်မာဖို့ဆိုပြီးတော့ ကိုယ့်စိတ်ကိုဘာနဲ့ လေ့ကျင့်ရမလဲဆိုပြီး မြတ်စွာဘုရားက ရာဟုလာကိုပြောတယ်။ "ရာဟုလာ တဲ့၊ မင်းရဲ့ စိတ်ကလေးကို **မြေကြီး** နဲ့ အလားတူအောင်၊ မြေကြီးကဲ့သို့ ခိုင်မာရင့်ကျက်အောင် စိတ်ကလေးကိုလေ့ကျင့်ပါ"တဲ့။ မြေကြီးက ဘာလို့လဲဆိုရင် ဘုန်းကြီးတို့တစ်တွေ မြေကြီးပေါ်မှာ ကောင်းတာလည်း ချကြတယ်၊ မကောင်းတာလည်း ချတယ်၊ သန့်ရှင်းတာလည်း ချတယ်၊ ရွံစရာတွေလည်းချတယ်။ သန့်ရှင်းတာပဲလာလာ ရွံစရာပဲလာလာ မြေကြီးက ပြောင်းလဲမှုမရှိဘူး၊ တည်ငြိမ်တယ်ပေါ့။ ထို့အတူပဲ မင်းရဲ့စိတ်ကလေးကို တည်ငြိမ်အောင် လုပ်လို့ ပြောတာ။ မျက်စိက အဆင်းအာရုံကို မြင်တဲ့အခါမှာ ကောင်းတာလေးတွေ့ရင် ကြိုက်လိုက်တာ၊ မကောင်းတာလေးတွေ့ရင် မုန်းလိုက်တာဆိုတာ မဖြစ်စေရဘူးလို့ ဒီလိုပြောတယ်။ အဲဒီလိုမဖြစ်ဘူးဆိုရင် စိတ်က တည်ငြိမ်သွားတယ်။ ကောင်းမကောင်း ကြိုက်မကြိုက်အပေါ်မှာ လောဘလည်းမဖြစ်နဲ့၊ ဒေါသလဲ မဖြစ်နဲ့၊ မြေကြီးလိုစိတ်ဓာတ် ကြံခိုင်အောင် ကြိုးစားအားထုတ်ရမယ်၊ ဟော ဒါ လေ့ကျင့်မှုတစ်ခု မြတ်စွာဘုရားပေးတာ။

တစ်ခါတစ်ရံကျတော့ သူတစ်ပါးကို ညှဉ်းဆဲချင်ကြတယ်၊ နှိပ်စက်ချင်ကြတယ်၊ ရက်စက်ချင်တယ်၊ အဲဒီရက်စက်ချင်တယ် ဆိုတဲ့ အတွေးတွေ ပျောက်ဖို့ရာအတွက် **ကရဏာ**ပွားပါ။ အကြင်နာတရား ကိုယ့်ရဲ့နှလုံးသားထဲမှာ ဖြစ်ပွားအောင်လုပ်၊ အဲဒါမှ သူတစ်ပါးကို ညှဉ်းဆဲလိုတယ် ရက်စက်လိုတယ် ဆိုတဲ့ စိတ်တွေ ပျောက်သွားနိုင်တယ်။

ဟောနောက်တစ်ခု **မုဒိတာ**ပွား၊ သူများကြီးပွားတာ ဝမ်းသာနိုင်ရမယ် သို့မဟုတ် ကုသိုလ်ကောင်းမှုနဲ့ ပတ်သက်ပြီးတော့ ကိုယ့်စိတ်ထဲမှာ ကျေနပ်နှစ်ခြိုက်မှု ရှိစေရမယ်ပေါ့။

အဲဒါ အကယ်၍ မုဒိတာတရား မပွားဘူး ဆိုလို့ရှိရင် သူတစ်ပါးကြီးပွားလို့ရှိရင် စိတ်ထဲမှာ မနာလို မုန်းတီးမှုတွေ ဖြစ်တယ်တဲ့ **'အာရတီ'** ဆိုတဲ့ သဘာဝတရားတွေဖြစ်တယ်။ ဒါကြောင့်မို့ အဲဒါတွေမဖြစ်ရအောင် မုဒိတာပွားပါတဲ့။

နောက်တစ်ခုကျတော့ မြတ်စွာဘုရားက ရာဟုလာ **ဥပေက္ခာ** လည်းပွားရမယ်။ ဥပေက္ခာဆိုတာ ဘယ်လိုပွားတာတုန်းဆိုတာ **'သဗ္ဗေသတ္တာ ကမ္မဿကာ'** လူတွေဟာ ကိုယ့်ကံနဲ့ ကိုယ်၊ မုန်းနေလို့လည်း အလကားပဲ၊ ချစ်နေလို့လည်း အလကားပဲ၊ ဟော သူကံနဲ့သူလာတာ အချိန်တန်ရင် ပြန်ကြရမှာချည်းပဲပေါ့။ အဲဒီလို စိတ်ထဲမှာ နှလုံးသွင်းထားနိုင်လို့ရှိရင် စိတ်ရဲ့ထိခိုက်မှုဆိုတာတွေ မလာတော့ဘူး၊ စိတ်ဟာ တည်ငြိမ်သွား

http://www.dhammadownload.com

တယ်။ ဒါကြောင့်မို့ ဥပေက္ခာပွားရမယ်။

ဟော မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဆိုတာ ပွားပြီးတော့ နောက် ဘာပွားခိုင်းတုန်းဆိုတော့ အရေးကြီးတာ တစ်ခုကဘာလဲ။ လူငယ်လူရွယ်တွေဆိုတာ လှပတာကိုကြည့်ချင်တယ် နှစ်သက်တယ် စွဲလန်းတယ်။ အဲဒီလိုဖြစ်မှာစိုးလို့ အေးကိုယ့်ရုပ်ခန္ဓာရော သူများရဲ့ ရုပ်ခန္ဓာရော ဘယ်သူ့ရုပ်ခန္ဓာမှ မလှဘူး မတင့်တယ်ဘူး ရွံစရာစက်ဆုပ်စရာကောင်းတယ်ဆိုတဲ့ အနေအထားမျိုးတွေ မင်းသဘောကျလာအောင်၊ စိတ်ထဲမှာ ဖြစ်ပွားအောင်ကြိုးစား။

ပွားတယ်ဆိုတာ အဲဒီစိတ် ထပ်တလဲလဲဖြစ်နေရမယ်၊ တွေးပေးရမယ်နော်။ ဒီ **'ဝိဇယ'** သုတ်မှာ တွေးပုံတွေးနည်းလေးပြောထားတာရှိတယ်။ ခန္ဓာကိုယ်ကကြည့်ရင် ကိုးပေါက်ဒွါရအမာဝက ထွက်တာရှိတယ်၊ မျက်လုံးထဲက ဘာထွက်တုန်း၊ မျက်ချေးထွက်တယ်နော်၊ နားထဲက ဘာထွက် နားဖာချေး ထွက်တယ်နော်၊ နှာခေါင်းထဲကဘာထွက်တုန်း နှာချေး၊ ကဲ- ကောင်းတာ ဘာတစ်ခုမှ မရှိဘူး သိမ်းထားစရာ များရှိလား။ ပါးစပ်ကတံတွေး ဘယ်အရာမှကောင်းတာမရှိဘူး၊ အဲဒါတွေကို စဉ်းစားကြည့်ရင် လူ့ခန္ဓာကိုယ်ကထွက်တာ တန်ဖိုးရှိတာဆိုလို့ တစ်ခုမှ မရှိဘူးနော်။ မြေကြီးထဲကထွက်လာတာမှ စိန်တို့ ကျောက်တို့ သိမ်းရသေးတယ်။

http://www.dhammadownload.com

လူခန္ဓာကိုယ်ကထွက်တာ တစ်ခုမှ သိမ်းစရာမရှိဘူးတဲ့၊ အဲဒါကြောင့်မို့ ခန္ဓာကိုယ်ကြီးဟာ မတင့်တယ်ဘူးဆိုတာ အင်မတန်မှ ထင်ရှားတယ်။ သို့သော်လည်း လူတွေက ဇတ်ဖုံးကွယ်ပြီးတော့ တင့်တယ်အောင်လုပ်နေကြတယ်၊ လှပအောင်လုပ်နေကြတယ်တဲ့၊ လှအောင်လုပ်ပြီးတော့ တွယ်တာနေကြတယ်၊ အဲဒါကြောင့်မို့ မြတ်စွာဘုရားက **အသုဘ** မတင့်တယ်တဲ့ သဘောတွေကို ဆင်ခြင်စဉ်းစားပါတဲ့၊ စိတ်ထဲမှာ အမြဲထားပါ။ အဲဒီလိုထားနိုင်မှ **ရာဂ**ဆိုတာ ဖယ်ရှားနိုင်မယ်၊ နို့မို့ဆိုရင် ရာဂတွေဟာ လာနေမှာပဲ၊ ဩော် နှစ်သက်စရာကောင်းလိုက်တာ လှလိုက်တာနဲ့ဆိုပြီးတော့ တွယ်တာမှုတွေ ဖြစ်လာလိမ့်မယ်တဲ့။

ဟော၊ နောက်တစ်ခုက ဘာတုန်းဆိုရင် ရာဟုလာ **သဒ္ဓါရ**တရားတွေဟာ ဘယ်သဒ္ဓါရတရားမှ မမြဲဘူးဆိုတာ၊ မင်းအမြဲနှလုံးသွင်းဖို့လိုအပ်တယ်။ အဲဒီ မမြဲတာတွေကိုကြည့်မှ ငါဆိုတဲ့ ဒီလက်မထောင်မှုတွေဟာ ပျောက်သွားမယ်၊ လောကလူတွေက ငါဆိုတာလေးကအမြဲရှိကြတယ်နော်၊ လူတွေက ကိုယ့်ကိုယ်ကိုယ် မာနမကြီးဘူးလို့ထင်တယ်၊ သူဂုဏ်လေးကိုထိခိုက်မယ့်စကားပြောကြည့်လိုက် မာနလေးက ငေါက်ခနဲ့ ထလာတယ်၊ ဟုတ်ကဲ့လား။ မခံဘူးဟေ့ ဆိုတာမျိုးဖြစ်လာတယ်။ အဲကျတော့မှ ငါကထပေါ်လာတာနော်၊ အဲတော့ **'အသွိမာန'** ငါလို့ဆိုတဲ့ ဒီအတွေးဟာ၊ မာန်မာနတရားဟာ အနိစ္စသညာနဲ့ ဖယ်ရှားပစ်ရမယ်လို့

http://www.dhammadownload.com

ဒီလို မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က ကမ္မဋ္ဌာန်းတရားတွေကို ဟောထားတယ်၊ ဒါက ရာဟုလာအတွက် သီးသန့်ဟောပေးတာ။

အာနာပါနသတိ

ရာဟုလာမေးတဲ့မေးခွန်းက ဒါတွေမဟုတ်ဘူး၊ ရာဟုလာက တရားထိုင်နေတုန်း ရှင်သာရိပုတ္တရာမထေရ်က ဆွမ်းခံကြွရင်း လှမ်းပြောသွားတာ၊ ရာဟုလာ အာနာပါနကိုပွား၊ အာနာပါနကိုပွားလို့ရှိရင် အင်မတန်မှ အကျိုးကြီးတယ်လို့ ပြောသွားတာ၊ အဲဒီတော့ ငါ့ရဲ့ ဥပဇ္ဈာယ်ဆရာက ပွားခိုင်းနေတယ်၊ ဘယ်လိုပွားရမယ်ဆိုတာ ငါ ဘုရားကိုလျှောက်မယ် ဆိုပြီးတော့ လျှောက်တော့ ခုမှ မြတ်စွာဘုရားကဖြေမှာ။

နောက်ဆုံးကျမှ "ရာဟုလာ၊ အာနာပါန ပွားတော့မယ် ဆိုရင်တဲ့ သစ်ပင်ရင်းဖြစ်စေ ဆိတ်ကွယ်ရာ ကျောင်းတစ်ကျောင်းဖြစ်စေ တောအရပ်မှာဖြစ်စေ ဆိတ်ငြိမ်တဲ့ နေရာလေးတစ်ခုကို ချဉ်းကပ်ပါ။ အဲဒီမှာ တင်ပလ္လင်ခွေထိုင် ခါးထက်ကိုယ်ကို ဆန့်ဆန့်လေးထား ခေါင်းကိုမတ်မတ်လေးထား၊ ထားပြီးတဲ့အခါ ခန္ဓာကိုယ်မှာ ပုံမှန်အနေအထားလေးတွေရှိပြီ ဆိုတဲ့အခါ ကိုယ့်ရဲ့ သတိတရားလေးကို နှာသီးဝကိုပို့ထားလိုက်၊ ပို့ထားပြီးတော့ **'သတောဝ အဿသတိ၊ သတောဝ ပဿသတိ'** အသက်ရှူသွင်း

http://www.dhammadownload.com

လိုက်တဲ့အခါလည်း သတိလေးနဲ့ ရှိုက်ထုတ်လိုက်တဲ့အခါကျတော့လည်း သတိလေးနဲ့ စဉ်ဆက်မပြတ် ထွက်လေ ဝင်လေကို မှတ်ပြီးတော့နေရမယ်၊ အဲဒီလို သတိနဲ့ ရှုရမယ်လို့၊ ဒါ ပထမအကြိမ်လေ့ကျင့်တဲ့နည်းတစ်နည်း၊ အဲဒီလို သတိကပ်ပြီးတော့ ရှုနေတဲ့အခါမှာ ဘာတွေထူးခြားပြီး သိသလဲဆိုရင်။

ရှည်ရှည်လေးဆွဲပြီးတော့ ရှုတဲ့အခါမှာ ဩော် ရှုတာဟာ နည်းနည်းရှည်တယ်ဆိုတာ သိလာတယ်၊ တိုတိုလေးရှုတဲ့အခါမှာလည်း တိုတယ်ဆိုတာသိလာတယ်။ ရှည်ရင် ရှည်တယ်လို့ သိတယ်၊ တိုရင်တိုတယ်သိတယ် ဆိုတာ အတိုင်းအတာတစ်ခုပိုလာတဲ့သဘောကို ပြောတာနော်။ တမင်ရှည်အောင်လုပ်ပြီး ရှုဖို့ကိုပြောတာမဟုတ်ဘူး၊ တမင် တိုတိုလေး ရှုခိုင်းတာလည်း မဟုတ်ဘူး။ သူ့သဘာဝအတိုင်း ထူးခြားတဲ့ အသိလေးတစ်ခုပေါ်လာတာကိုပြောတာ၊ အဲဒီထက်ဆက်ပြီးတော့ ဘာလုပ်တုန်းဆိုရင် ဒီ **'သမ္မကာယပ္ပဋိသံဝေဒီ'** တဲ့၊ ထွက်လေဝင်လေ အားလုံးကို သိအောင် အစလယ်ဆုံး သုံးပါးလုံး ထွက်သမျှလေကို သိနေအောင် ရှုရမယ်။ သိနေအောင်ရှိုက်ရမယ်။ ဒါကျတော့ ကြိုးစားအားထုတ်ပြီးတော့ သိအောင်လုပ်တာ။

ဟော၊ နောက်တစ်ခုကျတော့ ဘာတုန်းဆိုရင် **'ပဿမ္ဘယံ ကာယသင်္ခါရံ'**၊ ကာယသင်္ခါရ ဆိုတာ ဒီနေရာမှာ တခြားကို ပြောတာမဟုတ်ဘူး၊ ခန္ဓာကိုယ်နဲ့ ဒီဆက်စပ်ပြီးတော့ ဖြစ်ပေါ်

http://www.dhammadownload.com

နေတဲ့ ထွက်လေဝင်လေကိုပြောတာ။ အဲဒီ ထွက်လေဝင်လေဟာ သိမ်မွေ့သွားအောင်၊ သိမ်မွေ့တာပဲသိအောင် ကြိုးစားအားထုတ်ရမယ်တဲ့။ အာနာပါနဆိုတာ ဒီငြိမ်သက်လာလေလေ ထွက်လေဝင်လေက သိမ်မွေ့လာလေလေ ဖြစ်တယ်။

အဲတော့ အားလုံးပေါင်းလိုက်တဲ့အခါကျတော့ ပထမဆုံးလေ့ကျင့်ရမှာက ဒီလေးခုပဲနော်၊ ဒီလေးခုပဲ။ သတိနဲ့ ရှူသွင်းမယ် သတိနဲ့ ရှိုက်ထုတ်မယ်၊ ရှည်ရင်ရှည်တယ်လို့သိမယ်၊ တိုရင် တိုတယ်လို့သိမယ်၊ ကာယ **'သမ္မကာယ'** လို့ခေါ်တဲ့ ဒီထွက်လေဝင်လေ ပေါင်းစလယ်ဆုံးထိအောင် အကုန်လုံး သတိမလွတ်ဘဲနဲ့ သိတယ်၊ ရှူသွင်းတဲ့အခါသိတယ်၊ ရှိုက်ထုတ်တဲ့အခါသိတယ်။ ထွက်လေ ဝင်လေ လေလေးသိမ်မွေ့သွားအောင် ရှူတယ်၊ သိမ်မွေ့သွားအောင် ရှိုက်ထုတ်တယ်။ အာနာပါန ကမ္မဋ္ဌာန်းအားထုတ်တိုင်း အားထုတ်တိုင်း ဒီလေးခုဟာ အဓိက။

ဒါ ပထမစပြီးတော့ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်းဟာ ဒီလေးခုပဲ။ အားလုံးအာနာပါနနဲ့ ပတ်သက်ပြီးတော့ ဆယ့်ခြောက်ခု မြတ်စွာဘုရားဟောတယ်။ အဲတော့ ဆယ့်ခြောက်ခုက နောက် လေးခုစီ လေးခုစီပေါ့၊ လေးခုစီ လေးခုစီသွားတယ်၊ ဒီလေးခုက ပထမဆုံး ဒီလေ့ကျင့်ဖို့ရာအတွက် မြတ်စွာဘုရားကဟောတယ်။ နောက်သုံးခုကျတော့ သူက **ဝေဒနာနုပဿနာ စိတ္တာနုပဿနာ ဓမ္မာနုပဿနာ**တွေနဲ့

http://www.dhammadownload.com

ကိုက်ညီမှုအောင်လို့ ဈာန်ရပြီးတဲ့ပုဂ္ဂိုလ်တွေ ရှုမှတ်ဖွယ်အတွက် နောက်လေးစုံ သုံးခုကိုဟောတယ်။

အားလုံးပေါင်းလိုက်တဲ့အခါကျတော့ ဆယ့်ခြောက်ခုရှိတယ် ပေါ့နော်၊ အဲဒီဆယ့်ခြောက်ခုရှိတယ်။

ဒါဖြင့် အာနာပါနကို စပြီးတော့အားထုတ်မယ်ဆိုလို့ရှိရင် အဓိကအချက်က ဘာတုန်းဆိုလို့ရှိရင် နံပါတ်တစ်က **'ဂဏန ဖုသနာ'** တဲ့၊ ရေတွက်တဲ့နည်းစနစ်။ ရေတွက်တာ ဘယ်မှာ ရေတွက်တာတုန်းဆိုရင် လေကလေး ထိသွားတဲ့ နေရာမှာ ရေတွက်ရမယ်၊ ထိသွားလို့ရှိရင် တစ်လို့မှတ်တယ်။ ဝင်လေ ထွက်လေ တစ်၊ ဝင်လေထွက်လေ နှစ်၊ ဝင်လေထွက်လေသုံးနဲ့ တစ်ဆယ်ထက် ပိုပြီးတော့ မတွက်နဲ့၊ ဘာဖြစ်လို့တုန်းဆိုလို့ရှိရင် ဂဏန်းဘက်ကို စိတ်ကရောက်သွားမှာစိုးလို့တဲ့၊ အရေးကြီးတာ နှာသီးဖျားလေး လေထိသွားတာလေးကိုမှတ်ဖို့။ အဲဒါကို **'ဂဏနာ'** လို့ခေါ်တယ်၊ စိတ်ကလေး တည်ငြိမ်လာတဲ့အခါကျတော့ 'ဂဏနာ' ကို လွှတ်လိုက်တယ်။

ဘာဖြစ်လို့လဲဆိုရင် **'အနုဗန္ဓ'** တဲ့၊ လေလေးပေါ်မှာတင်ပဲ ထိတိုင်းထိတိုင်းလိုက်ပြီးတော့ သိနေဖို့ရာ ရှုမှတ်ရမယ်၊ အဲဒီလို ရှုမှတ်ရင်းကနေပြီး နောက် သမာဓိ ရလာလို့ရှိရင် **'ဌပနာ'** လို့ ခေါ်တယ်။ သမာဓိရလာလို့ ဈာန်ရလာပြီဆိုရင် 'ဌပနာ' ဈာန် ရလာတဲ့အပေါ်မှာ တစ်ခါ ဝိပဿနာဉာဏ်နဲ့ မမြဲတဲ့ သဘော

http://www.dhammadownload.com

တရားတွေကို ရွှေဆင်ခြင်တတ်လာပြီ။ ထွက်လေဝင်လေလေးရဲ့ အချိန်ပိုင်းလေးဟာ အင်မတန်မှ တိုတောင်းတယ်ဆိုတာ သတိထားမိလာပြီး အဲဒီကျလို့ရှိရင်တော့ **'သံလက္ခဏာ'** လို့ ခေါ်တယ်။

အဲဒီလို အာနာပါနစူးစိုက်ရှုမှတ်လိုက်တဲ့အခါမှာ အာနာပါန ရှုရင်းရှုရင်း နောက်ဆုံး ဘာဖြစ်လဲဆိုလို့ရှိရင် အာနာပါနကနေပြီး ဝိပဿနာကိုရောက်သွားတယ်၊ မမြဲတဲ့သဘောကို မြင်အောင် ရှုတယ်၊ ချုပ်ပျောက်သွားတဲ့သဘောကို မြင်အောင်ရှုတယ်၊ ပျက်စီးသွားတဲ့ သဘောတွေကို မြင်အောင်ရှုတယ်၊ ဟော ဝိပဿနာဝင်လာပြီ ဆိုလို့ရှိရင် ကြည့်လေ၊ ထွက်လေလေးသည် ထိသွားပြီးတော့ ပျောက်သွားတယ်။ ဝင်လေလေးမပေါ်လာခင် ထွက်လေလေးက အရင်ငြိမ်သွားတယ်၊ တစ်ခါ ဝင်လေလေး ပေါ်လာလို့ရှိရင် ဝင်လေလေးကလည်း နောက်ထပ် ထွက်လေ လေး မပေါ်ခင်ငြိမ်းသွားတယ်၊ ဟော ပျက်စီးသွားတယ်။

အချိန်ပိုင်းလေးအတွင်း ထွက်လေဝင်လေဟာ ထွက်လေ သည် ဝင်လေသို့မရောက်ခင်၊ ဝင်လေကလည်း ထွက်လေသို့ မရောက်ခင် အချိန်ပိုင်းလေးတိုင်းမှာ ပျက်စီးပျက်စီးသွားတယ် ဆိုတဲ့ သဘောလေးတွေကို ရှုမှတ်ပြီးတော့ ရှုရမယ်လို့ ဒီလို ဆိုလိုတယ်ပေါ့။ အဲဒါဟာ **'အနိစ္စာနုပဿီ'** ထွက်လေဝင်လေ က နေပြီးတော့ ဒီမမြဲတဲ့ သဘောတွေကို ဆင်ခြင်စဉ်းစားပြီး

http://www.dhammadownload.com

ရှုမှတ်တယ်၊ အာနာပါနကနေပြီးတော့ နောက်ဆုံး ဝိပဿနာ ဉာဏ်ထိအောင် မမြဲတဲ့သဘောတွေ မြင်သွားသည်ထိအောင် ပွားတဲ့။

ပွားလို့ရှိရင် ဘယ်လောက်ထိအောင် အကျိုးကျေးဇူးတွေ ရှိလာသလဲလို့ဆိုရင် အာနာပါန ကမ္မဋ္ဌာန်းအားထုတ်တဲ့ ပုဂ္ဂိုလ်ဟာ ဘဝတစ်ခု အဆုံးသတ်မယ် ဆိုတဲ့အခါမှာ နောက်ဆုံး ထွက်လေဝင်လေလေးထိအောင် သတိဟာမြဲတယ်လို့ ပြောတယ် နော်။

အဋ္ဌကထာကတော့ ဘယ်လို ရှင်းထားတုန်းဆိုရင် ထွက်လေဝင်လေကမ္မဋ္ဌာန်းကို ရှုမှတ်ပွားများတဲ့ ပုဂ္ဂိုလ်ဟာ ရဟန္တာဖြစ်ရင်ဖြစ် မဖြစ်ဘူးဆိုလို့ရှိရင် သေခါနီးအချိန်မှာ **ဇိဝိတသမသီသီ** ရဟန္တာ ဖြစ်နိုင်တယ်ပေါ့၊ တရားထူး တရားမြတ် မသေခင်ရချင်ရ၊ မရဘူးဆိုရင် သေခါနီးမှာရနိုင်တယ်၊ သေခါနီးမှာ မရဘူး၊ သေသွားပြီဆိုရင်တဲ့ နတ်ပြည်ရောက်တဲ့အခါမှာ ဓမ္မကထိက နတ်သားတွေဟောတဲ့ တရားကို နာရပြီးတော့ အကျွတ်တရားရနိုင်တယ်။ အဲဒီလိုမှ မရသေးဘူးဆိုရင် ဘုရား မပွင့်တဲ့အခါမှာဆိုရင် ပစ္စေကဗုဒ္ဓဖြစ်မယ်၊ အဲဒီလို ပစ္စေကဗုဒ္ဓ မဖြစ်ဘူး၊ ဘုရားပွင့်တဲ့အခါနဲ့ ကြုံမယ်ဆိုလို့ရှိရင် **'စိပ္ပါဘိညာ'** နည်းနည်းပြောလိုက်တာနဲ့ သဘောပေါက်ပြီးတော့ ရဟန္တာ ဖြစ်သွားတဲ့ပုဂ္ဂိုလ်ဖြစ်နိုင်တယ်တဲ့။ ရှင်သာရိပုတ္တရာတို့လို နောက်

http://www.dhammadownload.com

ဗာဟိရဒါရုစီရိယ တို့လို တရားတိုတိုလေး ဟောလိုက်တာနဲ့ သဘောပေါက်ပြီး ရဟန္တာဖြစ်သွားတာတွေလေ။

အဋ္ဌကထာဆရာကြီးက ထပ်ပြီးတော့ ရှင်းထားတယ်။ မြတ်စွာဘုရားက နောက်ဆုံး ထွက်လေ ဝင်လေလေးထိအောင် ထင်ထင်ရှားရှား သိပြီးတော့ ဒီသဘာဝတရားတွေကို ရှုမှတ်နိုင်တယ်။ ဒါ အာနာပါနရဲ့ အကျိုးကျေးဇူးတွေ ဖြစ်တယ်လို့ ဆယ့်ရှစ်နှစ်သားအရွယ် ရှင်ရာဟုလာလေးကို **"မဟာရာဟုလောဝါဒ သုတ္တန်"** မှာ အခုလိုဟောကြားထားပါတယ်။

ဒီကနေ့ ဆယ့်ရှစ်နှစ်သားအရွယ် ရှင်ရာဟုလာအား ဝိပဿနာကျင့်စဉ်စုံအောင် မြတ်စွာဘုရားက ပေးထားတယ်၊ ရှင်ရာဟုလာလေးဟာ ဆက်ပြီးတော့ တရားမမှိုကို ကျင့်ကြံကြိုးကုတ် အားထုတ်နေတာဖြစ်တယ်။ အဲဒီနည်းနဲ့ ဝိပဿနာ ဉာဏ် ရင့်လာတယ်။။

နောက်ရက်ကျတော့ **"စူဠရာဟုလောဝါဒသုတ္တန်"** ကို ဟောပါ့မယ်။ ရှင်ရာဟုလာဟာ ဘယ်လို ရဟန္တာဖြစ်သွားတယ်၊ ဘယ်အရွယ်မှာ ရဟန္တာဖြစ်သွားတယ်၊ ဘယ်လို ဘဝနိဂုံးချုပ်သွားတယ်ဆိုတာ ဆက်ပြီး ဟောကြားမှာ ဖြစ်ပါတယ်။

တရားချစ်ခင် သူတော်စင်ပရိသတ်အပေါင်းတို့၊ ဒီကနေ့ ဆယ့်ရှစ်နှစ်အရွယ် ရှင်ရာဟုလာကိုဟောတဲ့ ကမ္မဋ္ဌာန်းတရားတွေကို နာယူမှတ်သားကြပြီး မိမိတို့အတွက် ဘယ်လောက်

http://www.dhammadownload.com

အသုံးကျတယ် ကျင့်ကြံအားထုတ်ထိုက်တယ်ဆိုတာ စဉ်းစားရင်း ကိုယ်စီကိုယ်စီ သဘောကျပြီး ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြပါစေကုန်သတည်း၊

သာဓု ... သာဓု ... သာဓု



http://www.dhammadownload.com

ရှင်ရာဟုလာ၏ဘဝနှင့် မြတ်ဗုဒ္ဓ၏ အဆုံးအမ
အပိုင်း(၃)



မှတ်တမ်း

သာသနာတော်နှစ် ၂၅၅၄ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၂-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၂)ရက်၊ မုံရွာမြို့၊ ရွှေစည်းခုံစေတီတော်မြတ်ကြီး၏ ဓမ္မဗိမာန်ကြီးအတွင်းဝယ် ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် ဓမ္မသဘင်အခမ်းအနား၌ မုံရွာမြို့၊ အလယ်ရပ်၊ ဗိုလ်ချုပ်လမ်း၊ မြင့်သူဇာသက်နိုးတိုက်နှင့်စတိုး၏ အနန္တကျေးဇူးရှင် မိခင်ကြီး-ဒေါ်ခင်ငြိမ်း၏ အသက်(၈၅)နှစ် အမှတ်တရ မွေးနေ့အခါသမယဝယ် အမတဒါန ဓမ္မဒါနအဖြစ် ဟောကြားအပ်သော **"ရှင်ရာဟုလာ၏ဘဝနှင့် မြတ်ဗုဒ္ဓ၏ အဆုံးအမ၊ အပိုင်း(၃)"** တရားဒေသနာတော်။

ဒီကနေ့ မြန်မာနိုင်ငံမှာ သင်္ဂီယနာခြောက်တန်းတင်ပြီး မှတ်သားထားရှိတဲ့ ပိဋကတ်သုံးသွယ် နိကာယ်ငါးဖြာ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ရှိတယ်။ အဲဒီအထဲမှာ ရှင်

http://www.dhammadownload.com

ရာဟုလာ မထေရ်မြတ်နဲ့ ပတ်သက်တဲ့သုတ္တန်တွေ (၄၀)နီးပါး ရှိတယ်၊ အဲ့ဒီ သုတ္တန်တွေထဲက သုတ္တန်နှစ်ခုကို အခြေပြုပြီး ပထမညမှာ ဟောခဲ့တယ်၊ ခုနစ်နှစ်သားအရွယ်မှာ မြတ်စွာဘုရား ဘယ်ပုံဘယ်နည်း ရာဟုလာကို ဆုံးမ ဩဝါဒပေးတယ်ဆိုတာ ရှင်းပြခဲ့တယ်။

နောက်တစ်ခါ (၁၈)နှစ်သား လူပျိုပေါက် စိတ်ကစားတဲ့ အရွယ်မျိုးမှာ မြတ်စွာဘုရားက ဘယ်ပုံဘယ်နည်း ဆုံးမဩဝါဒ ပေးခဲ့တယ်၊ ဘယ်ပုံဟောခဲ့တယ် ဆိုတာ မနေ့က သုတ္တန်နှစ်ခုကို အခြေပြုပြီး ဟောကြားခဲ့ပြီ။

ဒီကနေ့တော့ ရှင်ရာဟုလာမထေရ်မြတ်ဟာ အသက် (၂၀)ပြည့်လို့ ရဟန်းဘဝ ရောက်ရှိလာပြီး ဝါမရခင်အချိန်မှာ ကမ္မဋ္ဌာန်းတရား ဘယ်လိုအားထုတ်ခဲ့တယ်၊ ဘယ်တရားနာလို့ ရဟန္တာဖြစ်သွားတယ်ဆိုတာ သုတ်ပေါင်း (၂၈)သုတ်ကို အခြေခံပြီး ဟောပါမယ်။ (၂၈)သုတ်ထဲက **'သံယုတ္တနိကာယ'** မှာ (၂၄)သုတ်ရှိတယ်၊ **'အင်္ဂုတ္တရနိကာယ'** မှာ နှစ်သုတ်ရှိတယ်၊ **'သံယုတ္တနိကာယ ခန္ဓဝဂ္ဂသံယုတ်'** မှာ **'ရာဟုလသံယုတ်'** ဆိုတာ ရှိတယ်။ **'ရာဟုလသုတ်'** နာမည်နဲ့ (၂)သုတ်၊ နောက်ဆုံးအဓိက ထားပြီးတော့ ရှင်ရာဟုလာ ရဟန္တာဖြစ်သွားတဲ့ သုတ်ကတော့ **'စူဠရာဟုလောဝါဒ'** သုတ်လို့ခေါ်တဲ့သုတ် ဖြစ်တယ်။

http://www.dhammadownload.com

(၁၈)နှစ်အရွယ်မှာ မြတ်စွာဘုရားဟောတဲ့ ဩဝါဒကို **'မဟာရာဟုလောဝါဒ'** သုတ်လို့ခေါ်တယ်၊ မနေ့က **'မဟာရာဟုလောဝါဒ'** သုတ်ကို အကျဉ်းချုံး ဟောပြီးပြီ၊ ဒီကနေ့ အဓိက ပဓာနထားဟောမှာက **'စူဠရာဟုလောဝါဒသုတ်'** ဖြစ်တယ်။

ဒီနေရာမှာ စူဠ, မဟာ ဆိုတဲ့ နာမည်တပ်တာကတော့ သုတ္တန်နှစ်ခု ခွဲခြားပြီး ပြောချင်လို့ပါ။ **မဟာရာဟုလောဝါဒ** သုတ်က နည်းနည်းရှည်တယ်၊ **စူဠရာဟုလောဝါဒ**သုတ်က နည်းနည်းတိုတယ်၊ ဒါကြောင့်မို့ အတိုအရှည် အကြီးအသေး ခွဲခြားပြီး မှတ်တမ်းတင်တာဖြစ်တယ်။

စူဠရာဟုလောဝါဒ ဆိုလို့ စူဠရာဟုလာ ရှိတယ်လို့ မအောက်မေ့နဲ့ပေါ့။ တခါတရံ နာမည်အကြီးအသေး ခွဲတဲ့အခါ ဆိုပါစို့ **'မဟာပန္ထက'** **'စူဠပန္ထက'** လို့ဆိုတာက တစ်မျိုးပါ။ ရဟန်းတော် ညီအစ်ကိုနှစ်ပါးရှိတယ်။ အခု ရာဟုလာနဲ့ ပတ်သက်ပြီး မဟာရာဟုလာ, စူဠရာဟုလာလို့ ဒီလိုခွဲခြားတာ မရှိပါဘူး၊ သုတ္တန်အနေနဲ့ပဲ **'မဟာရာဟုလောဝါဒ'** **'စူဠရာဟုလောဝါဒ'** လို့ ဒီလိုခွဲထားတာ၊ အဲ့ဒါလည်း သတိချပ်စရာတစ်ခုပေါ့။

အသက်(၂၀)အရွယ်ရောက်လာတဲ့အခါ ရှင်ရာဟုလာဟာ ရဟန်းဘဝကို ရရှိခဲ့တယ်။ ဥပဇ္ဈာယ်ဆရာကတော့ ကိုရင်တုန်းက ဥပဇ္ဈယ်ဆရာဖြစ်တဲ့ အရှင်သာရိပုတ္တရာပဲ၊ ကမ္မဝါစာဆရာ

http://www.dhammadownload.com

ကတော့ သရဏဂုံပေးခဲ့တဲ့ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်ပဲ ဖြစ်တယ်ပေါ့။

သာသနာတော်မှာ ဒီကနေ့ခေတ် ရှင်ပြုသလို ရှင်ပြုနည်းနဲ့ ပထမဆုံး ရှင်ဖြစ်ခဲ့တဲ့ပုဂ္ဂိုလ် ဘယ်သူလဲလို့ဆိုရင် ရှင်ရာဟုလာပဲ၊ ဒီကနေ့လက်ရှိမြန်မာနိုင်ငံမှာ ရှင်ပြုပေးတဲ့ နည်းစနစ်အတိုင်းပဲ ရှင်ရာဟုလာဟာ ပထမဆုံး ရှင်ဖြစ်တယ်။ ရှင်ရာဟုလာ ရှင်မဖြစ်ခင်က ရှင်ပြုပေးပုံက ပုံစံတစ်မျိုးပေါ့၊ နောက် ရဟန်းခံတဲ့ အခါမှာလည်း ရှင်ရာဟုလာဟာ ဒီကနေ့ ရဟန်းခံတဲ့ပုံစံမျိုးပဲလို့ မှတ်ယူကြရမှာပါ။

အသက်နှစ်ဆယ်ပြည့်လို့ ရဟန်းဖြစ်လာတဲ့အခါမှာ ရှင်ရာဟုလာဟာ ဝိပဿနာတရား နေ့စဉ်ပွားများ ကြိုးစားအားထုတ်တယ်၊ မြတ်စွာဘုရားကလည်း မကြာမကြာ ဝိပဿနာတရားများကို ဟောကြားပေးတယ်။ ဘယ်လိုပဲတရားကျင့်ကျင့်၊ ဘယ်လိုပဲ ဆုံးမဆုံးမ၊ ရင့်ကျက်လာတဲ့အချိန် မရောက်သေးခင်တော့ ဘယ်ပုဂ္ဂိုလ်မှ ရင့်ကျက်သွားမှာမဟုတ်ဘူး၊ အချိန်အခါဆိုတာ စောင့်ရတယ်။

အဲဒီအချိန်ကို သိတာကလည်း မြတ်စွာဘုရားပဲသိတယ်၊ ကျန်တဲ့ပုဂ္ဂိုလ်တွေ မသိနိုင်ဘူးပေါ့။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ **သဒ္ဓါ သတိ ဝီရိယ သမာဓိ ပညာ** ဆိုတဲ့ ဒိဋ္ဌဓ္မေဒါးပါး ဘယ်အချိန်မှာ ရင့်ကျက်လာတယ်ဆိုတာ မြတ်စွာဘုရားမှသိတယ်။

http://www.dhammadownload.com

ကြာပင်က ကြာဖူးတွေဟာ ဒီကနေ့ဖူး ဒီကနေ့ပွင့်တာ မဟုတ်ဘူး အချိန်ယူရတယ်၊ ပွင့်ချိန်တန်မှ ပွင့်တယ်။ ဖူးလာတဲ့ ကြာလေးဟာ နေရောင်နဲ့ တွေ့ပေမယ့်လို့ ပွင့်ချင်မှပွင့်တယ်ပေါ့။ မရင့်သေးရင် မပွင့်ဘူး၊ ရင့်လာပြီဆိုမှ အဲ့ဒီကြာဖူးဟာပွင့်လာတာ။ အဲဒီလိုပဲ အသိဉာဏ် ပွင့်လင်းဖို့ဆိုတဲ့နေရာမှာ ရင်ကျက်မှုဆိုတာ အင်မတန်မှ အရေးကြီးတယ်၊ ဘုန်းကြီးတို့တတွေ ဒီဘဝမှာ မဂ်ဖိုလ် မရဘူးဆိုလို့ရှိရင် မရင့်ကျက်လို့မရတာ တစ်ခုပါတယ်။

နောက်တစ်ခုက ဘာတုန်းဆိုရင် ပြင်းပြတဲ့ဆန္ဒမရှိတာလည်း တစ်ခုပါတယ်၊ နောက်တစ်ခုက ဘာလဲလို့ဆိုရင် မရမနေကြိုးစားအားထုတ်တော့မယ်၊ ဒါကလွဲရင် တခြားဟာတွေကို လုံးဝဂရုမစိုက်တော့ဘူး၊ ဒီဘဝမှာပဲ နိဗ္ဗာန်ရအောင် အားထုတ်မယ်ဆိုတာမျိုးလည်းမရှိဘူး။ အဲဒါကြောင့် မရသေးတာလို့ ဒီလိုတွက်ရမယ်၊ ဒါကတော့ သူများကို ပြောဖို့မလိုဘူး၊ ကိုယ့်ဟာကိုယ် အသိဆုံးပဲပေါ့။ တို့ မဂ်ဖိုလ်နိဗ္ဗာန် ဘာကြောင့်မရတာလဲ၊ ကြိုးစားတဲ့အချိန်နဲ့ မကြိုးစားတဲ့အချိန် ဘယ်ဟာကများလဲ၊ ဒါလေးတွက်ကြည့်ရမှာပေါ့။ အဲဒီတော့ မရသေးဘူးဆိုတဲ့ အနေအထားတစ်ခုဟာ မလုပ်သေးလို့ မရတာလည်းပါတယ်၊ မရင့်ကျက်သေးလို့ မရတာလည်း ပါတယ်ပေါ့။

ဘယ်လိုပဲဖြစ်ဖြစ် လုံးဝမလုပ်သေးတဲ့ ပုဂ္ဂိုလ်ကတော့ လုံးဝမစရသေးဘူးပေါ့၊ ခရီးလမ်းတစ်ခုကို လျှောက်ရသလိုပဲ တစ်လှမ်း

http://www.dhammadownload.com

မှ မစသေးတဲ့ပုဂ္ဂိုလ်ဟာ ဝေးနေဦးမှာပဲပေါ့။ ခြေလှမ်းတစ်ရာနဲ့ ရောက်နိုင်မယ့်နေရာ တစ်လှမ်းစလိုက်ပြီဆိုရင် ကိုးဆယ့်ကိုးလှမ်းပဲ ကျန်တော့တယ်၊ အဲဒီလိုကနေပြီးတော့ အလှမ်းငါးဆယ် လှမ်းမိသွားပြီဆိုရင် နောက်ထပ် ငါးဆယ်ပဲ ကျန်တော့တယ်၊ ခုနစ်ဆယ့်ငါးလှမ်း လှမ်းမိသွားပြီဆိုလို့ရှိရင် အစိတ်ပဲ ကျန်တော့တယ်၊ ဒီလို နီးသွားမှာပေါ့။

တရားကျင့်နေလို့ရှိရင် အလဟဿတော့ မဖြစ်ဘူး၊ တဖြည်းဖြည်းတော့ ရောက်သွားမှာပဲ၊ ဒါ တစ်လှမ်းနဲ့တစ်လှမ်း နီးသွားမှာ၊ အဲတော့ ဒီရှင်ရာဟုလာလေးဟာ အသက် ခုနစ်ဆယ် ပြည့်လို့ ရဟန်းဘဝရပြီး ဝါမရသေးတဲ့ ဦးဇင်းငယ် အရွယ်မှာ မြတ်စွာဘုရားထံလာတယ်။ လာပြီး ဘာလျှောက်သလဲဆိုလို့ရှိရင် "အရှင်ဘုရားတဲ့၊ တပည့်တော်ကို ကမ္မဋ္ဌာန်းတရားဟောပေးပါ" တဲ့။

အရင်ကလည်း ဟောနေတာပဲ၊ သို့သော် ဒီသုတ္တန်မှာ "တပည့်တော်ကို အကျဉ်းချုပ် ဝိပဿနာကျင့်စဉ်လေးတစ်ခု ဟောပေးပါဘုရားတဲ့၊ အဲဒါ ဟောပေးလို့ရှိရင် တပည့်တော် ကြိုးကြိုးစားစားနဲ့ နိဗ္ဗာန်ကလွဲလို့ တခြားရည်မှန်းချက်မရှိဘဲ ဆိတ်ငြိမ်ရာအရပ်မှာကပ်ပြီး ကြိုးစားအားထုတ်ချင်ပါတယ်" လို့ လျှောက်ထားတာ။ အဲဒီ သုတ္တန်ပေါင်းလေးဆယ်ကျော်ထဲမှာ သုတ္တန်တစ်ခုမှာ ဒီလို လာလျှောက်တယ်။

http://www.dhammadownload.com

အဲဒီလိုလာလျှောက်တဲ့အခါ "တရားရှာ ကိုယ်မှာတွေ့" လို့ မြန်မာလူမျိုးတွေ ပြောကြသလို ဝိပဿနာကျင့်စဉ်တရားဆိုတာ တခြားနေရာမှာ ရှာနေစရာမလိုဘူး၊ ကိုယ့်ခန္ဓာကိုယ်ထဲမှာပဲ ရှာရတယ်၊ ကိုယ့်ခန္ဓာထဲမှာရှိတဲ့ အရာတွေကိုပဲ မြတ်စွာဘုရား က ရှင်းလင်းပြတ်သားစွာမြင်အောင် ဟောကြားပေးတယ်တဲ့။ သုတ္တန်တရားတွေ များနေသော်လည်းပဲ တရားဓမ္မအနေနဲ့ ကြည့်လိုက်လို့ရှိရင် ဟောဒီ ဝိပဿနာကျင့်စဉ်တစ်ခုကိုပဲ အဓိကထား ဟောတယ်။

စူဠရာဟုလောဝါဒသုတ်မှာ မြတ်စွာဘုရားက ရာဟုလာနဲ့ ပတ်သက်ပြီး ဆင်ခြင်စဉ်းစားလိုက်တဲ့အခါ မြတ်စွာဘုရားရဲ့ ဉာဏ်တော်ထဲမှာ ဘာပေါ်လာတာလဲဆိုလို့ရှိရင် ရှင်ရာဟုလာရဲ့ သန္တာန်မှာတဲ့ **'ဝိမုတ္တိပရိပါစနိယ'** (အရဟတ္တဖိုလ်ဆိုတဲ့ လွတ်မြောက်တဲ့စိတ်အတွက် ရင့်ကျက်စေတတ်တဲ့) တရားတွေဟာ ရင့်သန်လာပြီ၊ **"ပရိပက္ကာဒေါ် ရာဟုလဿ ဝိမုတ္တိ ပရိပါစနိယာ-ဓမ္မာ"** တဲ့၊ ရာဟုလာရဲ့သန္တာန်မှာ လွတ်မြောက်ခြင်းလို့ဆိုတဲ့ အရဟတ္တမဂ်, အရဟတ္တဖိုလ်ကို ရရှိစေနိုင်တဲ့ အခြေခံတရားတွေ ရင့်သန်လာပြီ၊ ဒါကြောင့်မို့ သူ့ကို အရဟတ္တဖိုလ်ပေါက် ဝိပဿနာကျင့်စဉ်တစ်ခုကို ငါဟောကြားဆုံးမပေးမယ်လို့ ဆုံးဖြတ်တယ်။

http://www.dhammadownload.com

မြတ်စွာဘုရားဟာ လောကကြီးကို ကြည့်လေ့ရှိတယ်၊ မနက်တစ်ကြိမ် ကြည့်တယ်၊ ညနေတစ်ကြိမ် ကြည့်တယ်။ ဘာအတွက်ကြည့်တာလဲဆိုလို့ရှိရင် ဒီကနေ့ ကျွတ်တမ်းဝင်မယ့်ပုဂ္ဂိုလ် သို့မဟုတ် တရားထူးတရားမြတ် အသိဉာဏ်ကို ရရှိနိုင်မယ့်ပုဂ္ဂိုလ် ဘယ်သူတွေရှိသလဲ၊ ဒါကိုသိဖို့အတွက် ကြည့်တာ။ ဘုရားဆိုတာ သိအောင်လုပ်ဖို့ပွင့်လာတာ၊ ဒါကြောင့်မို့ **ဗုဒ္ဓ** ဆိုတဲ့ စကားလုံးတစ်ခုကို အဓိပ္ပါယ်ဖွင့်တဲ့အခါ **"ဗောဓေတာ ပဇာယာတိ ဗုဒ္ဓေါ"** သတ္တဝါတွေကို သိအောင် ဟောပြောဆုံးမတတ်လို့ **ဗုဒ္ဓ** လို့ ခေါ်တာတဲ့။

မြတ်စွာဘုရားဟာ နံနက်အရုဏ်တက်အချိန်မှာ တစ်ကြိမ်၊ ညအချိန်မှာတစ်ကြိမ် လောကကြီးကို တစ်နေ့နှစ်ကြိမ် ကြည့်တယ်။ အဲဒီလို နှစ်ကြိမ်ကြည့်တဲ့အခါမှာ မနက်ပိုင်းကြည့်ပြီဆိုလို့ရှိရင် စကြဝဠာအစွန်မှစပြီးတော့ ဖြန့်ကျက်ကြည့် တယ်။ သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ကြည့်တာ။ **"သမ္မညုတ ဉာဏာလံ ပတ္ထရိတွာ"** - သဗ္ဗညုတဉာဏ် ကွန်ယက်ကြီးကို ဖြန့်ကျက်ကြည့် တယ်လို့ စာပေမှာ ဒီလိုသုံးတာရှိတယ်။ အရုဏ်တက်ချိန် ဆိုလို့ ရှိရင် စကြဝဠာအစွန်ကနေစပြီး ဂန္ဓကုဋိတိုက်ထိအောင် မြတ်စွာ ဘုရားက ဉာဏ်တော်နဲ့ကြည့်လိုက်တယ်။

ကြည့်လိုက်တဲ့အခါမှာ တီဋီထဲမှာ ရုပ်ပုံတွေပေါ်လာသလို မြတ်စွာဘုရားရဲ့ အသိဉာဏ်ထဲမှာလည်း ကျွတ်တမ်းဝင်မယ့်

http://www.dhammadownload.com

ပုဂ္ဂိုလ်တွေပေါ်လာတယ်။ အဲဒီအချိန်မှာ ကျွတ်တမ်းမဝင်ဘူး ဆိုတဲ့ ပုဂ္ဂိုလ်ဟာ မြတ်စွာဘုရားနဲ့ ဘယ်လောက်နီးနီး ဘုရား ဉာဏ်တော်ထဲမှာ ပေါ်မလာဘူးတဲ့။ ကျွတ်တမ်းဝင်မယ်ဆိုတဲ့ ပုဂ္ဂိုလ်ကျတော့ ဉာဏ်တော်ထဲမှာ ထင်ရှားဝင်လာတယ်။

ညနေပိုင်း ကြည့်ပြီဆိုတဲ့အခါ ဂန္ဓကုဋိမှစ၍ စကြဝဠာအစွန် ရောက်အောင် ကြည့်တယ်။ မနက်အရုဏ်တက် အချိန်မှာတော့ အဝေးကနေစပြီး အနီးအထိ ဖြန့်ကျက်ကြည့်တယ်၊ တစ်နေ့ နှစ်ကြိမ် လောကကြီးကို ကြည့်တယ်တဲ့။

ဒီကနေ့ ထုံးစံအတိုင်း မြတ်စွာဘုရား အရုဏ်တက်လို့ နံနက်မိုးသောက် အလင်းရောက်တဲ့အချိန်မှာ လောကကြီးကို သဗ္ဗညုတဉာဏ်ကွန်ယက် ဖြန့်ကျက်ပြီး ကြည့်တဲ့အခါမှာ ဉာဏ်တော်ထဲပေါ်လာသူက သားတော် ရာဟုလာပဲဖြစ်တယ်။ "သြော်၊ ရာဟုလာသန္တာန်မှာ **'ဝိမုတ္တိပရိပါစနိယ'** တရားတွေ ရင့်ကျက်ကုန်ပြီ၊ ခါတိုင်းဆိုရင် ရာဟုလာဟာ ခံယူနိုင်တဲ့ ဉာဏ်စွမ်းတွေ အားပျော့နေသေးတယ်၊ အလေးအနက်တရားတွေကို ခံယူနိုင်စွမ်းမရှိသေးဘူး၊ ဒီကနေ့တော့ သူ့ရဲ့ ဉာဏ်ရည် ဉာဏ်စွမ်းဟာ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ထိ ပေါက်ရောက်အောင် စွမ်းဆောင်နိုင်ပြီ၊ အစွမ်းထက်လာပြီ" ဆိုတာကိုမြင်တယ်။

မြင်သည့်အတွက်ကြောင့် "ဒီကနေ့ ရာဟုလာကို **'အာသဝက္ခယ'** လို့ခေါ်တဲ့ အာသဝေါကုန်စေတတ်တဲ့ အရဟတ္တ

http://www.dhammadownload.com

မဂ်ဉာဏ် အရဟတ္တဖိုလ်ဉာဏ်ထိအောင် ငါဘုရား ဆုံးမသြဝါဒ ပေးမယ်” Meditation Instruction ပေးတယ်ခေါ်တာပေါ့နော်၊ Instruction ပေးမယ်။ ကမ္မဋ္ဌာန်းဆရာက ကမ္မဋ္ဌာန်းအားထုတ်နည်းကိုသင်ပေးသလိုပဲ မြတ်စွာဘုရားက ရာဟုလာကို ကမ္မဋ္ဌာန်းပေးမယ်။

ယခင်တုန်းကလည်း ရာဟုလာကို ကမ္မဋ္ဌာန်း ဟောပေးတယ်၊ အခု ဒီကနေ့ကျတော့ ထူးထူးခြားခြား မြတ်စွာဘုရားကိုယ်တိုင်က “ရာဟုလာ၊ ဝိပဿနာကျင့်စဉ်တစ်ခုကို ကျင့်နေတာ ဒီကနေ့ဖြင့် သူဟာ ရင့်သန်လာပြီ၊ **‘ဝိမုတ္တိပရိပါစနိယ’** အရဟတ္တဖိုလ်ကို ရင့်ကျက်စေတတ်တဲ့ သဘာဝတရားတွေ သူ့သန္တာန်မှာ ရင့်ကျက်လာပြီ”

ဝိမုတ္တိပရိပါစနိယတရား(၁၅)ပါး

အဲ့ဒီတော့ ဒီနေရာမှာ **‘ဝိမုတ္တိပရိပါစနိယ’** အရဟတ္တဖိုလ်ကို ပေါက်ရောက်စေနိုင်တဲ့၊ ရင့်ကျက်စေတတ်တဲ့တရားဟာ ဘယ်နှစ်မျိုး ရှိသလဲလို့ဆိုရင် (၁၅)မျိုးရှိတယ်တဲ့။ စာပေကျမ်းဂန်မှာ ဒီလို(၁၅)မျိုးကို ပြသထားတယ်။ အဲဒီ(၁၅)မျိုးက အသီးသီးသော ပုဂ္ဂိုလ်တို့သန္တာန်မှာရှိတယ်၊ မရှိသေးရင် ရှိအောင်လုပ်ရမယ်၊ ရှိပြီးလို့ရှိရင် ရင့်လာအောင် ကြိုးစားရမယ်၊ ဒီလိုဆိုလိုတာနော်။ တခြားက ရောက်လာတာ မဟုတ်ဘူး၊ ဘုန်းကြီးတို့တတွေရဲ့

http://www.dhammadownload.com

သန္တာန်မှာရှိတဲ့ သဘာဝတရားတွေကို ရင့်ကျက်လာအောင် လုပ်ရမယ်တဲ့။

အဲဒါနဲ့ပတ်သက်ပြီး အဋ္ဌကထာက ရှင်းပြထားတယ်။ **'ဝိမုတ္တိပရိပါစနိယ'** မှာ စိတ်ကလေးဟာ ကိလေသာအာသဝတွေမှ သို့မဟုတ် အညစ်အကြေးတွေကမှ လွတ်မြောက်သွားတာကို **"ဝိမုတ္တိ"** လို့ခေါ်တယ်။ အဲဒီလို လုံးဝလွတ်မြောက်သွားဖို့အတွက် ရင့်ကျက်စေတတ်တဲ့ အရည်အချင်း (၁၅)မျိုး ရှိတယ်။ အဲဒီ(၁၅)မျိုးက ဘာတွေလဲဆိုတော့ အဋ္ဌကထာမှာ (၁၅)မျိုးကို (၂)မျိုးခွဲပြီး ပြထားတယ်၊ ဘာဖြစ်လို့ (၂)မျိုး ခွဲပြထားသလဲဆိုရင် ပုဂ္ဂိုလ်ချင်းမတူလို့ ဖြစ်နိုင်တယ်။ တစ်ဦးနဲ့တစ်ဦး မတူညီမှုလေးတွေ ရှိတယ်ပေါ့၊ အဲတော့ (၁၅)မျိုးကို မှတ်ကြရအောင်။

ဣန္ဒြေငါးပါးဆိုတာကို အရင်သိအောင်လုပ်ရမယ်။ သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ ၊သမာဓိန္ဒြေ၊ ပညိန္ဒြေ (သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ)။

(၁) သဒ္ဓါ ဆိုတာ ယုံကြည်မှု။ ယုံကြည်တယ် ဆုံးဖြတ်တယ်၊ ဘာကိုယုံကြည်တာတုန်းဆိုရင် အခြေခံ ကံ,ကံ၏ အကျိုးကို ယုံကြည်တယ်။ အဆင့်မြင့်လာတဲ့အခါ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုတာကို ဆုံးဖြတ်နိုင်လာတယ်၊ သဘာဝတရားတွေဟာ မမြဲဘူး

http://www.dhammadownload.com

ဆိုတာ ဆုံးဖြတ်နိုင်စွမ်းရှိလာတယ်၊ ဆုံးဖြတ်ချက်ချနိုင်တာလည်း သဒ္ဓါလို့ခေါ်တယ်။

ဆိုပါစို့၊ တရားထိုင်ဖူးတဲ့ပုဂ္ဂိုလ်တွေ၊ ဝိပဿနာကျင့်စဉ်ကို ကျင့်ဖူးတဲ့ပုဂ္ဂိုလ်တွေသိလိမ့်မယ်။ မိမိသန္တာန်မှာ ဖြစ်လာတဲ့ ရုပ်ပဲ ဖြစ်ဖြစ်၊ နာမ်ပဲဖြစ်ဖြစ် ဖြစ်ပြီးရင် ပျက်သွားတယ်ဆိုတာ ကိုယ်ပိုင် အသိဉာဏ်နဲ့ သိတဲ့အခါ စိတ်ထဲမှာ ဆုံးဖြတ်ချက်ချနိုင်တယ်၊ အဲဒါကို သဒ္ဓါလို့ခေါ်တယ်။ ကံ, ကံ၏ အကျိုးကို ယုံကြည်တယ်၊ ရတနာသုံးပါးဂုဏ်ကို ယုံကြည်တယ်ဆိုတာ အခြေခံအားဖြင့် ပြောတာနော်၊ အေး အဲဒီ သဒ္ဓါဆိုတာ ကွန်ဒြေတစ်ခုလို့ မှတ်ရအောင်။

(၂) နောက်တစ်ခုက **ဝီရိယ**၊ ဝီရိယဆိုတာ ကိုယ်သန္တာန်မှာ အကုသိုလ်တွေ မဖြစ်အောင် ကြိုးစားတွန်းလှန်တာ ဝီရိယပဲ၊ ကုသိုလ်တရားတွေဖြစ်အောင် ကြိုးစားအားထုတ်တာ ဝီရိယပဲ။ တခြားဟာတွေလုပ်တာကို ဒီနေရာမှာမဆိုလိုဘူး၊ မဂ်ဖိုလ်နိဗ္ဗာန် ရရေးအတွက် အကုသိုလ်တွေကို တွန်းလှန်ဖို့ ကြိုးစားရမယ်၊ ကုသိုလ်တွေပြည့်ဝဖို့ကြိုးစားရမယ်၊ ဒီကြိုးစားမှုနှစ်ခုလို့ ဆိုလိုတာပေါ့နော်။

(၃) နောက် **သတိ** ဆိုတာ ဘာလဲလို့ဆိုရင် သတိဆိုတာ မဟာသတိပဋ္ဌာနသုတ်မှာ လာတဲ့အတိုင်း ကိုယ်အမူအရာက စပြီးတော့ ကာယဆိုတဲ့ ခန္ဓာကိုယ်ပေါ်မှာ သတိအမြဲမပြတ်

http://www.dhammadownload.com

ရှိတယ်၊ ဝေဒနာဆိုတဲ့ခံစားချက်ပေါ်မှာ သတိအမြဲမပြတ်ရှိတယ်၊ စိတ္တဆိုတဲ့ အသိစိတ်ပေါ်မှာလည်းပဲ သတိရှိတယ်၊ ကျန်တဲ့ ဓမ္မ အာရုံတွေပေါ်မှာလည်း သတိရှိတယ်။ ဟော သတိပဋ္ဌာန် အာရုံ လေးမျိုးအပေါ်မှာ အသိဟာ ကောင်းစွာတည်ရှိနေတာကို ဒီနေရာမှာ **သတိပဋ္ဌာန်** လို့ ဒီလိုပြောတာနော်၊ တခြား သတိကို ပြောတာမဟုတ်ဘူး။

(၄) နောက်တစ်ခု **သမာဓိ**ဆိုတာ ကာမဂုဏ် အာရုံတွေနဲ့ ကိလေသာစိတ်တွေကို တွန်းလှန်ထားတဲ့၊ အကုသိုလ်စိတ်တွေကို တွန်းလှန်ဖယ်ရှားပြီး ကျေနပ်နှစ်သက်မှု ချမ်းသာမှုတွေနဲ့ပြည့်ဝတဲ့ **ဈာန်သမာဓိ အပ္ပနာသမာဓိ**ကို ဆိုလိုတယ်တဲ့။ ပထမဈာန်ရတယ်, ဒုတိယဈာန်ရတယ်, တတိယဈာန်ရတယ်, သမထကျင့်စဉ်တစ်ခုကို ကျင့်လို့ရလာတဲ့ သမာဓိစွမ်းအားဟာ အမြင့်ဆုံးပဲ။

အဲဒီ **အပ္ပနာသမာဓိ** ကို မရသေးဘူးဆိုရင် ထွက်လေ ဝင်လေပဲ ဖြစ်ဖြစ် ရှူမှတ်ပွားများလာလို့ ကိုယ့်စိတ်လေးဟာ ငါးမိနစ်တည်ငြိမ်အောင် ထားနိုင်တယ်၊ နာရီဝက် တည်ငြိမ်အောင်ထားနိုင်တယ်၊ တစ်နာရီတည်ငြိမ်အောင်ထားလာနိုင်တယ် ဆိုတဲ့ ဈာန်နားအနီးကပ်သွားတဲ့ **ဥပစာရသမာဓိ**မျိုးရှိရမယ်။ အဲဒီလိုမဟုတ်ဘူး ဆိုလို့ရှိရင်လည်း ဖြစ်ခိုက် ပျက်ခိုက် တရားတွေပေါ်မှာ စဉ်ဆက်မပြတ်ဖြစ်တဲ့ **ခဏိကသမာဓိ** ဆိုတာမျိုး ရှိရမယ်လို့ ဆိုလိုတယ်။ အဲတော့ ခဏိကသမာဓိပဲဖြစ်ဖြစ် ဥပစာရ

http://www.dhammadownload.com

သမာဓိပဲဖြစ်ဖြစ် **အပ္ပနာသမာဓိ**ပဲဖြစ်ဖြစ် စိတ်ကလေး အာရုံပေါ်မှာ ထင်လိုက်တာနဲ့တပြိုင်နက် ထိုစိတ်လေး အာရုံနဲ့ ကွာမသွားအောင် ထားနိုင်တဲ့ စွမ်းရည်သတ္တိတစ်မျိုးကို သမာဓိလို့ခေါ်တာပဲ၊ အဲဒီသမာဓိကိုလည်း မှတ်သားထားရမယ်။

(၅) နောက်တစ်ခုက ဘာတုန်းဆိုလို့ရှိရင် **ပညာ**။ ဒီကနေ့ ခေတ် သင်နေကြတဲ့ လောကီပညာတွေကို ပြောတာမဟုတ်ဘူး၊ ပညာဆိုတာ ကိုယ့်သန္တာန်မှာရှိတဲ့ ရုပ်တရား နာမ်တရားတွေဟာ ဘယ်လိုဖြစ်လာပြီး ဘယ်လိုချုပ်သွားကြတယ်၊ ဖြစ်လာတာကိုလည်းသိတယ် ချုပ်သွားတာလည်းသိတယ်၊ အဲဒီလိုသိနိုင်တဲ့ ပညာမျိုးကို ဆိုလိုတယ်တဲ့။

အဲဒီ **ကွန်ဒြေဂါဟိ**။ **ကွန်ဒြေ** ဆိုတာ အုပ်စိုးထားနိုင်မှုခေါ်တာ။ ဆုံးဖြတ်တဲ့နေရာမှာ **သဒ္ဓါ**ဟာ အုပ်စိုးနိုင်တယ်၊ သူ့ကိစ္စသူ ဆောင်ရွက်တဲ့နေရာမှာ၊ ဆိုင်ရာဆိုင်ရာ ကိစ္စလေးတွေမှာ သူတို့က ကြီးမှူးအုပ်စိုးထားနိုင်လို့ **ကွန်ဒြေယ**လို့ ဒီလိုခေါ်တာ။ ဗမာစကားမှာလည်းပဲ ကွန်ဒြေဆိုတာသုံးတယ်။ ကွန်ဒြေ ဆိုတဲ့စကားဟာ ရှုပ်ထွေးမှုတွေ ရှိတာပေါ့နော်၊ ကွန်ဒြေကောင်းတယ် ကွန်ဒြေမကောင်းဘူးဆိုတာ အဲဒါတစ်မျိုး။ အခုဒီမှာ ကွန်ဒြေယရဲ့ အဓိပ္ပါယ်က အစိုးရခြင်းလို့ အဓိပ္ပါယ်ရတယ်။ အင်္ဂလိပ်လို ပြန်တဲ့ အခါ Ruling Faculty လို့ပြန်တယ်၊ အုပ်စိုးထားနိုင်တယ်၊ ကိုယ့်ဆိုင်ရာကိစ္စတွေမှာ အုပ်ချုပ်ထားနိုင်တယ်၊ ဆိုပါစို့ သဒ္ဓါက

http://www.dhammadownload.com

ဘယ်နေရာမှာ အုပ်ချုပ်ထားတုန်းဆိုရင် ယုံကြည်တဲ့နေရာ၊ ဆုံးဖြတ်တဲ့နေရာမှာ အုပ်ချုပ်ထားတယ်။

ဝိရိယက ဘယ်လိုအုပ်ချုပ်ထားတုန်းဆိုရင် စိတ်အားကို မြှင့်တင်ပေးတဲ့နေရာမှာ အုပ်စိုးတယ်။ **သတိ** က ဘယ်နေရာမှာ အုပ်စိုးသလဲဆိုရင် အမှတ်ရတဲ့ကိစ္စမျိုးမှာ အုပ်စိုးတယ်။ **သမာဓိ** က ဘယ်လိုနေရာမှာ အုပ်စိုးတုန်းဆိုရင် တည်ငြိမ်အောင်လုပ်တဲ့ နေရာမှာ အုပ်စိုးတယ်။ **ပညာ** က ဘယ်လိုနေရာ အုပ်စိုးသလဲ ဆိုရင် ထိုးထွင်းသိမြင်တဲ့နေရာမှာ အုပ်စိုးတယ်။ ဟော ဆိုင်ရာ ဆိုင်ရာ ကိစ္စလေးတွေကို အုပ်ချုပ်ပြီးတော့နေတဲ့ သဘာဝတရား တွေဟာ ကိုယ့်ရဲ့စိတ်ထဲမှာ ရှိနေတယ်ပေါ့။ အဲဒီ ဣန္ဒြေငါးပါး တစ်ခုတစ်ခုကို သုံးမျိုးနဲ့ မြှောက်လိုက်ရင် သုံးငါးလီဆိုရင် ဘယ်လောက်ဖြစ်သွားမလဲ (ဆယ့်ငါးပါဘုရား) အဲဒါ သုံးငါးလီ ဆယ့်ငါးကို **'ဝိမုတ္တိပရိပါစနိယ'** တရား (၁၅)ပါးလို့ ခေါ်တယ်။

ဣန္ဒြေ(၅)ပါးကို သုံးနဲ့မြှောက်ပုံ

ကဲ ဒါဖြင့် သုံးနဲ့မြှောက်တယ်ဆိုတာ ဘယ်လိုမြှောက်မလဲ ဆိုရင်-

သဒ္ဓါဆိုတဲ့စွမ်းအားနဲ့ ပြည့်စုံဖို့အတွက် ဘာတွေလိုအပ်လဲ ဆိုလို့ရှိရင် (၁) သဒ္ဓါတရားကင်းမဲ့တဲ့ ပုဂ္ဂိုလ်တွေကို ရှောင်ရမယ်၊ ဒါတစ်ချက်, သဒ္ဓါတရားမရှိတဲ့လူနဲ့ပေါင်းရင် ကြာရင်ကိုယ်လည်း

http://www.dhammadownload.com

သဒ္ဓါတရားမရှိတဲ့လူဖြစ်တယ်။ အဲဒါကြောင့်မို့လို့ သဒ္ဓါတရား မရှိတဲ့ပုဂ္ဂိုလ်ကိုရှောင်ခြင်း။ (၂) သဒ္ဓါတရား ထက်သန်တဲ့ပုဂ္ဂိုလ်နဲ့ ပေါင်းသင်းဆက်ဆံခြင်း။ (၃) သဒ္ဓါတရားဖြစ်ဖွယ်ရာ ကြည်ညိုဖွယ်ရာကောင်းတဲ့ သုတ္တန်တရားတွေကို နာယူမှတ်သား ရွတ်ဖတ်ခြင်း၊ အဲဒါ သဒ္ဓိန္ဒြေထက်ခြင်းရဲ့ အကြောင်းသုံးမျိုးပဲပေါ့။

သဒ္ဓါတရားမရှိတဲ့ပုဂ္ဂိုလ်ကို ပေါင်းသင်းရင် ကိုယ်လည်း သဒ္ဓါတရားမရှိသူ မဖြစ်ဘူးလို့ ထင်ကောင်းထင်လိမ်မယ်၊ မဟုတ်ဘူး၊ ဗမာစကား ရှိတယ်မဟုတ်လား၊ 'မုဆိုးနားနီး မုဆိုး၊ တံငါနားနီး တံငါ' ဒီလိုသက်ရှိကို မပြောနဲ့ သက်မဲ့ဖြစ်တဲ့ဖတ်ရွက်ကလေးတွေပဲကြည့်။ ငါး ထုပ်လိုက်မယ်ဆိုရင် ငါးညှီနံ့ စွဲသွားတာပဲ၊ စံပယ်ပန်းတို့ ဇွန်ပန်းတို့ ထုပ်လိုက်မယ်ဆိုလို့ရှိရင် အဲဒီဖတ်ရွက်လေးက မွှေးမသွားဘူးလား (မွှေးသွားပါတယ် ဘုရား) မွှေးသွားတယ်၊ ကူးစက်မှုဆိုတာ အဲဒီလိုရှိတယ်၊ အဲဒီကူးစက်မှုရှိတာ သာမန်အားဖြင့် လူတွေမသိနိုင်ဘူး၊ အဲ့ဒီလို ကူးစက်လာနိုင်တဲ့စွမ်းအားကို (၂၄)ပစ္စည်းမှာ **ဥပနိဿယပစ္စယော** လို့ မြတ်စွာဘုရားကဟောတာ။

အထင်မသေးလေနဲ့၊ သဒ္ဓါတရားမရှိတဲ့ပုဂ္ဂိုလ်နဲ့ ပေါင်းပါများလာလို့ရှိရင် ကိုယ်လည်း သဒ္ဓါတရား ကင်းမဲ့လာတတ်တယ်တဲ့။ ဒါကြောင့်မို့လို့ သဒ္ဓါတရားမရှိတဲ့ ပုဂ္ဂိုလ်ကိုရှောင်ရမယ်။ သဒ္ဓါတရားရှိတဲ့ ပုဂ္ဂိုလ်တွေကို ပေါင်းသင်းဆက်ဆံခြင်းအားဖြင့်

http://www.dhammadownload.com

ကိုယ်လည်း သဒ္ဓါတရားတွေတိုးတက်များပြားလာတယ်၊ မှန်တယ် ဒါလည်း ဥပနိဿယပစ္စယောပဲ။

စိတ်ထဲမှာ ကြည်နူးတယ်ဆိုတာ ကိုယ်ကြည်နူးတဲ့ မြတ်စွာဘုရားဟောထားတဲ့ ပရိတ်တရားပဲဖြစ်ဖြစ် သုတ္တန်တရား တစ်ခုခုပဲဖြစ်ဖြစ် ရွတ်ဖတ်မယ် နာယူမယ်ဆိုလို့ရှိရင်၊ ဆင်ခြင်သုံးသပ်မယ် ဆိုလို့ရှိရင် စိတ်ကလေးဟာ ကြည်နူးလာတယ်၊ အဲတော့ သဒ္ဓါတရား တိုးတက်ဖြစ်ပွားလာဖို့အတွက် ဒီအချက် သုံးချက် ရှိတယ်ပေါ့။ ဒါကိုပြောတာ သဒ္ဓိန္ဒြေကို သုံးနဲ့မြှောက်တော့ သုံးခုဖြစ်တာပေါ့။

ထို့အတူ ဝီရိယိန္ဒြေ၊ ဝီရိယနဲ့ပတ်သက်လာလို့ရှိရင်လည်း (၁) ပျင်းတဲ့လူကို ရှောင်ခြင်း၊ (၂) ကြိုးပမ်းအားထုတ်တဲ့လူနဲ့ ပေါင်းသင်းဆက်ဆံခြင်း၊ (၃) သမ္မပ္ပဓာန်တရားလေးပါး ကြိုးစားကျင့်ကြံခြင်း၊ ဟော သုံးမျိုး။

သတိနဲ့ပတ်သက်လာလို့ရှိရင်လည်း (၁) သတိလက်လွတ်ပြီး အပျော်အပါးနဲ့နေတဲ့ ပုဂ္ဂိုလ်တွေကို ရှောင်ရမယ်၊ (၂) သတိကြီးစွာ ထားတတ်တဲ့ပုဂ္ဂိုလ်တွေနဲ့ ပေါင်းသင်းဆက်ဆံရမယ်။ ဒါဥပနိဿယပစ္စည်းကို ရယူတာပဲပေါ့။ (၃) သတိပဋ္ဌာန်တရားလေးပါး ကျင့်ကြံကျိုးကုတ်အားထုတ်ရမယ်။ အဲဒါဆိုရင် သတိန္ဒြေဟာ ရင့်ကျက်လာနိုင်တယ်လို့ ဒီလိုပြောတယ်။

http://www.dhammadownload.com

တစ်ခါ သမာဓိနဲ့ ပတ်သက်လာလို့ရှိရင် လောကမှာ လူတွေဟာ သမာဓိမရှိတဲ့ပုဂ္ဂိုလ်ဆိုတာ ရှိတယ်။ (၁) အဲဒီ တည်ငြိမ်မှုမရှိတဲ့ ပုဂ္ဂိုလ်တွေကိုရှောင်ရမယ်၊ (၂) တည်ငြိမ်မှုရှိတဲ့ ပုဂ္ဂိုလ်တွေနဲ့ပေါင်းသင်း ဆက်ဆံရမယ်၊ (၃) သမာဓိဖြစ်ကြောင်းဖြစ်တဲ့ တရားများကို ဆင်ခြင်နှလုံးသွင်းခြင်းဖြင့် သမာဓိတရား ကိုယ့် သန္တာန်မှာ ဖြစ်ပွားလာစေနိုင်တယ်။

နောက်ဆုံး ပညာနဲ့ပတ်သက်တဲ့အခါ (၁) ပညာမဲ့တဲ့ပုဂ္ဂိုလ်တွေကို ပေါင်းသင်းဆက်ဆံမှုမလုပ်ရဘူး။ (၂) ပညာရှိတဲ့ပုဂ္ဂိုလ်တွေနဲ့ ပေါင်းသင်းရမယ်၊ (၃) ဘယ်အရာပဲဖြစ်ဖြစ် တရားဓမ္မနဲ့ ပတ်သက်ပြီးတော့ အလေးအနက်စဉ်းစားဆင်ခြင်တတ်ရမယ်။ တရားနာတဲ့ အခါမှာလည်း လေးနက်တဲ့တရား နာရတယ်။ လူတွေက လွယ်လွယ်လေးတွေ နာချင်တာပေါ့၊ ခက်ခက်ခဲခဲ မနာလို့ရှိရင် အခက်ဆိုတာ မသိတော့ဘူး၊ အေး တရားနာရင် ဇာတ်လမ်း ဇာတ်ကွက်လေးတွေလောက်နာရင် လွယ်တာပေါ့။ နာလို့လည်းလွယ်တယ်၊ ဂရုစိုက်ပြီးမှတ်စရာမရှိဘူး၊ ရယ်စရာပြောရင် ရယ်ကြတယ်။ တရားပွဲမှအပြန် အိမ်ပါလာတာ ဘာတုန်းဆို ဟာသလေးတွေပဲပါလာတယ်။

ပြောသံကြားဖူးတယ်၊ ဘာဖြစ်လို့ တရားပွဲသွားတာတုန်းဆိုတော့ အိမ်နေရတာပျင်းလို့ တရားပွဲသွားတာ၊ တရားပွဲက ရယ်ရတယ်လို့ပြောတယ်၊ သြော်- ဒုက္ခပါပဲ၊ တရားနာတာပဲ

http://www.dhammadownload.com

ရယ်ရလို့နာတယ်၊ အဲဒါဆိုလို့ရှိရင် ရယ်ရလို့နာလို့ ရှိရင်တော့ လူရွှင်တော်တွေဆီသွားပေါ့။ ပိုပြီးတော့ ရယ်ရမှာပေါ့။ တရားပွဲမှာ ရယ်ရလို့လာတယ်ဆိုတော့ မဟုတ်သေးဘူးပေါ့။

ကျန္ဒြေငါးပါးကို ဒီ သုံးမျိုးစီနဲ့မြှောက်လိုက်တဲ့အခါ ဘယ် နှစ်ခုဖြစ်သွားတုန်း (၁၅-ခုပါဘုရား) ဟော ကိုယ့်သန္တာန်မှာ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ဆိုတာတွေကို ရင့်သန်လာအောင် လုပ်ဖို့ပါ။ မြတ်စွာဘုရားက ကြည့်လိုက်တယ်၊ ဒီအချက်အလက်တွေ ရာဟုလာရဲ့သန္တာန်မှာ ရင့်ကျက်နေပြီတဲ့။

၁၅-မျိုး နောက်တစ်နည်း

တစ်ခါ အဋ္ဌကထာမှာ ဖွင့်ပြတဲ့ နောက်(၁၅)မျိုးဆိုတာ ရှိသေးတယ်၊ ဘယ်လိုမှတ်ကြမလဲဆိုရင် နောက်ဆယ့်ငါးမျိုးမှာ ကျန္ဒြေငါးပါးက အတူတူပဲ။ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ (၅)ခုပဲယူမယ်။ ပြီးတော့ **(၆) အနိစ္စသညာ-** အမြဲတမ်း ဘယ် အရာပဲ ကြည့်လိုက်ကြည့်လိုက် မမြဲဘူးဆိုတဲ့ သိမှတ်မှုဟာ ရှေ့က သွားနေတယ် **အနိစ္စသညာ**။

(၇) ဒုက္ခသညာ- ဘယ်အရာမှ သုခဆိုတာ မရှိဘူးလို့ သိမှတ်မှုကရှေ့ကသွားတယ်၊ **(၈)အနတ္တသညာ-**ငါ့အလိုအတိုင်း မဖြစ်ဘူးဆိုတဲ့သိမှတ်မှုက ရှေ့ကသွားတယ်၊ **(၉) ပဟာနသညာ-** ဖယ်ရှားတယ်၊ တွယ်တာမှုတွေကို ဖယ်ရှားရမယ်ဆိုတဲ့ အမှတ်

http://www.dhammadownload.com

သညာက ရှေ့ကသွားတယ်၊ **(၁၀) ဝိရာဂသညာ–** ကာမဂုဏ် အာရုံတွေကို ကင်းကွာလာအောင် လုပ်ရမယ်ဆိုတဲ့ အမှတ်သညာ၊ ဟော ပေါင်းလိုက်တဲ့အခါ ဒါက (၅)ခု၊ ခုနက ကျန်ခြေ (၅)ပါးရယ် အခု(၅)မျိုးရယ် ပေါင်းတဲ့အခါ ဘယ်လောက်ဖြစ်သွား တုန်း (၁၀-ပါဘုရား)၊ (၁၀)ဖြစ်သွားတယ်။

အဲဒီ (၁၀)ထဲမှာ အသိဉာဏ်တွေ ရင့်ကျက်ဖို့အတွက် နောက်ထပ် (၅)ခုက ဘာလဲလို့ဆိုတော့ **'မေယျိယမဏ္ဍိ'** ကို မြတ်စွာဘုရားဟောတဲ့တရား (၅)မျိုးပဲ။

အဲ့ဒီတရား(၅)မျိုးက ဘာလဲဆိုရင် **(၁) မိတ်ကောင်းဆွေကောင်း၊** မိတ်ကောင်း ဆွေကောင်းနဲ့ ပေါင်းသင်းရမယ်၊ မိတ်ကောင်းဆွေကောင်းဆိုတာ စီးပွားရေး လုပ်ချင်ရင်တော့ စီးပွားရေးနဲ့ မိတ်ကောင်းဆွေကောင်း ပေါင်းရမှာပေါ့၊ ကိုယ် လုပ်ချင်တာကဘာလဲ၊ နိဗ္ဗာန်ကိုရချင်တယ်၊ တရားသိချင်တယ် ဆိုရင် တရားနဲ့ပတ်သတ်တဲ့ မိတ်ကောင်းဆွေကောင်းနဲ့ပဲ ပေါင်းရမှာပေါ့၊ မိတ်ကောင်းဆွေကောင်းကလည်း အမျိုးမျိုး ရှိသေးတယ်ပေါ့။ မိတ်ကောင်းဆွေကောင်းဆိုတာ ဒီနေရာမှာ ဆရာကောင်း သမားကောင်းလို့ဆိုလိုတယ်၊ တရားဓမ္မကို မှန်မှန် ကန်ကန် ဟောပြနိုင်တဲ့ပုဂ္ဂိုလ် မိတ်ကောင်းဆွေကောင်းပဲနော်၊ မိတ်ကောင်းဆွေကောင်း ရှိရမယ်တဲ့။

http://www.dhammadownload.com

(၂) က **ကြိုးစားအားထုတ်မှုရှိရမယ်၊** မိတ်ကောင်းဆွေကောင်းတော့ ရှိပါရဲ့၊ ကြိုးစားအားထုတ်မှုမရှိဘူးဆိုလည်း မရဘူး၊ ကြိုးစားအားထုတ်မှု ရှိရမယ်။

(၃) က **ကထာဆယ်မျိုးကို ကြားနာရမယ်။** ကထာဆယ်မျိုး ဆိုတာ အေး-ခြိုးခြိုးခြဲခြဲနေတာတို့၊ လောဘကို နှိပ်ကွပ်တာတို့၊ ဒေါသကိုနှိပ်ကွပ်တာတို့ဆိုတဲ့ ဒီတရားစကားနဲ့ ပတ်သက်တဲ့၊ အကျင့်တွေနဲ့ ပတ်သက်တဲ့ တရားစကားမျိုးကို မကြာမကြာ နာရမယ်၊ ကိလေသာ အာသဝေါ တွေ ခေါင်းပါးသွားစေတတ်တဲ့ တရားမျိုး၊ စကားမျိုးတွေကို နာကြားရမယ်။ (၄) က **သတိရှိရမယ်**တဲ့။ (၅) က **ပညာရှိရမယ်** တဲ့။ ယခင် (၁၀)ခုမှာ အခု(၅)ခုနဲ့ ပေါင်းလိုက်တဲ့အခါ **(၁၅)ခု၊** ဒါက နောက်တစ်မျိုး ပြထားတာ၊ အဲတော့ ရှင်ရာဟုလာရဲ့ သန္တာန်မှာ ဒီ(၁၅)မျိုးသော **ဝိမုတ္တိပရိပါစနိယတရား** တွေ ရင့်ကျက်လာပြီ။

ရာဟုလသံယုတ် အနှစ်ချုပ်

ဒီနေရာမှာ ရှင်ရာဟုလာကို မြတ်စွာဘုရားက အသေးစိတ် ရှင်းပြမယ့် တရားတွေက ဘာတွေလဲ။

ကဲ - ဘုန်းကြီးတို့တတွေ စဉ်းစားကြည့်၊ ကိုယ့်မှာရှိနေတာ ဘာတွေလဲ၊ မျက်စိရှိတယ်၊ နားရှိတယ်၊ နှာခေါင်းရှိတယ်၊ လျှာ ရှိတယ်၊ ကိုယ် ရှိတယ်၊ စိတ်ရှိတယ်။ အဓိက ဒါတွေ ရှိနေတယ်

http://www.dhammadownload.com

နော်၊ မျက်စိရှိတော့ မျက်စိနဲ့မြင်စရာတွေမရှိဘူးလား (ရှိပါတယ် ဘုရား) ရှိလာတယ်၊ ဟော မျက်စိနဲ့မြင်စရာ, နားနဲ့ကြားစရာ, နှာခေါင်းက ရှူစရာအနံ့, လျှာက အရသာခံစရာ အရသာ, ခန္ဓာကိုယ်က ထိတွေ့စရာ အထိအတွေ့, စိတ်က စိတ်ကူးကြံစည်စရာ အာရုံလို့၊ လူတိုင်းလူတိုင်းမှာ ရှိနေတာတွေပဲ။

ကဲ ကောင်းပြီ၊ မျက်စိက မြင်စရာကို မြင်လိုက်ပါပြီတဲ့၊ မြင်ပြီး သိတဲ့စိတ်ကလေး မလာဘူးလား၊ (လာပါတယ် ဘုရား) လာတယ်နော်။ တစ်ခုစီ မှတ်သွားဖို့။ **မျက်စိရယ် အဆင်းအာရုံရယ် နှစ်ခုဆုံလိုက်တဲ့အခါ မြင်သိစိတ်ဖြစ်တယ်၊** ဟော သုံးခုဖြစ်သွားပြီနော်၊ မြင်သိစိတ်ဖြစ်လာပြီးလို့ရှိရင် အာရုံနဲ့ စိတ်နဲ့ဆက်သွယ်ပေးမှုဆိုတဲ့ **ဖဿ**ဖြစ်လာတယ်၊ ဖဿဖြစ်လာတာနဲ့ ခံစားမှုဆိုတဲ့ **ဝေဒနာ**လာတယ်၊ အဲဒီ ဝေဒနာနဲ့အတူ ဘာတွေပါလာလဲဆိုလို့ရှိရင် **သညာ**ပါတယ်၊ **သင်္ခါရ**ပါတယ်၊ **ဝိညာဉ်**ပါတယ်။

ပဋိစ္စသမုပ္ပါဒ်မှာကတော့ ဒါတွေကို မြှုပ်ပြီးတော့ **"သဋ္ဌာယတနပစ္စယာ ဖဿော"** လို့ အာယတန ခြောက်ပါးကနေ ဖဿဖြစ်ပုံကိုဟောထားတာ၊ ဘုန်းကြီးတို့တတွေမှာ မျက်စိ နား နှာ လျှာ ကိုယ် စိတ် ဆိုတဲ့ အင်္ဂါရုပ်တွေ ပါသည့်အတွက် အာရုံနဲ့ဆက်သွယ်မှုဆိုတဲ့ဖဿ ပေါ်ရတယ်လို့ မြတ်စွာဘုရားက ပဋိစ္စသမုပ္ပါဒ်မှာ ဟောလိုက်တယ်။

http://www.dhammadownload.com

အခု ဒီ **ရာဟုလသုတ်** မှာတော့ ကြားထဲက မြှုပ်ထားတာလေး နှစ်ခုဟာ ဖော်လိုက်တယ်၊ **မျက်စိရယ် အဆင်းအာရုံရယ်** ဆုံတယ်၊ ဆုံတဲ့အခါ **မြင်သိစိတ်**ပေါ်တယ်။ မြင်သိစိတ်ပေါ်လိုက်တော့မှ **'ဖဿ'** ဖြစ်တယ်လို့ ဒီလိုဟောတာ၊ ကဲ 'ဖဿ' ဖြစ်ပြီးရင် ဘာလာတုန်းဆိုတော့ ပဋိစ္စသမုပ္ပါဒ်မှာ ကြည့်လိုက်ရင် **"ဖဿပစ္စယာ ဝေဒနာ"** တဲ့၊ ခံစားမှုလာတယ်၊ အတွေ့အကြုံတစ်ခုရတယ်။ တစ်ခါ ဝေဒနာပြီးရင် ဘာလာတုန်းဆိုရင် **"ဝေဒနာပစ္စယာ တဏှာ"** ဆိုတာလာတာပေါ့။ ဟော အဲဒီထိ အောင် တရားရှုတဲ့အခါမှာ ရှုကွက်လေးတွေ၊ ဒါ မျက်စိနဲ့ ပတ်သက်ပြီး ဘုန်းကြီးတို့တတွေရဲ့ သန္တာန်မှာ ဖြစ်နိုင်တဲ့ အရာလေးတွေကို အကုန်ထုတ်ပြီးပြောတယ်။

အဲဒီ **သဉ္ဇာယတနဝဂ္ဂ** နဲ့ **ခန္ဓဝဂ္ဂ** ပါဠိတော်မှာ **ရာဟုလသံယုတ်** ဆိုပြီးတော့ သုတ်ပေါင်း (၂၂)သုတ်ရှိတယ်။ အဲဒီ (၂၂)သုတ်မှာ ဘာတွေကို အသေးစိတ် ဟောထားတုန်းဆိုလို့ရှိရင် အခုပြောခဲ့တဲ့ **မျက်စိ**ရယ်, မျက်စိကမြင်ရတဲ့ **အဆင်းအာရုံ**ရယ်, မြင်မှုကို အကြောင်းပြုပြီးတော့ ပေါ်လာတဲ့ **မြင်သိစိတ်လေး**ရယ်, ဒီသုံးခုပေါင်းဆုံမှုကြောင့် ဖြစ်ပေါ်လာတဲ့ **ဖဿ**ရယ်၊ ဖဿကြောင့် ဖြစ်ပေါ်လာတဲ့ **ဝေဒနာ**ဆိုတဲ့ ခံစားမှုရယ်, ဝေဒနာကြောင့်ဖြစ်ပေါ်လာတဲ့ **တဏှာ**ရယ်, စေ့ဆော်မှုဖြစ်တဲ့**စေတနာ**ရယ်, မှတ်သားမှု**သညာ**ရယ်, ဟော ဒါတွေကိုထည့်ပြီးတော့

http://www.dhammadownload.com

မြတ်စွာဘုရားက ဟောပေးတယ်၊ ရာဟုလာကို အသေးစိတ် ဟောတာ ပဋိစ္စသမုပ္ပါဒ်ထက်လည်း ကျယ်တယ်ပေါ့။ **ဖဿပစ္စယာ ဝေဒနာ** ပြီးတော့ ဘာတုန်းဆိုရင် **သညာ စေတနာ** ပြီးတော့မှ **ဝေဒနာပစ္စယာ တဏှာ** ဆိုပြီးတော့ အဲ့ဒီလိုဟောထားတာ။

ဒါ့အပြင် မြတ်စွာဘုရားက ဘာတွေဟောသေးလဲ ဆိုလို့ ရှိရင် ဆယ့်ရှစ်နှစ်သား အရွယ်တုန်းက အလေးအနက်ထားပြီး ဟောထားတဲ့ ဓာတ်ကြီးလေးပါး။ အခု ဒီ **ရာဟုလသံယုတ်မှာတော့ ဓာတ်ခြောက်ပါး** မြတ်စွာဘုရားက ဟောထားတယ်၊ ဒီ **ပထဝီ ဓာတ် အာပေါဓာတ် တေဇောဓာတ် ဝါယောဓာတ် အာကာသ ဓာတ် ဝိညာဏဓာတ်** လို့ဆိုပြီး ဓာတ်ခြောက်ပါး။ ပြီးတော့ ခန္ဓာငါးပါး- ရူပက္ခန္ဓာ, ဝေဒနက္ခန္ဓာ, သညက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာလို့ ခန္ဓာငါးပါး အသေးစိတ်ဟောတယ်။

ရှုမှတ်ဖွယ်တရားများ

အဲတော့ ဒီကနေ့ **စူဠရာဟုလောဝါဒသုတ်**မှာ ရှုမှတ်ရမယ့် သဘာဝတရားတွေကို မြတ်စွာဘုရားက ရှင်ရာဟုလာကို ဟောပြ တဲ့အခါမှာ မျက်စိရယ် အဆင်းအာရုံရယ် ပေါင်းဆုံခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ မြင်သိစိတ်ရယ်, မြင်သိစိတ်နဲ့အာရုံနဲ့ ဆက်သွယ် ပေးတဲ့ ဖဿရယ်, ဆက်သွယ်မှုကြောင့်ဖြစ်ပေါ်လာတဲ့ ဝေဒနာ ရယ်, ဝေဒနာနဲ့ အတူတကွ ပါလာတဲ့ သညာရယ်, သင်္ခါရရယ်,

http://www.dhammadownload.com

ဝိညာဏ်ရယ်ဆိုပြီးတော့ ဟော ဒီသဘာဝတရားတွေကို ဘုန်းကြီးတို့တတွေ ကိုယ့်သန္တာန်မှာ တွေ့အောင်ရှာရမယ်။

ဒါက မျက်စိနဲ့ ပတ်သက်တာ၊ နားနဲ့ပတ်သက်ရင်လည်း အဲဒီအတိုင်းပဲ မှတ်ရမယ်။ နားရယ်, အသံရယ်, နားနဲ့အသံ ဆုံစည်းခြင်းကြောင့် ကြားသိတဲ့စိတ်ရယ်, ကြားသိတဲ့စိတ်ကြောင့် အာရုံနဲ့စိတ်နဲ့ ဆက်သွယ်သွားတဲ့ ဖဿရယ်, ဖဿက ဆက်သွယ်ပေးလို့ ခံစားရတဲ့ဝေဒနာရယ်, ဝေဒနာပြီးတဲ့အခါမှာ သညာရယ်, သခ်ါရဆိုတဲ့ စေ့ဆော်အားထုတ်မှုရယ်, ဝိညာဏလို့ဆိုတဲ့ အသိစိတ်ရယ်၊ ဒါ နားနဲ့ပတ်သက်ပြီး ရှာတွေ့နိုင်တဲ့ သဘာဝတရားလေးတွေကို ဒီနေရာမှာ ရှုကွက်အနေနဲ့ဟောတာ။

ကဲ နှာခေါင်းက အနံ့ရပြီဆိုလို့ရှိရင် စဉ်းစားပြီးတော့ကြည့်၊ နှာခေါင်းရှိတယ် (စာလိုပြောရင်တော့ **ဃာနပသာဒ** ပေါ့နော်) ပြီးတော့ ဘာရှိလဲ **အနံ့**ရှိတယ်၊ နှာခေါင်းနဲ့အနံ့ ဆုံတဲ့အခါမှာ **အနံ့ကိုသိတဲ့စိတ်** ပေါ်လာတယ်၊ အနံ့ကိုသိတဲ့စိတ် ပေါ်လာလို့ ရှိရင် အာရုံနဲ့စိတ်နဲ့ ဆက်သွယ်မှုဆိုတာ **ဖဿ** ပေါ်လာတယ်၊ ဖဿ ဆိုတာ အာရုံနဲ့စိတ်နဲ့ ဆက်သွယ်ပေးနေတာ၊ ပေါ်လာတဲ့အခါ ခံစားမှုဆိုတဲ့ **ဝေဒနာ**၊ ခံစားတယ်ဆိုတာ ကောင်းတဲ့အနံ့ကျတော့ စိတ်လေးက ပျော်သွားတယ်၊ မကောင်းတဲ့အနံ့ကျတော့ စိတ်ကမပျော်ဘူး။ အဲဒါလေးတွေက စိတ်ရဲ့အခြေအနေလေးတွေပဲ၊ ခံစားမှုလေးတွေကိုပြောတာနော်။ အေး အနံ့ အာရုံပေါ်

http://www.dhammadownload.com

မှာ သုခဖြစ်တယ်၊ ဒုက္ခဖြစ်တယ်ပေါ့။ နောက်ပြီးတော့ အဲဒီအနှံ့ကိုလည်း စိတ်ကမမှတ်သားလိုက်ဘူးလား၊ မှတ်သားလိုက်တာပဲ။ ဒါက ဘာအနှံ့ပဲ ကောင်းတဲ့အနှံ့ပဲ မကောင်းတဲ့ အနှံ့ပဲနဲ့ မှတ်လိုက်တာပဲ၊ မှတ်သားမှုသညာ။

အဲဒီ အနှံ့ပေါ်မှာ လှုံ့ဆော်မှုဆိုတဲ့ **သခါရ** ဖြစ်လာတယ်၊ နောက်ပြီးတော့ သိမှုဆိုတဲ့ **ဝိညာဏ**လည်း ဖြစ်ပေါ်လာတယ်။ အဲဒီ သဘာဝတရားတွေဟာ ရှင်ရာဟုလာကို မြတ်စွာဘုရားက ရှင်းပြမယ့် သဘာဝတရားတွေပဲ။

မျက်စိနဲ့ပတ်သက်လာလို့ရှိရင် ခုနက **မျက်စိ**ရယ်, **အဆင်းအာရုံ**ရယ်, **မြင်သိစိတ်**ရယ်, **ဖဿ**ရယ်, **ဝေဒနာ**ရယ်, **သညာ**ရယ်, **သခါရ**ရယ်, **ဝိညာဏ**ရယ်, ရှစ်ခု၊ နားနဲ့ပတ်သက်လာရင်လည်း ရှစ်ခု၊ နှာခေါင်းနဲ့ ပတ်သက်လာရင်လည်း ရှစ်ခု၊ လျှာနဲ့ ပတ်သက်လာလို့ရင်လည်း ရှစ်ခု၊ ခန္ဓာကိုယ်နဲ့ ပတ်သက်လာလို့ရှိရင်လည်း ရှစ်ခု၊ စိတ်နဲ့ပတ်သက်လာလို့ရှိရင်လည်း ရှစ်ခု၊ အဲဒီ ရှစ်ခုသောတရားတွေကို ဝိပဿနာရှုရမယ်တဲ့။ အဲဒါကို မြတ်စွာဘုရားက **ဗုဇ္ဈရာဟုလောဝါဒသုတ္တန်** မှာ ဟောတာ၊ ရှင်ရာဟုလာဟာ အဲဒီသုတ္တန်ကို နာပြီးတော့ ရဟန္တာဖြစ်တယ်။

ဒါက ရှင်းလင်းပြီးတော့ ဟောတဲ့အခါမှာ ခံယူနိုင်အောင်၊ ကိုယ့်သန္တာန်မှာ ဒီတရားတွေ တွေ့အောင် ရှာတတ်ဖို့အတွက် ကြိုတင်ပြီးတော့ ပြောလိုက်တာနော်၊ အဲဒီလိုကြိုတင်ပြီးတော့

http://www.dhammadownload.com

သိထားရမယ်ဟာ မျက်စိက အဆင်းအာရုံကို မြင်လိုက်ပြီလို့ ဆိုလိုက်တာနဲ့တပြိုင်နက် ရူပါရုံရဲ့ ထင်ဟပ်မှုကို ခံယူနိုင်တဲ့ သဘာဝတရားဟာ မျက်စိဖြစ်တယ်၊ အဆင်းအာရုံဟာလည်း မျက်စိပေါ်မှာ လာရောက်ပြီးတော့ ထိခိုက်တတ်တဲ့၊ တိုက်ခိုက်နိုင်တဲ့ သဘာဝစွမ်းအား သူ့မှာရှိတယ်၊ အဲဒီ သဘာဝ အမှတ်အသား လက္ခဏာတွေကို သိရမယ်၊ ဝိပဿနာရှုပြီဆိုရင် တရားကိုမြင်အောင် သဘာဝလက္ခဏာ ကစပြီးတော့ ရှုရမယ်။

ဝိပဿနာရှုနည်း

အဲဒီတော့ ဝိပဿနာရှုနည်းနဲ့ ပတ်သက်ပြီးတော့ ရှင်းရှင်းလင်းလင်းလေး သိအောင် ရှင်းပြမယ်။ ဝိပဿနာ ရှုတော့မယ်ဆိုရင် ရှုစရာ အာရုံကို အရင်တွေ့အောင်ရှာရမယ်၊ အဲဒီလို ရှုစရာအာရုံကို ဘယ်ရှုထောင့်က ရှာရမလဲဆိုရင် **သဘာဝ လက္ခဏာ ရှုထောင့်** က ရှာရမယ်၊ သဘာဝလက္ခဏာဆိုတာ ဆိုင်ရာဆိုင်ရာ တရားဓမ္မတွေမှာ ကိုယ်ပိုင် အမှတ်အသား ကလေးတွေရှိတယ်။

လူတွေမှာလည်းပဲ ကြည့်လေ၊ လူတစ်ယောက် ကြည့်ပြီဆိုလို့ရှိရင် ကိုယ်မှတ်ထားတဲ့ အမှတ်အသားလေးတွေရှိတယ်။ ဆိုပါစို့-ဆံပင်က ဘယ်လိုပုံစံ၊ အဝတ်က ဘယ်လိုပုံစံ၊ အရပ်က ဘယ်လိုပုံစံ၊ သွားတာလာတာက ဘယ်လိုဆိုတာ မှတ်မထား

http://www.dhammadownload.com

ဘူးလား၊ မှတ်ထားတဲ့အတိုင်းပဲသိရတာပဲလေ။ ဒါဘယ်သူဆိုတာ အမှတ်အသားကြည့်တာနဲ့ပဲ သိတယ်ပေါ့။ ပုံစံပြောင်းထားရင် အမှတ်တွေ လွဲကုန်တယ်။ အဲတော့ အဝေးကနေကြည့်လိုက်တာနဲ့ ဩော် ဘယ်သူတော့ လာနေပြီဆိုရင် သိကြတာပဲ။

အဲဒီလိုပဲ သဘာဝတရားတွေမှာလည်းပဲ အမှတ်လက္ခဏာလေးတွေရှိတယ်။ အဲဒီ အမှတ်လက္ခဏာလေးတွေဟာ ကိုယ်ပိုင်လက္ခဏာဖြစ်သည့်အတွက်ကြောင့် **သဘာဝလက္ခဏာ**၊ အင်္ဂလိပ်လိုတော့ Individual Characteristics လို့ ခေါ်တယ်၊ တစ်ခုစီတစ်ခုစီမှာ ကိုယ်ပိုင်အမှတ် အသားလေးတွေရှိတယ်။

ပထဝီဆိုလို့ရှိရင် ခက်မာတယ် ပျော့ပြောင်းတယ်ဆိုတဲ့သဘာဝ, အာပေါဆိုတာ ယိုစီးတယ် စုစည်းတယ်ဆိုတဲ့သဘာဝ, တေဇောဆိုတာ ပူတယ်အေးတယ်ဆိုတဲ့သဘာဝ, ဝါယောဆိုတာ လှုပ်ရှားတယ် တွန်းကန်ပေးထားတယ် ဆိုတဲ့သဘာဝ, အဲဒီသဘာဝလေးတွေကို **သဘာဝလက္ခဏာ** လို့ခေါ်တယ်။ ဝိပဿနာရှုတော့မယ်ဆိုရင် အဲဒီသဘာဝလက္ခဏာလေးတွေကိုကြည့်ပြီး တရားတွေ့အောင်လုပ်ရမယ်။

ဆိုပါစို့၊ တရားထိုင်နေပြီ၊ တရားထိုင်နေတဲ့အခါမှာ ကိုယ်ထိုင်တဲ့ထိုင်ခုံက မာမာကြမ်းကြမ်းကြီးကို သတိထားမိလို့ရှိရင် မာတဲ့သဘောကိုတွေ့တာပဲ၊ ပျော့ပျော့အိအိဆိုရင် ပျော့အိတဲ့သဘောကိုတွေ့တာပဲ။ ဒါဘယ်သူ့ကို တွေ့တာတုန်းလို့ဆိုရင်

http://www.dhammadownload.com

ပထဝီကို တွေ့တယ်လို့ပြောတယ်။ ဟော ခန္ဓာကိုယ်ထဲမှာ တစ်နေရာက ပူခဲသွားတာ တွေ့ချင်တွေ့မယ်၊ အေးခဲသွားတာ တွေ့ချင်တွေ့မယ်။ ဟော တွေ့မူတွေက အမျိုးမျိုး၊ ချွေးတို့ ဘာတို့ ထွက်လို့ ယိုစီးကျလာတာ တွေ့ချင်တွေ့မယ်၊ လေကြောင့်မို့လို့ လှုပ်ရှားတွန်းကန်တဲ့ သဘောလေးတွေ တွေ့ချင်တွေ့မယ်၊ အဲဒါတွေကို သဘာဝလက္ခဏာလို့ခေါ်တယ်။ ဝိပဿနာရှုပြီဆိုရင် အဲဒီသဘာဝ လက္ခဏာကို ရှုရမယ်။

သဘာဝလက္ခဏာရှုပြီးမှ အများဆိုင်တဲ့ အမှတ်အသားကို တစ်ဆင့်တက်ပြီး ကြည့်နိုင်ရမယ်၊ မမြဲတဲ့သဘောတွေ တွေ့မယ်၊ မမြဲသည့်အတွက်ကြောင့် ကျနပ်နှစ်သက်စရာ မကောင်းသော ဒုက္ခသဘောတွေ့မယ်၊ ဒုက္ခသဘော တွေ့သည်အတွက်ကြောင့် ကိုယ်ဘာမှ မတတ်နိုင်ဘူး၊ ကိုယ်ဆန္ဒအတိုင်း မဖြစ်ဘူးဆိုတဲ့ အနတ္တသဘောတွေ တွေ့လိမ့်မယ်။ ဟော အနိစ္စ၊ ဒုက္ခ၊ အနတ္တ လို့ဆိုတဲ့ ဒီသဘာဝတွေဟာ ဒုတိယအဆင့်အနေနဲ့ **သာမည လက္ခဏာ**ကို ရှုတယ်လို့ဆိုတာ၊ အဲဒီလို သာမညလက္ခဏာကို ရှုရင်းရှုရင်းကနေပြီးတော့ ဒီ ဝိပဿနာဉာဏ်ဟာ အမြင် ပြောင်းပြောင်း ပြောင်းပြောင်းပြီး တက်သွားလိမ့်မယ်။

ဘယ်လိုတက်သွားတာတုန်းဆိုတော့ အကျဉ်းချုပ်လေးကို ပြောရမယ်ဆိုလို့ရှိရင် ပထမ သဘာဝတရားကို ကိုယ်ပိုင် လက္ခဏာလေးတွေက စတွေ့တယ်၊ **တရားရှာ ကိုယ်မှာတွေ့၊**

http://www.dhammadownload.com

တွေ့ပြီးတရားကို စူးစမ်းလေ့လာလိုက်တဲ့အခါ အဲဒီသဘာဝတရားလေးတွေမှာ မမြဲတဲ့သဘောကို သတိထားမိလိမ့်မယ်၊ မမြဲတာတွေကို မြင်ရတာများတဲ့အခါကျတော့ ညော် - မမြဲမှုတွေက အမြဲဒုက္ခပေးနေပါလားဆိုတဲ့ ဒုက္ခသဘောကို မြင်လာလိမ့်မယ်၊ အဲဒီလိုဒုက္ခပေးနေတာကို ငါဘာမှမတတ်နိုင်ပါလားလို့ဆိုတဲ့ အနတ္တသဘောလေးတွေ မြင်လာလိမ့်မယ်တဲ့။ အဲဒါက **သာမညလက္ခဏာ**ကို တက်သွားတယ်လို့ပြောတာ၊ သမ္မသနဉာဏ်မှစပြီး ဝိပဿနာဆိုတာဖြစ်လာတာ။

ကောင်းပြီ၊ ဝိပဿနာဖြစ်လာလို့ရှိရင် အနိစ္စ, ဒုက္ခ, အနတ္တဆိုတာ ရှုပါများလာတဲ့အခါ ဘာဖြစ်တုန်း၊ ဖြစ်တာနဲ့ပျက်တာ, ဖြစ်ဆဲနဲ့ပျက်ဆဲကို မြင်လာတယ်၊ **'ဥဒယဗ္ဗယ'** လို့ ခေါ်တယ်။ အဲဒီလို မြင်ရာက အသိဉာဏ်တွေ သမာဓိစွမ်းအားတွေ သတိစွမ်းအားတွေ တက်လာတဲ့အခါ ဘာဖြစ်တုန်းဆိုလို့ရှိရင် ဖြစ်တာကိုတောင်မှပဲ မမြင်တော့ဘူး၊ ပျက်တာတွေချည်းပဲ မြင်တယ်၊ ပိုသွက်လာတယ်ပေါ့။

နောက်ပိုင်း သိပ်မြန်လာတဲ့အခါကျတော့ ပျက်တာချည်းပဲ မြင်လာတယ် **'ဘင်္ဂဉာဏ်'**၊ အပျက်တွေချည်းမြင်လာတဲ့အခါမှာ ညော် ကြောက်စရာကောင်းလိုက်တာပါလားဆိုတဲ့ အမြင်တစ်ခု ဝင်လာတယ် **"ဘယဉာဏ်"**၊ ကြောက်စရာကောင်းလိုက်တဲ့ အရာကြီးဟာ တကယ်ကို အပြစ်အနာအဆာရှိတဲ့ သဘော

http://www.dhammadownload.com

တရားကြီးပဲလို့ အပြစ်ကိုမြင်လာတယ်။ သခ်ၤါရတရားတွေ အရင်တုန်းက အပြစ်မမြင်ဘူး ငါဟာလို့မြင်တယ် ငါလို့မြင်တယ်၊ အခုကျတော့ အပြစ်တွေမြင်လာပြီ။ ဒုက္ခပေးတတ်တဲ့သဘာဝတွေကို မြင်လာတယ်၊ မြင်လာတာက **'အာဒီနဝဉာဏ်'**၊ အဲလိုမြင်လာကတည်းက ငြီးငွေ့လာတယ် စိတ်ပျက်လာတယ် **'နိဗ္ဗိဒါဉာဏ်'**၊ ငြီးငွေ့စိတ်ပျက်လာတဲ့အခါ ဒါကြီးကို စွန့်လွှတ်ချင်လာတယ်၊ ဆက်ပြီး မရချင်တော့ဘူး၊ သခ်ၤါရတရားတွေကို စွန့်လွှတ်ချင်တယ် (သခ်ၤါရတရားတွေက လွတ်ချင်လာတယ်) **'မုဉ္စိတုကမ္မတာဉာဏ်'**၊ စွန့်လွှတ်ချင်လာတဲ့အခါမှာ ဘာလုပ်ရတုန်းဆိုရင် ဘယ်လိုလုပ် စွန့်လွှတ်မလဲဆိုတာ ပြန်လည်ဆင်ခြင်စဉ်းစားတာကို **'ပဋိသင်္ခါဉာဏ်'** လို့ခေါ်တယ်။

ဆင်ခြင် စဉ်းစားလိုက်တဲ့အခါ သခ်ၤါရတရားတွေနဲ့ ပတ်သက်လာလို့ရှိရင် ချစ်ခြင်း မုန်းခြင်းဆိုတာ မရှိဘဲနဲ့ အသိဉာဏ် တည်ငြိမ်မှုတွေရလာတယ်၊ **သခ်ၤါရုပေက္ခာဉာဏ်**။ ဝိပဿနာဉာဏ်ထဲမှာတော့ ဒါ အဆင့်မြင့်ဆုံး ဒီလိုတက်လာတာပဲ့။ အဲဒီ သခ်ၤါရုပေက္ခာဉာဏ် ရင့်သန်သွားပြီဆိုမှ သခ်ၤါရတွေကုန်ရာ၊ သခ်ၤါရတွေချုပ်ရာ၊ ဒုက္ခတွေကုန်ရာ၊ ဒုက္ခတွေငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကိုတွေ့မှာဖြစ်တယ်တဲ့။

နိဗ္ဗာန်ကိုတွေ့တာ ဘယ်သူကတွေ့တာတုန်း၊ မဂ်စိတ်ကတွေ့မှာပဲ။ မဂ်စိတ်ပြီးတာနဲ့တပြိုင်နက် သူက ထုတ်လွှတ်လိုက်တဲ့

http://www.dhammadownload.com

အကျိုးဖိုလ်ဆိုတာ ရသွားမယ်။ ဒီကျမှ စိတ်ကလေးဟာ လွတ်မြောက်တဲ့ စိတ်ဆိုတာ ဖြစ်လာမယ်ပေါ့။

အဲဒါကို ရှင်ရာဟုလာကို မြတ်စွာဘုရားက အသေးစိတ် ဟောတာ၊ အသေးစိတ်ဟောတဲ့အခါမှာ တစ်ခုစီတစ်ခုစီ ရှင်းပြီးတော့ ပြောမှာမဟုတ်တော့ဘူး။ ရှင်ရာဟုလာက လေ့ကျင့်ပြီးသား ဖြစ်သည့်အတွက်၊ အာသီဉာဏ်နဲ့ တွေ့ပြီးသား ဖြစ်နေတယ်။ မြတ်စွာဘုရားက အနိစ္စသဘောတရားတွေ ရှင်းအောင်ပဲ ဟောတယ်၊ ရှင်းလိုက်တဲ့အခါ ဉာဏ်စဉ်တွေတက်သွားပြီး နောက်ဆုံးမှာ ကိလေသာအာသဝေါတွေကင်းတဲ့ အဆင့်ကို ရောက်သွားတယ်။ အဲတော့ **'စူဠရာဟုလောဝါဒသုတ္တန်"** စတင်ပုံက ဘယ်လိုတုန်းဆိုတာ ပြန်ပြောမယ်။

(စူဠ)ရာဟုလောဝါဒသုတ်

နံနက်မိုးသောက် အလင်းရောက်တဲ့အချိန်မှာ မြတ်စွာဘုရားက စကြဝဠာကို ကြည့်လိုက်တော့ ရှင်ရာဟုလာဟာ ဉာဏ်တော်ထဲမှာ ပေါ်လာတယ်။ သြော် ပေါ်လာတဲ့အခါ သိလိုက်ပြီ၊ ရာဟုလာရဲ့ သန္တာန်မှာ ဝိမုတ္တိပရိပါစနိယတရားတွေ ရင့်ကျက်လာပြီ၊ ဒါကြောင့်မို့ ဒီကနေ့ ရာဟုလာ အာသဝေါတွေ ကုန်ခမ်းတဲ့ အသီဉာဏ်တွေရောက်ရှိသွားအောင် ငါဟာ တရားပြပြီး သွန်သင်ဆုံးမမှပဲလို့ မြတ်စွာဘုရားက ဆုံးဖြတ်တယ်။

http://www.dhammadownload.com

အခွိန်တန်တော့ ဆွမ်းခံကြွတယ်၊ ဆွမ်းခံကြွ ဆွမ်းဘုဉ်းပေးပြီးတဲ့ အခါ မြတ်စွာဘုရားက "ရာဟုလာ၊ နေရာထိုင်ယူပြီး ငှါနောက် လိုက်ခဲ့" ဇေတဝန်ကျောင်းနဲ့ ဆက်စပ်ပြီးတော့နေတဲ့ အနွဝန ဆိုတဲ့ တောကြီးထဲခေါ်သွားတယ်။

အဲဒီအခွိန်မှာ အရှင်ရာဟုလာက ရဟန်းဖြစ်စ ဝါမရ သေးတဲ့ အခွိန်ကလေးပေါ့၊ အသက်နှစ်ဆယ် အရွယ်ပဲ။ "ရာဟုလာ ငှါနောက်လိုက်ခဲ့၊ ထိုင်စရာ နေရာထိုင်လေးယူပြီး ငါနဲ့လိုက်ခဲ့" လို့ ခေါ်သွားတယ်။ အဲဒီအခွိန်မှာ ရာဟုလာနဲ့ ဆုတောင်းဘက်ဖြစ်တဲ့ ထောင်ပေါင်းများစွာသော နတ်ပြဟ္မာ တွေက ကြိုတင်ပြီးသိနေကြတယ်၊ "ဒီကနေ့ မြတ်စွာဘုရားဟာ ရာဟုလာကို တရားထူးဟောလိမ့်မယ်၊ တို့လည်းနာကြမယ်" လို့ စောင့်စားနေကြတယ်။

အနွဝနထဲ ရောက်တဲ့အခါ မြတ်စွာဘုရားက သစ်ပင် အောက်မှာထိုင်တယ်၊ ရာဟုလာက သင့်တော်တဲ့နေရာလေးမှာ ထိုင်တယ်။ အဲဒီအခွိန်မှာ မြတ်စွာဘုရားက ရာဟုလာကို ကမ္မဋ္ဌာန်းတရား စတင်ပြီးတော့ ဟောတာ၊ ရာဟုလာရဲ့ ထင်မြင် ယူဆချက် အသိဉာဏ် ဘယ်လောက်ရင့်ကျက်သလဲဆိုတာကို သိချင်လို့ ကိုယ်တွေ့တရားကို နှလုံးသွင်းဆင်ခြင်ဖို့အတွက် မြတ်စွာဘုရားကမေးတယ်။

http://www.dhammadownload.com

"တံ ကိ မညသိ ရာဟုလ– ငါပြောမယ့်စကား ဘယ်လို ယူဆသလဲ" ဘယ်လိုထင်သလဲ၊ ကြည့် - မျက်စိရှိတယ်၊ "အဲဒီ မျက်စိဟာ နီစွလား အနီစွလား၊ မြဲလား မမြဲဘူးလား၊ ဘယ်လို ထင်လဲ"

ဒီနေရာမှာ မမြဲဘူးဆိုတဲ့သဘောက ဘာကိုပြောတာလဲ၊ မမြဲတဲ့သဘောလေးကို ခပ်ကျဲကျဲလေး တွေးကြည့်ရအောင်။

ဘုန်းကြီးတို့တတွေမှာရှိတဲ့ မျက်စိလေးဟာ ဆိုပါစို့၊ ငယ်ငယ်တုန်းက မျက်စိလေးဟာ ကြည်နေသလို အခု အသက်လေးငါးခြောက်ဆယ်ရှိတဲ့အခါမှာ ကြည်သေးလား။ (မကြည်ပါဘူး ဘုရား) ပြောင်းလဲမှုတွေရှိနေတယ်၊ ဒါ မမြဲတဲ့သဘောကို ပြောတာ၊ ဒါက ကြမ်းကြမ်းတွေးကြည့်တာနော်၊ (ဆိုပါစို့) စိတ် (၁၇)ချက် ပြည့်တာနဲ့တပြိုင်နက် မျက်စိလေးတစ်ခုရဲ့ သက်တမ်း ဟာကုန်သွားတယ်၊ နောက်ထပ်ဖြစ်တာက အသစ်အသစ်တွေ ထပ်ပြီးဖြစ်တာ၊ ဒါကြောင့် ဘုန်းကြီးတို့တတွေက မျက်စိလည် နေကြတာ၊ ငါ့မျက်စိရှိနေတာပဲလို့ ဒီလိုထင်တာ။

အဲဒီထက်ထင်ရှားအောင် ဘာနဲ့ကြည့်ရမလဲ၊ မုဆိုးကလူတွေ ဆိုတော့ ချင်းတွင်းမြစ်သွားကြည့်၊ မနေ့တုန်းက ကြည့်ရင်လည်း မြစ်ရေဟာ စီးနေတာပဲ၊ ဟိုလ,တုန်းကကြည့်လည်း စီးနေတာပဲ၊ ဟိုးဘိုးဘွားမိဘတွေလက်ထပ်ကတည်းကလဲ မြစ်ရေဟာ စီးနေတာပဲ၊ ဒီနေ့သွားကြည့်လည်း စီးနေတာပဲ။

http://www.dhammadownload.com

သို့သော် သေသေချာချာ စဉ်းစားကြည့်လိုက်ရင် ဟိုမနှစ်က ရေတွေ ဟုတ်ရဲ့လား (မဟုတ်ပါဘူးဘုရား)။ မဟုတ်ဘူးဆိုတာ သေချာတယ်၊ မနှစ်ကရေ အသာထား အခုတင်ပဲ မြစ်နားကို သွားပြီးတော့ ရေခွက်ကလေးတစ်ခွက်ခပ်လိုက်၊ ခပ်ပြီး နောက် ထပ် ခပ်လို့ရှိရင် အဲဒီရေရပါဦးမလား (မရတော့ပါဘူးဘုရား)။ မရတော့ဘူး၊ နောက်ထပ်ခပ်တာ နောက်ရေပဲ၊ ဒါတင်မဟုတ်ဘူး ခပ်တဲ့ လက်ကလည်း ပြောင်းသွားပြီ၊ ခုနလက် မဟုတ်တော့ဘူး။ ဘာတွေကျန်တုန်းဆို Copy ပဲ ကျန်တာ၊ အလားတူနေတာ ဖြစ်သည့်အတွက် လူတွေက ပျက်သွားတာကို မသိလိုက်ဘူးလေ၊ အဲဒါ ရှင်ရာဟုလာကို မြတ်စွာဘုရားကမေးတာ။

စက္ခုပသာဒ လို့ဆိုတဲ့ ဒီမျက်စိ အကြည်ရုပ်ကလေးဟာ သူ့ရဲ့သက်တမ်းဟာ (မှတ်လို့လွယ်အောင် ပြောမယ်ဆိုလို့ရှိရင်) စက္ကန့်လေး (၁၇)ချက်ပဲရှိတယ်တဲ့၊ (၁၇)စက္ကန့်ဆိုရင် ပျက်သွားပြီ၊ ဒါက နားလည်အောင်ပြောတာ၊ စိတ်(၁၇)ချက်ဆိုတာ တစ်စက္ကန့်ထက် များစွာတိုတယ်လို့ ဒီလိုမှတ်ရမယ်။

ဟောဒီ စက္ခုပသာဒလေးဟာ (၁၇)စက္ကန့်တစ်ခါ အသစ်လဲသွားတယ်၊ (၁၇)စက္ကန့်တစ်ခါ အသစ်လဲနေတယ်၊ နောက်ထပ် ဖြစ်နေတာတွေက အသစ်အသစ်တွေ၊ အရင်ဟာ မဟုတ်တော့ဘူးလို့ ဒီလိုဆိုလိုတယ်နော်၊ အဲဒီလို အသေးစိတ်ဖြစ်ပြီး ပျက်နေတာတွေကို မြင်အောင်ကြည့်ဖို့ လိုအပ်တယ်တဲ့။

http://www.dhammadownload.com

အနိစ္စဆိုတာမမြဲဘူးလို့ပြောတယ်၊ မမြဲဘူးဆိုတာ ဘယ်လို ဟာလဲလို့ **အနုပဒသုတ္တန်**မှာ ရှင်းရှင်းလင်းလင်း ဟောထားတယ်၊ **"အဟုတ္တာ သမ္ဘောန္တိ၊ ဟုတ္တာ ပဋိဝေန္တိ"** တဲ့။ နဂိုကရှိနေတာ မဟုတ်ဘဲ အကြောင်းတိုက်ဆိုင်လို့ ပေါ်လာတာ၊ ပေါ်လာပြီးတဲ့ နောက်မှာ လုံးဝပျောက်ကွယ်သွားတယ်။ ဒါကို အနိစ္စလို့ပြောတာ၊ ပျောက်ကွယ်သွားပြီး တစ်နေရာမှာ သွားစုနေတာမဟုတ်ဘူး။

ထင်ရှားအောင် ဘာနဲ့ ပြောမတုန်းဆိုလို့ရှိရင် ဖယောင်းတိုင် မီးလေးထွန်းရင် မီးတောက်လင်းလာတယ်၊ အဲဒီမီးတောက်လေးဟာ နဂိုကရှိနေတဲ့မီးတောက်မဟုတ်ဘူးနော်။ မီးစာရယ်, ဆီရယ်, မီးခြစ်ဘူးနဲ့ ခြစ်ပြီးတော့ ရှို့လိုက်လို့ တောက်လာတာ၊ ဟော အကြောင်းတွေကြောင့် ပေါ်လာတာနော်၊ သူ့ဘာသာသူ တောက်လာတဲ့ မီးမဟုတ်ဘူး၊ အကြောင်းတရားတွေကိုမှီပြီး မီးတောက်လေး ဖြစ်လာတယ်၊ အဲဒီဖြစ်လာတဲ့ မီးတောက်ကလေးကို ငြိမ်းလိုက်ပြီဆိုလို့ရှိရင် အဲဒီငြိမ်းသွားတဲ့ မီးတောက်ကလေးဟာ ဘယ်နေရာမှာ သွားနေလဲလို့မေးရင် ဘယ်လိုဖြေမလဲ၊ ဘယ်နေရာမှ သွားနေတာမဟုတ်ပါဘူး၊ ငြိမ်းသွားတာပဲ၊ ဟုတ်ကဲ့လား။ အဲဒါကိုပြောတာ အနိစ္စဆိုတာ မရှိတဲ့နေရာက ဖြစ်ပေါ်လာပြီးတော့ မရှိတဲ့နေရာရောက်သွားတာတဲ့။ မမြဲဘူးဆိုတဲ့သဘောက အဲဒါကို ပြောတာနော်၊ အကြောင်းတရားတိုက်ဆိုင်လို့ မရှိတဲ့နေရာက ဖြစ်လာတယ်၊ အဲဒါကို ပြောတာ

http://www.dhammadownload.com

'အဟုတ္တာ' နဂိုကရှိနေတာ မဟုတ်ဘဲ **'သမ္ဘောန္တိ'** အကြောင်းတိုက်ဆိုင်လို့ ဖြစ်လာကြတယ်။ **'ဟုတ္တာ'** ဖြစ်ပေါ်လာပြီးတဲ့နောက်မှာလည်းပဲ **'ပဋိဝေန္တိ'** ပျောက်ကွယ်သွားကြတယ်တဲ့၊ အဲဒါကို အနိစ္စလို့ပြောတာပဲ။

အဲဒီလို ဖြစ်မှုပျက်မှုဆိုတဲ့ ဒီသဘာဝတရားကြီးက အမြဲမပြတ် နှိပ်စက်ခံနေရတဲ့အတွက် ဒုက္ခလို့ပြောတာ၊ အဲဒီလို အမြဲမပြတ်နှိပ်စက်ပြီး အနှောင့်အယှက်ပေး ခံနေရတဲ့ ဒီသဘာဝတရားကြီးဟာ ကိုယ့်အလိုအတိုင်း ဖြစ်ပါရဲ့လားလို့ စဉ်းစားလို့ရှိရင် ဘာမှမဖြစ်ဘူးနော်။

အနတ္တလက္ခဏသုတ် မှာ ဟောထားတာရှိတယ်လေ။ **"ဇံ ဓံ မေ ရူပံ ဟောတု၊ ဇံ ဓံ မေ ရူပံ မာ အဟောသိ"** ရုပ်တရားပေါ်မှာ ငါ့စိတ်ကြိုက်ဖြစ်စေလို့ လုပ်လို့ရလား (မရပါဘူးဘုရား) မရဘူး။ သူ့ဟာသူပဲ သူ့အကြောင်းနဲ့သူ ဖြစ်လာပြီး ပျက်သွားတယ်၊ အဲဒါကြောင့်မို့ အနိစ္စမြင်ရင် ဒုက္ခမြင်မယ်, အနတ္တမြင်တယ်လို့ ပြောတာ။

အဲဒါကို မြတ်စွာဘုရားက ရှင်ရာဟုလာကို မေးတာ၊ အာရုံစိုက်ပြီးတော့ကြည့် **"တံ ကိ မညသိ ရာဟုလ– ရာဟုလာ မင်း ဘယ်လိုထင်လဲတဲ့"**၊ "စက္ခုပသာဒရုပ်ကလေးဟာ မြဲသလား မမြဲဘူးလား" **"အနိစ္စံ ဘန္တေ** – မမြဲပါဘူးဘုရား" တဲ့။

http://www.dhammadownload.com

"အေး အဲဒီမမြြတဲ့ စက္ခုပသာဒလေးကို သုခလို့ပြောမလား ဒုက္ခလို့ပြောမလား" ဆိုတော့ "ဒုက္ခလို့ပဲ ပြောရမှာပါ ဘုရား" တဲ့။

"ဒါဖြင့် မမြြဘူး ဒုက္ခလည်းဖြစ်တယ်၊ ထာဝရလည်း ပြောင်းလဲနေတဲ့ သဘာဝဖြစ်တဲ့အရာကို ငါ, ငါ့ရဲ့ဥစ္စာ, ငါပဲ, ငါ့ရဲ့အတ္တပဲလို့ရှုရင် သင့်ပါ့မလား" လို့ဆိုတော့ "မသင့်ပါဘူး ဘုရား" တဲ့။

ဟော ဝိပဿနာဉာဏ် ရင့်သန်အောင်လို့ မြတ်စွာဘုရားက တစ်ခုချင်းတစ်ခုချင်း မေးပြီးတော့ ရှင်းပြပေးတာနော်၊ မျက်စိနဲ့ ပတ်သက်ပြီး ရှင်းပြတယ်၊ နားနဲ့ပတ်သက်ပြီး ရှင်းပြတယ်၊ နှာခေါင်းနဲ့ပတ်သက်ပြီး ရှင်းပြတယ်၊ စာလိုပြောရင်တော့ စက္ခုပသာဒ, သောတပသာဒ, ဃာနပသာဒ, ဇိဝှါပသာဒ, ကာယပသာဒ, ဒါလေးတွေနဲ့ရှင်းပြီးပြတယ်။

မျက်စိက အဆင်းအာရုံလေးကိုမြင်လိုက်တဲ့အခါမှာ စက္ခုပသာဒရဲ့အလုပ်ဟာ ထင်ရှားလာတယ်၊ အသံနဲ့ ကြုံတဲ့အခါမှာ သောတပသာဒရဲ့လုပ်ငန်းတွေ ထင်ရှားလာတယ်၊ အနံ့လေးနဲ့ ဆုံတဲ့အခါမှာ ဃာနပသာဒရဲ့ အလုပ်က ထင်ရှားလာတယ်၊ ထမင်းစားတဲ့အခါ လျှာရဲ့အလုပ်က ထင်ရှားလာတယ်၊ တစ်စုံတစ်ခုက ကိုယ့်ကို လာထိတဲ့အခါမှာ ကာယပသာဒရဲ့ အလုပ်က ထင်ရှားလာတယ်၊ စိတ်ကူးကြံစည်တဲ့အခါမှာ မနရဲ့ အလုပ်က

http://www.dhammadownload.com

ထင်ရှားလာတယ်။ ဒါတွေဟာ ဘုန်းကြီးတို့တတွေ နေ့စဉ် သိနေတဲ့ အရာတွေချည်းပဲ။

အဲဒီမှာ မြတ်စွာဘုရားက စက္ခုပသာဒနဲ့ ပတ်သက်ပြီး မေးတယ်၊ မျက်စိက မြင်ရတဲ့အဆင်းနဲ့ ပတ်သက်ပြီးမေးတယ်၊ ဒီအဆင်းလေးကရောမြဲလား၊ ဒီနေရာမှာ ဘုန်းကြီးတို့တတွေ ဘယ်လိုသိရမလဲလို့ဆိုရင် အပြင်ဘက်မှာရှိတဲ့ အဆင်းအာရုံ၊ ဆိုပါစို့- ပန်းကလေးတစ်ပွင့်ကို ကြည့်လိုက်မယ်၊ ပန်းကလေး တစ်ပွင့်ကို ကြည့်လိုက်တဲ့အခါ ပြင်ပမှာရှိတဲ့ပန်းက တခြားနေ၁၊ မျက်စိထဲမှာ လာထင်ဟပ်သွားတဲ့ ပန်းကတစ်ခြား၊ မျက်စိထဲမှာ လာထင်ဟပ်သွားတာကို ရူပါရုံလို့ခေါ်တယ်နော်၊ အဲဒီ ရူပါရုံလို့ ခေါ်တဲ့ ဒီမျက်စိစက္ခုပသာဒမှာလာပြီး ထင်ဟပ်ပေါ်လွင်သွားတဲ့ အမြင်အာရုံဟာ ခုနကပြောတဲ့ စိတ်(၁၇)ချက်ခန့်ပဲ အသက်ရှည်တယ်၊ ဒီပြင်ပက ပန်းကလေးတွေ ပျက်သွားတာကို ပြောတာ မဟုတ်ဘူး၊ မျက်စိထဲမှာ လာပေါ်တာလေး ပျက်သွားတာ ပြောတာ။

အဲဒါထက် အသံကတော့ ပိုထင်ရှားတယ်၊ ကြည့် အသံတွေဟာ ကြားပြီး ချက်ချင်း ပျောက်သွားတာ မဟုတ်လား၊ ဘုန်းကြီးတို့ စပြီး တရားဟောတဲ့အသံတွေ တစ်ခုမှ မရှိဘူး၊ အခုပြောရင်း ပြောရင်းနဲ့ အသံတွေက ပျောက်ပျောက် ပျောက် ပျောက်သွားတာ၊ နောက်က အသံတွေ ဆက်ပေါ်နေတာ၊ အဲဒီ

http://www.dhammadownload.com

အသံတွေဟာ ပျောက်ပျောက်သွားသလိုပဲ မျက်စိထဲ ပေါ်လာတဲ့ အဆင်းကလည်း ပျောက်သွားတာ၊ နောက်ထပ် ဆက်ကြည့်လို့ မြင်တာက နောက်အမြင် နောက်ရှုပါရုံပဲ၊ ဟုတ်ကဲ့လား၊ အဲဒါ ကြောင့်မို့လို့ မျက်စိထဲမှာ ထင်ဟပ်လာတဲ့ ရှုပါရုံလေးဟာလည်းပဲ (၁၇)စက္ကန့်ဆိုရင် ပျက်သွားပြီ၊ မရှိတော့ဘူး။

နားထဲမှာကြားလာတဲ့အသံလည်းမရှိတော့ဘူး။ နှာခေါင်းထဲမှာ ရလိုက်တဲ့ အနံ့လည်း မရှိတော့ဘူး၊ လျှာပေါ်မှာ သိလိုက်ရတဲ့ အရသာလည်း မရှိတော့ဘူး၊ ခန္ဓာကိုယ်မှာ ထိတွေ့လာတဲ့ ဖောဋ္ဌဗ္ဗဆိုတဲ့ အာရုံကလည်း မရှိတော့ဘူး၊ စိတ်ထဲမှာ ကြံတွေးယူရတဲ့ အာရုံတွေကလည်း ဒီလိုပဲ အချိန်တိုလေးအတွင်းမှာ ပျက်ပျက်ပြီးတော့ သွားတယ်။

မျက်စိနဲ့ အဆင်းအာရုံ ဆုံလိုက်တဲ့အခါမှာ ဘာပေါ်လာတုန်း၊ မြင်သိစိတ် ပေါ်လာတယ်။ နားနဲ့အသံနဲ့ ဆုံတဲ့အခါမှာ ကြားသိစိတ်ပေါ်တယ်၊ နှာခေါင်းနဲ့အနံ့ ဆုံတဲ့အခါမှာ နံသိစိတ်ပေါ်တယ်၊ လျှာနဲ့အရသာ ဆုံတဲ့အခါမှာ လျက်သိစိတ်ပေါ်တယ်၊ နောက်တစ်ခါ ခန္ဓာကိုယ်နဲ့ ထိတွေ့မှုအာရုံ ဆုံတဲ့အခါမှာ ထိသိစိတ် ပေါ်လာတယ်၊ စိတ်ကူးပြီးတော့ ကြည့်တဲ့အခါမှာ အသိစိတ် ပေါ်လာတယ်၊ ဒါလေးတွေက နဂိုကရှိနေတာမဟုတ်ဘူး။

ဘာနဲ့အလားတူတုန်းဆိုလို့ရှိရင် ဂက်(စ်)မီးခြစ်ပူးလေးကို ကြည့်၊ ဂက်(စ်)မီးခြစ်ပူးလေးမှာ အထဲမှာ ဂက်(စ်)ရှိတယ်၊

http://www.dhammadownload.com

ဘီးလုံးလေးလည်း ရှိတယ်၊ လူတစ်ယောက်က ကောက်ကိုင်ပြီး တော့ အဲဒီ ဘီးလုံးလေးကို ဖိခြစ်လိုက်တဲ့အခါ မီးတောက်လေး ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဘုရား)။ ဘီးလုံးနဲ့ကျောက် ခတ်လိုက်သလိုပဲ မျက်စိနဲ့ အဆင်းအာရုံက တိုက်လိုက်တာ၊ တိုက်လိုက်တာနဲ့တပြိုင်နက် မီးပွင့်သလိုပဲ မြင်သိစိတ်ပေါ်လာ တယ်၊ အဲဒီ မြင်သိစိတ်ရော မြဲသလားဆိုတော့ မမြဲဘူးတဲ့၊ ဖြစ်ပြီးရင် ပျက်သွားတာပဲ။

မြတ်စွာဘုရားက သုတ္တန်တစ်ခုမှာ ဟောထားတာ ဘယ်လောက်မှတ်သားစရာကောင်းတုန်းဆိုရင် မျက်စိကလည်း မမြဲဘူးတဲ့၊ အဆင်းအာရုံကလည်း မမြဲဘူးတဲ့၊ ဒီမမြဲတဲ့ မျက်စိနဲ့ အဆင်းအာရုံ ဒီနှစ်ခုဆုံလို့ ဖြစ်ပေါ်လာတဲ့ ဒီမြင်သိစိတ်ဆိုတာ ဘယ်မှာမြဲပါ့မတုန်းတဲ့၊ ဒီလိုဆိုလိုတယ်။ **"အနိစ္စ သမ္မုတိ ကုတော နိစ္စံ ဘဝိဿတိ"** တဲ့၊ မမြဲတဲ့တရားက ထုတ်လုပ်လိုက်တဲ့တရားဟာ ဘယ်မှာမြဲမလဲတဲ့၊ သေတတ်တဲ့ အမေကမွေးတဲ့ သားသမီး ဘယ်မသေဘဲရှိမလဲလို့ ဒီလိုပြောတာပဲပေါ့။

အဲတော့ ရူပါရုံကလည်းမမြဲဘူး၊ မျက်စိကလည်း မမြဲဘူး၊ မမြဲတာနှစ်ခုကို အကြောင်းပြုပြီး ပေါ်လာတဲ့ မြင်သိစိတ်ကလေး ဟာ မြဲပါ့မလား (မမြဲပါဘူးဘုရား)။ အဲ သူတို့သုံးခု ဆုံပြီးတော့ ဖြစ်ပေါ်လာတဲ့ ဖဿဆိုတဲ့ ဆက်သွယ်မှုလေးကရော မြဲပါ့မလား (မမြဲပါဘူးဘုရား) အေး- ဆုံပြီးတဲ့အခါ ဖြစ်ပေါ်လာတဲ့ စိတ်ရဲ့

http://www.dhammadownload.com

ခံစားမှု ဆိုတာကရော မြဲပါ့မလား (မမြဲပါဘူးဘုရား)။ အဲဒီအာရုံကို မှတ်သားတဲ့သညာ, စေ့ဆော်တဲ့ သင်္ခါရ, သိတဲ့ ဝိညာဏ်ဆိုတာ ဒီတရားတွေကရော မြဲပါ့မလား (မမြဲပါဘူးဘုရား)

ဘယ်ဟာမှမမြဲဘူးဆိုတာကို မြတ်စွာဘုရားက ရှင်ရာဟုလာကို တစ်ခုစီတစ်ခုစီမေးတယ်။ ရှင်ရာဟုလာက တစ်ခုစီတစ်ခုစီဖြေရတယ်၊ မျက်စိနဲ့ပတ်သက်ပြီး မျက်စိရယ်, အဆင်းအာရုံရယ်, မြင်သိစိတ်ရယ်, ဖဿရယ်, ဝေဒနာရယ်, သင်္ခါရရယ်, ဝိညာဏ်ရယ်, ရှစ်ခု။ ဒီရှစ်ခုနဲ့ပတ်သတ်ပြီးမေးတာ၊ မြဲသလားဆိုတာ မမြဲဘူးဆိုတာ ဖြေရတယ်။

နားနဲ့ပတ်သက်ပြီးတော့လည်းရှစ်ခုနော်၊ လျှာနဲ့ပတ်သက်ပြီး ရှစ်ခု၊ နှာခေါင်းနဲ့ပတ်သက်ပြီး ရှစ်ခု၊ ခန္ဓာကိုယ်နဲ့ ပတ်သက်ပြီး ရှစ်ခု၊ အသိစိတ်နဲ့ ပတ်သက်ပြီး ရှစ်ခုလို့ ဒီလို ကိုယ့်သန္တာန်မှာရှိတဲ့ သဘာဝတရားတွေဟာ မမြဲဘူးဆိုတာတွေကို ထင်ရှားလာအောင် မြတ်စွာဘုရားက ဟောတယ်။

"ရာဟုလာတဲ့၊ မျက်စိဆိုတာလည်း မမြဲဘူး၊ အဆင်းအာရုံလည်း မမြဲဘူး၊ မြင်သိစိတ် ဆိုတာလည်း မမြဲဘူး၊ ဒီသုံးမျိုးဆုံမိလို့ ဖြစ်လာတဲ့ ဖဿဆိုတာလည်း မမြဲဘူး၊ စိတ်ရဲ့ခံစားမှု ဝေဒနာဆိုတာလည်းမမြဲဘူး၊ မှတ်သားတဲ့ သညာဆိုတာလည်း မမြဲဘူး၊ စေ့ဆော်တဲ့ သင်္ခါရဆိုတာလည်း မမြဲဘူး၊ အသိစိတ်ဆိုတဲ့ ဝိညာဏ်ဟာလည်း မမြဲဘူး။ အဲဒီ မမြဲတဲ့တရား၊ ထိုမမြဲမှုဟာ

http://www.dhammadownload.com

အမြဲနှိပ်စက်နေသည့် အတွက်ကြောင့် သုခလို့မဆိုနိုင်ဘူး၊ ဒုက္ခလို့ ဆိုရတဲ့တရား၊ အဲ့ဒီ ဒုက္ခလို့ဆိုရတဲ့တရားကို ငါဟာလို့, ငါလို့, ငါရဲ့အတ္တလို့ ဒီလို ရှုသင့်ပါမလား" လို့ဆိုတော့ ဟော "မရှုသင့်ပါဘူး ဘုရား" ဖြေတယ်၊ ငါဟာလို့ပြောလို့ဘယ်ရမလဲ၊ ဘယ်ဟာကို ငါဟာလို့ပြောမှာလဲ။

ကဲ စဉ်းစားကြည့်လေ၊ မျက်စိက အဆင်းအာရုံလေးကို မြင်လိုက်ပြီ၊ ငါဟာလို့ပြောမယ့်အချိန်မှာ မျက်စိကပျက်သွားပြီ၊ အဆင်းအာရုံလည်း ပျက်သွားပြီ၊ မြင်သိစိတ်လည်း ပျက်သွားပြီ၊ ဘယ်ဟာကို ပြောမှာလည်း ပြောလို့မရဘူးလေ၊ ဟုတ်ကဲ့လား။ ဆိုပါစို့- သူငယ်ချင်းမြင်လိုက်တော့ ဝမ်းသာအားရပေါ့ ပြေးပြီး ဖက်တယ်၊ မြင်တုန်းကတစ်ယောက်၊ ဖက်လိုက်တဲ့အချိန်မှာ တစ်ယောက်ဖြစ်သွားပြီ၊ ကိုယ်ကလည်း ပြောင်းသွားပြီ၊ ကိုယ့် သူငယ်ချင်းကလည်း ပြောင်းသွားပြီ။ နှစ်ယောက်စလုံးဟာ Copy ပဲကျန်တော့တယ်။

ထင်ထင်ရှားရှားသိချင်ရင် ရုပ်ရှင်ရိုက်တာကိုပဲကြည့်ပေါ့။ ရုပ်ရှင်ရိုက်ထားတာ အားလုံး မြင်ဖူးကြပါလိမ့်မယ်။ Slow Motion နဲ့ပြတဲ့အခါ ခြေထောက်ကလေး မြှောက်တာတင်ပဲ အရှုပ်ပေါင်း ဘယ်လောက် ရိုက်နေရတယ်ထင်တုန်း၊ အများကြီးပဲ၊ ဟုတ်ကဲ့လား၊ ရုပ်ပုံတွေ အများကြီး။ အဲဒီလိုအများကြီးထဲက ဘယ်ဟာကို သူငယ်ချင်းလို့ ပြောမှာတုန်း၊ ဘယ်ဟာကို ငါလို့

http://www.dhammadownload.com

ပြောမှာတုန်း၊ တစ်ကို ငါလို့ပြောရင် နှစ်ကိုကျတော့ ဘယ်လိုပြောမတုန်း၊ ဟုတ်ကဲ့လား။

ရုပ်ပေါင်းများစွာ ဖြစ်ပြီးပျက်သွားကြတာ၊ ဆိုပါစို့ (၁၇)မျိုး ဖြစ်သွားတယ် ဆိုလို့ရှိရင် ဘယ်ဟာကို ငါလို့ပြောမှာတုန်း၊ တစ်ကို ငါလို့ပြောလို့ရှိရင် နှစ်,သုံး,လေးတွေက ငါမဟုတ်ပြန်တော့ဘူး၊ ဟုတ်ကဲ့လား။ တစ်ကို ငါလို့ပြောလိုက်တဲ့အချိန်မှာ ဟိုက နှစ်ရောက်သွားပြီ၊ နှစ်ကို ငါလို့ပြောရင် သုံးဖြစ်သွားပြီ၊ သုံးကို ငါလို့ပြောမယ်ဆိုရင် လေးဖြစ်သွားပြီ၊ ကဲ-ဘာကို ငါလို့ပြောလို့ရမှာတုန်း၊ ပြောလို့မရဘူး။ ဒီသဘောကို မြတ်စွာဘုရားက ဟောတာနော်၊ အဲဒီလို အသေးစိတ်မြင်လာတဲ့အခါကျတော့ မမြဲတဲ့သဘောတွေ ထင်ရှားလာတယ်။

ဒါကြောင့်မို့ "**ငတံ မမ– ဒါငါ့ဟာပဲ**" လို့ ဘာကိုပြောမှာလဲ၊ ပြောလို့မရဘူး။ ငါ့ဟာလို့ သတ်မှတ်လိုက်တဲ့အချိန်မှာ မရှိတော့ဘူး Copy ပဲကျန်ရစ်တယ်၊ ငါလို့ပြောစရာလည်း မရှိတော့ဘူး၊ ငါ့ရဲ့အတ္တပဲလို့ ပြောစရာလည်း မရှိတော့ဘူး၊ အဲဒီလို မှန်ကန်တဲ့ ဝိပဿနာပညာနဲ့ ဒီသဘောတရားတွေကို ရှုမြင်သုံးသပ်ရမယ်လို့ ရှင်ရာဟုလာကို ဒီလိုဟောတာ။

အဲလို ဟောတဲ့အခါ အကျိုးကျေးဇူးက ဘာရတာတုန်း၊ မျက်စိပေါ်မှာလည်း သာယာစရာဆိုတာ ရှာမတွေ့တော့ဘူး၊ ခါတိုင်းလို မျက်စိဟာ ငါလို့လည်း ပြောစရာမရှိဘူး၊ ငါ့ဟာလို့

http://www.dhammadownload.com

လည်း ပြောစရာ မရှိဘူး၊ ငှါရဲ့အတွက် ငါထင်တိုင်း လုပ်လို့ရတယ် ဆိုတာလည်း ပြောစရာ မရှိတော့ဘူး၊ ငါလည်း မဟုတ်ဘူး၊ ငှါဟာ လည်း မဟုတ်ဘူး၊ ငါချုပ်ကိုင်ထားလို့ရတဲ့အရာမဟုတ်ဘူးလို့ မြင်လာတဲ့ အချိန်မှာ မျက်စိလေးပေါ်မှာ တွယ်တာမှုဆိုတာ ရှိပါဦးမလား။

အဲဒီမရှိတာကို မြတ်စွာဘုရားက **'စက္ခုသ္မိံ နိဗ္ဗိန္ဒတိ'** တဲ့။ မျက်စိပေါ်မှာ ငြီးငွေ့သွားပြီတဲ့၊ စိတ်ပျက်သွားပြီး ငြီးငွေ့တယ်၊ စိတ်ပျက်တယ်ဆိုတာ မတွယ်တာတော့ဘူး၊ ငှါဟာလို့မြင်တာ ရှိမှု မရှိတော့ပဲကိုး။ တွယ်တာမှုမရှိတော့ဘူးတဲ့၊ သာယာမှုမရဘူး။ အဲဒီလိုငြီးငွေ့သွားပြီဆိုရင် ဘာဖြစ်တုန်းဆိုရင် **'နိဗ္ဗိန္ဒတိ'** ငြီးငွေ့ တယ်။ ခုနကပြောတဲ့ ဝိပဿနာဉာဏ်တွေ အဆင့်ဆင့် ဖြစ်သွား တာကို စကားလုံးတစ်လုံးတည်းနဲ့ သုံးလိုက်တာနော်။ **'နိဗ္ဗိန္ဒတိ'** ဆိုတဲ့ စကားလုံးတစ်လုံးထဲမှာ သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ်, ဘင်္ဂဉာဏ်, ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်, မုဉ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ် ဆိုတာ အကုန်ပါသွားတယ်။

'နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ' တဲ့။ သာယာစရာ ရှာမတွေ့တော့ဘူးဆိုရင် မသာယာတော့လို့ပေါ့။ **'ဝိရဇ္ဇတိ'** ဆိုတာ တွယ်တာမှုတွေ ကင်းပြတ်သွားပြီတဲ့၊ ဒါကတော့ မဂ်စိတ်ပေါ်တာကို ပြောတာ၊ ကင်းပြတ်သွားမှာပေါ့။ နိဗ္ဗာန်ကို အာရုံပြုလိုက်ပြီလေ၊ မျက်စိကို

http://www.dhammadownload.com

အာရုံမပြုတော့ဘူး၊ အဆင်းကို အာရုံမပြုတော့ဘူး။ **"ဝိရာဂါ ဝိမုစ္စတိ"** တဲ့။ တွယ်တာမှု ပြတ်သွားလိုက်တာနဲ့ တပြိုင်နက် စိတ်ကလေးဟာ လွတ်သွားပြီလို့ဆိုလိုတယ်၊ အဲဒါပြီးတော့မှ လွတ်သွားပြီဆိုတာ ဖိုလ်စိတ်ဖြစ်တာကိုပြောတာ။

"ဝိမုတ္တသ္မိ ဝိမုတ္တမိတိ ဉာဏံ အဟောသိ" လွတ်သွားပြီဆိုတာ ကိုယ့်ဟာကိုယ် သိလိုက်တယ်၊ ကိုယ့်စိတ်လေး လွတ်သွားတယ်ဆိုတာ ကိုယ့်ဟာကို ခံစားသိရှိလိုက်ရတယ်ပေါ့။ အဲဒါဟာ ပစ္စဝေက္ခဏာဉာဏ် ဖြစ်ပုံကိုပြောတာ။

အဲဒီလို မြတ်စွာဘုရားက အသေးစိတ် တစ်ခုစီ တစ်ခုစီ ဟောလိုက်တဲ့အခါ ရှင်ရာဟုလာရဲ့ သန္တာန်မှာ ဝိပဿနာဉာဏ်တွေဟာ တစ်ခုပြီးတစ်ခု ရင့်ကျက်လာသည့်အတွက်ကြောင့် ပထမဝိပဿနာဉာဏ်ဖြစ်ပြီး **သောတာပတ္တိမဂ်, သောတာပတ္တိဖိုလ်**၊ ဒုတိယ ဆက်ပြီး ဝိပဿနာဉာဏ်တွေ ရင့်လာတဲ့အခါ **သကဒါဂါမိမဂ်, သကဒါဂါမိဖိုလ်**၊ နောက်ထပ် ဝိပဿနာ အဆင့်မြင့်လိုက်တဲ့အခါ **အနာဂါမိမဂ်, အနာဂါမိဖိုလ်**၊ အမြင့်ဆုံး ဝိပဿနာဉာဏ်တွေ ရင့်သန်သွားတဲ့အခါ **အရဟတ္တမဂ်, အရဟတ္တဖိုလ်**။ တရားနာရင်း မဂ်လေးပါး ဖိုလ်လေးပါး တစ်ခုပြီး တစ်ခု ရသွားတယ်တဲ့။

မြတ်စွာဘုရားက အခုလို မေးမေးပြီးတော့ ရှင်းလင်း ဟောကြားတဲ့အခါမှာ ရှင်ရာဟုလာ မထေရ်မြတ်ဟာ မြတ်စွာ

http://www.dhammadownload.com

ဘုရားဟောတဲ့ တရားအာရုံထဲမှာ သူရဲ့စိတ်အစဉ်လေးဟာ မျော်ပါပြီးတော့ အသိဉာဏ်တွေဟာ တဖွားဖွားဖြစ်ပြီး နောက်ဆုံးမှာ သူ့စိတ်လေးဟာ ကိလေသာ အာသဝေါတွေ ကုန်ခမ်းပြီး ရဟန္တာအဖြစ်ကို ရောက်သွားတယ်တဲ့။

ဒါကြောင့်မို့ သုတ်ရဲ့နိဂုံးမှာ **"ကွမသို့ ဝ ပန ဝေယျာကရဏာသို့ ဘညမာနေ အာယသွတော ရာဟုလဿ အနုပါဒါယ အာသဝေဟိ စိတ္တံ ဝိမုစ္စိ"** ရှင်ရာဟုလာရဲ့ စိတ်ကလေးဟာ အာသဝေါတရားတွေကနေ စွဲလန်းမှုကင်းစွာ လုံးဝလွတ်မြောက်သွားပြီတဲ့။

ပဒုမုတ္တရ မြတ်စွာဘုရားလက်ထက်တုန်းက ရှင်ရာဟုလာရဲ့ ဆုတောင်းဖော် ဆုတောင်းဖက် သူငယ်ချင်းတွေ မိတ်ဆွေတွေ၊ နတ်ပြည်, ငြဟ္မာ့ပြည် ရောက်နေကြတာတွေ ထောင်ပေါင်းများစွာရှိတယ်၊ သူတို့လည်း လာပြီး တရားနာရင်းနဲ့ အားလုံးဟာ သောတာပန်ဖြစ်တဲ့သူကဖြစ်, သဒါဂါမ်ဖြစ်တဲ့သူကဖြစ်, အနာဂါမ်ဖြစ်တဲ့ပုဂ္ဂိုလ်ကဖြစ်, ရဟန္တာဖြစ်တဲ့ပုဂ္ဂိုလ်ကဖြစ်၊ ထောင်ပေါင်းများစွာသော နတ်တွေငြဟ္မာတွေလည်း ရှင်ရာဟုလာနဲ့အတူ ကျွတ်တမ်းဝင်သွားကြပါတယ်။

ဒါကြောင့် တရားချစ်ခင် သူတော်စင်ပရိသတ်တို့၊ ရှင်ရာဟုလာ အခုကဲ့သို့ ကျွတ်တမ်းဝင်သွားပြီး သာသနာတော်မှာ ရဟန္တာအဖြစ်နဲ့ ဘယ်လောက်ကြာအောင် နေသွားတယ်ဆိုတာ

http://www.dhammadownload.com

မှတ်တမ်း မရှိဘူး၊ သို့သော် ခန့်မှန်းပြီး ပြောရမယ်ဆိုရင် ရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်မစ်ခင် ရှင်ရာဟုလာဟာ ပရိနိဗ္ဗာန်စံသွားတယ်တဲ့။ မိထွေးတော်ဂေါတမီကြီး ပရိနိဗ္ဗာန်စံပြီးမှ ရှင်ရာဟုလာ ပရိနိဗ္ဗာန်စံတယ်။

ဘယ်မှာ ပရိနိဗ္ဗာန်စံသလဲလို့မေးမယ်ဆိုရင် **တာဝတိံသာနတ်ပြည်**မှာ၊ ဘာဖြစ်လို့တုန်းဆိုလို့ရှိရင် သူငယ်ချင်းနတ်တွေ အဲဒီမှာရှိတယ်၊ ရှိတော့ သူတို့ဘုံဗိမာန်ကို ပင့်ထားတာလည်း ဖြစ်ကောင်းဖြစ်မယ်နော်၊ အင်မတန်မှထူးခြားတယ်။ ရှင်ရာဟုလာဟာ လူ့ပြည်မှာ ပရိနိဗ္ဗာန်မစံဘူး။ တာဝတိံသာနတ်ပြည်သွားပြီး ပရိနိဗ္ဗာန်စံတယ်၊ အဲတော့ သူ့ဓါတ်တော်တွေဟာ တာဝတိံသာမှာ ရှိကောင်းရှိနိုင်လိမ့်မယ်ပေါ့။ လူ့ပြည်မှာတော့ မရှိလောက်ဘူး။ မိထွေးတော် ဂေါတမီကြီးက ပရိနိဗ္ဗာန်စံခါနီးမှာပြောတယ် "သြော် ရာဟုလာတို့ အာနန္ဒာတို့ နန္ဒတို့ ပရိနိဗ္ဗာန်စံတာ၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတာ ငါတွေ့ရတော့မှာ မဟုတ်ဘူး"။ သို့သော် မိထွေးတော် ဂေါတမီ ပရိနိဗ္ဗာန်စံတဲ့အချိန်မှာ ရှင်ရာဟုလာတို့၊ ရှင်နန္ဒတို့က ရဟန္တာဖြစ်နေကြပြီ၊ ရှင်အာနန္ဒာက သောတာပန်ပဲ ရှိသေးတယ်၊ ဒါကြောင့်မို့လို့ ရှင်အာနန္ဒာက မိထွေးတော်ကြီး ပရိနိဗ္ဗာန်စံမယ်ဆိုတော့ ငိုတယ်၊ ငိုပြီးတော့ အသံအက်ကွဲကြီးနဲ့ "မိထွေးတော်ကြီး ပရိနိဗ္ဗာန်စံတော့မယ်၊ ကိုယ်တော်တို့ ကြွကြပါ"

http://www.dhammadownload.com

ဆိုပြီးတော့ လိုက်ပြီးနှိုးဆော်တယ်၊ ဒါ စာထဲပါတာတွေကို ပြောပြတာနော်။

မြတ်စွာဘုရားက ကဆုန်လပြည့်နေ့မှာ ပရိနိဗ္ဗာန်ပြုမယ် ဆိုတော့ ရှင်သာရိပုတ္တရာက တန်ဆောင်မုန်းလပြည့်နေ့မှာ ပြုမယ်၊ အဲဒီအခွံ့နှစ်မှာ ရှင်သာရိပုတ္တရာက သူ့ရဲ့အာယုသင်္ခါရကို ကြည့်လိုက်တဲ့အခါ သူ့အာယုသင်္ခါရ ကုန်နေပြီ၊ ကုန်နေတဲ့အခါ ဘာစဉ်းစားတုန်းဆိုလို့ရှိရင် "ရာဟုလာလည်း မရှိတော့ဘူး" တဲ့၊ ရှင်သာရိပုတ္တရာက ရာဟုလာပေါ်မှာ မြတ်နိုးတယ်ပေါ့နော်၊ "ရာဟုလာလည်း တာဝတိံသာနတ်ပြည်မှာ ပရိနိဗ္ဗာန်စံသွားပြီတဲ့၊ ကောဏ္ဍညမထေရ်မြတ်ကြီးကလည်း ဆဒ္ဒန်အိုင်မှာ ပရိနိဗ္ဗာန်စံသွားပြီတဲ့၊ ငါလည်း ပရိနိဗ္ဗာန်စံဖို့ ခုနစ်ရက်ပဲ ကျန်တော့တယ်" ဒီလိုပြောတဲ့စကား အဋ္ဌကထာထဲမှာ မှတ်တမ်းတင်ထားတာ ရှိပါတယ်။

အေး ဒါကြောင့်မို့လို့ တရားချစ်ခင် သူတော်စင်ပရိသတ်တို့၊ ရှင်ရာဟုလာမထေရ်မြတ်ဟာ ရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်မစံခင်၊ မြတ်စွာဘုရားပရိနိဗ္ဗာန်မစံခင် ပရိနိဗ္ဗာန်စံသွားတယ်လို့ ဒီလို မှတ်ကြရမှာဖြစ်ပါတယ်။ ရှင်ရာဟုလာရဲ့ဘဝနဲ့ ဆက်စပ်နေတဲ့ **ရာဟုလောဝါဒသုတ္တန်**တွေကို ကြားနာကြပြီး တို့တတွေလည်း တရားထူးတရားမြတ် ရဖို့ရာအတွက် သိရှိနားလည်အောင် ကျင့်ကြံကြိုးကုတ် အားထုတ်ကြရမှာဖြစ်တယ်လို့ ကိုယ်စီကိုယ်စီ

http://www.dhammadownload.com

သဘောကျပြီး ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူနိုင်ကြပါစေ
ကုန်သတည်း။

သာဓု ... သာဓု ... သာဓု



http://www.dhammadownload.com

http://www.dhammadownload.com